www.burmeseclassic.com

နိုး နိုး စာပေ



# အကြညဝောက်

## နွယ်ချို

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# နှယ်ချို



စာအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၀၉၉၁



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

အဖုံးဒီဇိုင်း - ကိုဆန်း

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။

အတွင်းဖလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - ကိုသန်းဌေး

ပုံနှိပ်ခြင်း - ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ။
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၈၀၀ ကျပ်

အကြည်တော်
နွယ်ချို / အကြည်တော် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၃
၁၄၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) နွယ်ချို

BURMESE CLASSIC .com



ငါတို့ယောက်ျားမနိုင်နိုင်
ချက်ကောင်းကို ကိုက်ထားပိုင်..
နင်တို့ယောက်ျားမရှုံးရှုံး..
အမွေးတစ်ထုံးနဲ့ ကိုယ်တုံးလုံး..

× × ×



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

လူအများက ပြောကြပါသည်။

ကမ္ဘာပေါ်၌ ကံအကောင်းဆုံးသော လူသားနှစ်ဦး ရှိပါသည်။

ထိုနှစ်ဦးမှာ အာဒမ်နှင့်ဧဝဖြစ်သည် ဆို၏။

စဉ်းစားကြည့်ပါ။

ကမ္ဘာဦးစ ဘာမှမရှိစဉ်ကာလ၌ လူနှစ်ဦးတည်းနေထိုင်ဖို့ ရာမှာ လွန်စွာခက်ခဲပေလိမ့်မည်။

ယခုလို လျှပ်စစ်မီးတို့၊ လပ်တော့(ပ်)တော့တို့၊ ဟမ်းဖုန်းမဆို ထားနှင့် မီးကိုပင်မမြင်ဘူး၊ သုံးဖို့စွဲဖို့ အပ်တိုတစ်ချောင်းပင်မရှိ။ ခြင် ထောင် စောင်ဆိုတာ ဝေလာဝေး၊ စားကောင်းသောအသီးက ဘယ် အရာ၊ ဘယ်အရာက မစားသင့်သောအသီးပင် မသိကြရှာသောသူ နှစ်ယောက် အဘယ့်ကြောင့် ကမ္ဘာ့ကံအကောင်းဆုံးဟု တညီတညာ တည်း သတ်မှတ်ကြသနည်း။

တစ်ခုသာ။

ယောက္ခမ,မရှိ၍ဖြစ်သည်။

မိတ်ဆွေ။ မစားကောင်းသောအသီးထက် ယောက္ခမက ပို ဆိုးကြောင်း အဘယ်ကြောင့်ဆိုကြသနည်း။





ဖြစ်နိုင်ပါသည် အဆွေ။

အဘယ်ကြောင့်ဆိုသော် ထိုနှစ်ယောက်မှာ မစားကောင်း သောအသီးကိုစား၍သာ ယောက္ခမဘဝ ရောက်ရသည်မဟုတ်ပါလား။

သူတို့နှစ်ဦးသည် ပထမဆုံးလူသားဖြစ်ခဲ့လျှင် ပထမဆုံး ယောက္ခမသည်လဲ သူတို့နှစ်ဦးပင် ဖြစ်ပေလိမ့်မည်။ သူတို့သည် ကမ္ဘာ ဦးက ယောက္ခမ။

ဘုရားသခင်၏ သတ်မှတ်ချက်အတိုင်း မစားမကောင်းသော အသီးက မစားခဲ့ပါက ဇဝပိုက်မကြီး။ ဗိုက်မကြီးက ကလေးမမွေး။ ကလေးမမွေးက ယောက္ခမဆိုတာကြီးလဲ ဖြစ်လာကြလိမ့်မည်မဟုတ်ပေ။

ထို့ကြောင့် အဆိပ်သီးကိုပင် ယုံယုံကြည်ကြည်စားရဲသော သူထက် မည်သူကများ ပိုဆိုးဦးမည်နည်း။

ကျွန်တော်လဲ သိချင်၍ လူသားမျိုးကို စတင်ပွားများစေသော အာဒမ်နှင့်ဧဝ (ကမ္ဘာပေါ်ပထမဆုံးသော ယောက္ခမ)ပုံများအား ပြ တိုက်၌ သွားရောက်ကြည့်ခဲ့ဖူးပါသည်။

သူတို့၏ဓာတ်ပုံများမှာ အဝတ်အစားများမပါ၍ ဘယ်အရာ က အာဒမ်၊ ဘယ်သူက ဧဝမှန်း မသိခဲ့ရပါ။ အဝတ်အစားနှင့်ဆိုလျှင် အထီးအမ ခွဲတတ်ပါသည်။

အကောင်းနှင့်အဆိုးမှာ အမြဲဒွန်တွဲလျက်ရှိကြောင်းကို အာ ဒမ်နှင့်ဧဝကိုကြည့်၍ ဆင်ခြင်မိပါသည်။

အဘယ်ကြောင့်ဆိုသော်

သူတို့နှစ်ဦးသည် ကမ္ဘာဦး၏ အချစ်သင်္ကေတဖြစ်ခဲ့သလို ယောက္ခမ၏နိဒါန်းလဲ ဖြစ်ခဲ့ပါသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



လူသားမျိုးနွယ် ပုံ့ပွားရေးကို မဆောင်ရွက်ကြသော လူပျိုကြီး အပျိုကြီးများကို လူအများ အပြစ်တင်ကြပါသည်။

ကမ္ဘာပေါ်တွင် ထိုသို့ တစ်ယောက်ကိုတစ်ယောက် စိတ်မဝင်စားသော လူပျိုကြီး အပျိုကြီးများသာ များပြားလာပါက မျိုးဆက်လဲ ထပ်မပွား၊ ကိုယ်တိုင်လဲ အိုသေကြမှာမို့ ကမ္ဘာပေါ်တွင် လူညွန့်တုံးရမည့်အရေးကို တွေးမြင်ကြတာ ဖြစ်နိုင်ပါသည်။

သို့သော် စိုးရိမ်စရာမရှိပါ။

လူပျိုကြီး အပျိုကြီးများလို မျိုးနွယ်ပုံ့ပွားရေးကို မဆောင်ရွက်သူများ ကမ္ဘာမှာရှိကြသလို၊ လူသားမျိုးနွယ် ပြန့်ပွားလွန်းအောင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူများလည်း ရှိပါသည်။ ဆိုကြပါစို့။

မြန်မာပြည်၌ မင်းတုန်းမင်းလိုမင်းမျိုးက မိဖုရားပေါင်း(၅၀၀) ခန့်ရှိခဲ့ကြောင်း၊ သမိုင်းမှတ်စာတချို့တွင် ဖတ်ရပါသည်။





ထို့အပြင် ထို(၅၀၀)မျှနှင့် မလုံလောက်ဘဲ သူစက်တော်ခေါ်တုန်း အခန်းရှေ့ ခြေသံကြားတိုင်း

"ဟော့ ဘယ်သူလဲ"

လှမ်းမေးတတ်၏။ ဒါကို ရံရွေတော်များက

"ကျွန်မပါရှင့်"

ဆိုလျှင် အသံသြကြီးဖြင့်

"ကျွန်မဆို ဝင်ခဲ့လေကွယ်၊ ဟီးဟီး"

လုပ်တတ်လွန်း၍ ကြာလာလတ်သော် ရံရွေတော်များ အနေခက်အိပ်ရေးပျက်လာကြ၏။

မင်းကြီးအခန်းရှေ့ ခြေဖွဖွမျှပင် မဖြတ်ရဲ။ ဖြတ်လျှောက်တုန်း ကြမ်းလေး 'ကျွီ'ခနဲကြားသည်နှင့် နားပါးသောမင်းကြီးမှ အသံသြကြီးဖြင့်

"ဟဲ့ ဘယ်သူတုန်း"

သူ၏အသံကြားလျှင် ရံရွေတော်များကလဲ မနေရဲ။ ဘုရင်ကိုး၊ဗျ။ ဒါကြောင့်

"ကျွန်မပါရှင့်"

"ကျွန်မဆို လာခဲ့ဦးကွယ့်၊ ဟဲဟဲ"

ထိပါများတော့ ရံရွေတော်များ တိုင်ပင်ကြရ၏။ မင်းကြီး၏အခန်းတွင်း မဝင်ရအောင် မည်သို့ပြုရမည်ကို ခေါင်းချင်းဆိုင်ကြရ၏။ နောက်ဆုံး အဖြေတစ်ခုထွက်လာသည်။ စွန့်စားမှုတစ်ခုပင်။ ထိုအရာကား မင်းကြီးအခန်းရှေ့ ခါတိုင်းလို ခြေဖွမနင်းတော့ဘဲ ခြေသံခပ်ပြင်းပြင်းနှင့် တဒုန်းဒုန်းလျှောက်သည်။

မင်းကြီးက ထိုခြေသံကြားသော်

"ဟဲ့ ဘယ်သူတုန်း၊ ခြေသံနှယ်ပြင်းလိုက်တာ"

ဆိုသော် ရံရွေတော်မှ အသံကိုဖျက်ပြီး

www.burmeseclassic.com



"ကျွန်တော်ပါမင်းကြီး"

ထိုအခါမင်းကြီးလဲ စိတ်မသက်မသာအသံကြီးဖြင့်

"ကျွန်တော်ဆိုသွား ကျွန်တော်ဆိုသွား"

ဆိုကာမှ ရုံရွှေတော်ခမျာ သက်ပြင်းချ၍ လွတ်လပ်စွာ သွားရလေတော့၏။

ထိုအကြံအောင်မြင်သောအခါ ရုံရွှေတော်အားလုံးလဲ မင်းကြီးအခန်းရှေ့ဖြတ်တိုင်း ခြေကျင်းများဝတ်၍ ခြေသံပြင်းပြင်းနှင့် လျှောက်ကြသည်။ မင်းကြီးအသံကြားတိုင်း

"ဘယ်သူတုန်း"

"ကျွန်တော်ပါ"

"ကျွန်တော်ဆို လစ်ချင်တာသာ လစ်လိုက်တော့"

နောက်တစ်ယောက်လဲ မင်းကြီးအခန်းရှေ့ ခြေသံပြင်းပြင်း လမ်းလျှောက်တိုင်း

"ဘယ်သူတုန်းဟ"

"ကျွန်တော်ပါဆို"

"ဒီလိုလုပ်ပါလား"

"ဗျာ"

"လစ်ချင်သလိုသာ လစ်လိုက်တော့"

ဤသို့ဖြင့်

မန္တလေးသူများသည် "ကျွန်တော် ကျွန်တော်"နှင့်ပြောတတ်သောအမူအကျင့်နှင့် ခြေကျင်းဝတ်သော အလေ့အထ ထိုအချိန်မှ စသည်ဟူ၏။ (မယုံရင် ပုံပြင်မှတ်ပါဗျ)

× × ×





သမိုင်းနှင့်ချီ၍ သာဓက ထပ်ပြရပါဦးမည်။

ရနောင်မောင်မောင်တုတ်လဲ သီပေါဘုရင်ကို ဤသို့ဆိုဖူးသည်။

"မင်းကြီး မင်းကြီးက မိန်းမတစ်ယောက်တည်း ယူထားတာကိုးဗျ၊ ကျုပ်လို မိန်းမအများကြီးယူထားရင် ဘာပြဿနာမှ ဖြစ်မှာ မဟုတ်ဘူး"၊

ရနောင်မောင်မောင်တုတ်မှာ တရားဝင်မယားပေါင်းတစ်ရာကျော်ရှိသည်ဟူ၏။

"မင်းကြီးရဲ့ မိန်းမဆိုတာ တစ်ယောက်တည်းယူထားမှသာ ယောကျ်ားကို ဂရုစိုက်ပြီး ပြဿနာရှာတာ၊ မိန်းမများများသာ ယူထား



www.burmeseclassic.com

www.burmeseclassic.com



ရင် ယောကျ်ားဖက် မလှည့်နိုင်တော့ဘူး၊ သူတို့အချင်းချင်းသာ လှည့်ပတ်ပြဿနာရှာရင်းနဲ့ လုံးလည်ချာလည်လိုက်ပြီး ယောကျ်ားက အေးဆေးဖြစ်ရော"

ရနောင်မောင်မောင်တုတ်၏ အတွေးလဲ မှန်ပေလိမ့်မည်။ (သူက ကိုယ်တွေ့ကိုး ဗျ)

မိန်းမများသည် တစ်ယောက်တည်းရှိချိန်၌သာ ယောကျ်ားဖြစ်သူအား ရန်ရှာရန် သတိရကြပြီး နှစ်ယောက်ရှိပါက မိမိယောကျ်ားဖြစ်သူဖက် မလှည့်ဖြစ်ကြတော့။ သူတို့အချင်းချင်း (သူတို့မှအခြားကို) အတင်းတုတ်ရန်သာ ရည်ရွယ်လိုက်ကြ၍ ဖြစ်သည်။ (မယုံရင် ဒီစာဖတ်နေသူက မိန်းမဖြစ်ရမယ်။)

သို့သော် ထိုကဲ့သို့ စွမ်းစွမ်းတမံ ဆောင်ရွက်သူများ သတိထားရမည်ကား ကျွန်တော်တို့မျိုးနွယ်များကို အုပ်ချုပ်မင်းလုပ်ခဲ့သော ဘုရင်တစ်ပါးလို အင်္ဂါစပ်ပုပ်ကြွေမသေစေရန်တော့ သတိထားရပေမည်။

သူ့ခမျာ တရုတ်ပြည်က အပျိုစင်ဆိုပြီး မိန်းမပျက်သုံးယောက်ကို ပို့ပေးလိုက်သည်ကိုလဲ ယူတာပါပဲ။ (တရုတ်က အဲဒီကတည်းက မွှေတာ)

ဘယ်ဘုရင်လဲတော့ မပြောတော့ပါဘူး။

× × ×





ဆိုကြပါစို့။

လောက၌ လူသားမျိုးနွယ် ပြန့်ပွားရေးကို ဟန့်တားနေသော အပျိုကြီး လူပျိုကြီးများလို လူများရှိသလို၊

လူသားမျိုးနွယ် ပြန့်ပွားမှုကောင်းအောင် မတန်တဆ စွမ်းစွမ်းတမံ ဆောင်ရွက်နေသူများလဲ လောက၌ များစွာရှိပါသည်။

လူပျိုကြီး၊ အပျိုကြီးများသည် မရှိသောယောက္ခမများအား တွေးပြီး ကြောက်ကြပါသည်။

လူသားမျိုးနွယ် လျင်မြန်စွာ ပြန့်ပွားစေသူများမှာတော့ ယောက္ခမကိုပင်ကြောက်ရန် အချိန်လုံးဝ မရှိကြပေ။

ယခု ကျွန်တော်ပြောပြမည့်သူမှာ ထိုသို့သူမျိုးပင် ဖြစ်ပေလိမ့်မည်။

စိတ်ဝင်စားက ဆက်လက်ရှုစားပါ။ ဘာလို့လဲဆိုတော့. .

ဒါဟာ ယောက္ခမ မကြောက်နည်းလဲ ဖြစ်နိုင်ပါတယ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



တဖျတ်ဖျတ်နှင့် ကိုယ့်ခြေသံသာကိုယ် ရှင်းရှင်းလင်းလင်း ပြန်ကြားနေရသည်။

ဒီလိုအချိန်မျိုး၌ ကျန်းမာရေးအတွက် အပြေးလေ့ကျင့်ရတာ အကောင်းဆုံး။ ရာသီဥတုကလဲ နှင်းများတဖွဲဖွဲနှင့် ဖြူမွဲနေသည်။

မိမိအရှေ့ လက်တစ်ကမ်းအကွာကိုကြည့်ရတာကိုက မသဲကွဲ။

ရာသီဥတုက နှင်းကြောင့် စိမ့်စိမ့်ပြီးအေးနေသော်လည်း ပြေးလာသောအချိန်ကြောင့် ခန္ဓာကိုယ်က နွေးနေသည်။

ချွေးများစို့လာအောင် ပုံမှန်ခြေလှမ်းကို မြှင့်တင်လိုက်စဉ်

"ကျွီ"

"ဟာ"





လမ်းတစ်ဖက်မှ အရှိန်ပြင်းပြင်းဖြတ်လာသော ကားတစ်စီး၏မီးရောင်။

ထိုလမ်းကွေ့လေး၌ပင် နှင်းများကြောင့် ကားကိုမမြင်ဘဲ ဖြတ်လာသော မိန်းမပျို။

"ဟိတ် ကား ကား ကား"

သူ၏အော်သံကျယ်ကျယ်။

အော်သံကြောင့် လမ်းလယ်မှမိန်းမပျို ကြောင်ပြီးရပ်နေသည်။

အရှေ့ကို ကောင်းမွန်စွာမမြင်ရဘဲ အရှိန်ပြင်းပြင်းမောင်းလာသောကား။

"အား"

"ဟာ"

မိန်းမပျို၏ ကြောက်လန့်တကြားအော်သံကြောင့် သူ ခြေလှမ်းကို အရှိန်ပိုမြှင့်လိုက်သည်။ ကြောက်လန့်တကြားမို့ ခလုတ်တိုက်ပြီး မှောက်အလဲ။

"ဟိတ်"

"ဟာ"

သူ မိန်းကလေးကို ပြေးပွေ့သလိုဖြစ်ပြီး လမ်းတစ်ဖက်ဆီ လဲကျသွားသည်။

"ကျွီ"

ထိုတော့မှ သတိထားမိသော ကားလေးက သူတို့နှစ်ယောက်ကို ပွတ်ကာသီကာကျော်ရင်း ခပ်လှမ်းလှမ်းသွားရပ်သည်။

သူ၏ရင်ခွင်ထဲမှာတော့ တုန်ယင်နေသော မိန်းမပျို။

လှပသော သူ၏မျက်လုံးများက ကြောက်ရွံ့မှုကို ဖော်ညွှန်းနေသည်။

သူ၏နှလုံးခုန်သံကလဲ တဒိတ်ဒိတ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်နှင့်သူ့ကိုယ်ဆိုလျှင် ဤကဲ့သို့
သူရဲကောင်း ဆန်စွာပြုဖို့မဆိုထားနှင့်၊
သွေးရဲရဲ သံရဲရဲမြင်လျှင်ပင်
ထွက်ပြေးမိပေလိမ့်မည်။

"ကလစ်"

ကားဆီမှ တံခါးဖွင့်သံလို ကြားရသည်။

နောက်. .

"ဝူး"

"ဟာ"

သူထင်သလို မဟုတ်၊ ကားလေးက အရှိန်ခပ်ပြင်းပြင်းသာ မောင်းထွက်သွားလေတော့သည်။

သူခလုတ်တိုက်မှောက်လျက်လဲပြီး ပြေးပွေ့မိသောမိန်းမပျိုကို တောင်းပန်ရမလား။ ထွက်သွားသောကားကို ဒေါသထွက်ရမှန်း မသိ။ သို့သော် ခပ်တည်တည်ဖြင့်

"တောက်"

ကိုယ်တိုင်ခံစားရသူ မဟုတ်ငြား၊ မကျေမနပ်ပုံစံဖြင့် တောက်ခတ်လိုက်သည်။ နောက် ရင်ခွင်ထဲက မိန်းမလှလေးကို ပြန်ငုံ့ကြည့်ရင်း

"ဘာ ဘာဖြစ်သွားသေးလဲဟင်"

မိန်းကလေးက တုန်ယင်စွာဖြင့် ပြန်မော့ကြည့်ရင်း ခေါင်းကို ခပ်သွက်သွက်ခါကာ

"ဟင့်အင်း"





ပြီးနောက် မျက်လွှာကိုချ၍

"လန့်သွားတာပါ"

သူ မိန်းမလှလေးပခုံးကို မလွှတ်မိသေး။ သူ့ကို မိန်းကလေးအပေါ် မှောက်လျက်လဲအောင်လုပ်သော ကျောက်ခဲကို ကျေးဇူးတင်စွာ ပြန်ကြည့်မိသေး၏။ ထိုကျောက်ခဲကြောင့်မဟုတ်လျှင် ကောင်မလေးပေါ် အရှိန်လွန်မှောက်လဲမည်မဟုတ်။ မှောက်မလဲလျှင် ဤသို့ ကြုံရမည်မဟုတ်။ သူ့စိတ်နှင့်သူ့ကိုယ်ဆိုလျှင် ဤကဲ့သို့ သူရဲကောင်း ဆန်စွာပြုဖို့မဆိုထားနှင့်၊ သွေးရဲရဲ သံရဲရဲမြင်လျှင်ပင် ထွက်ပြေးမိပေလိမ့်မည်။ ယခုတော့ ကျောက်ခဲတစ်လုံးကောင်းမှုဖြင့်၊ အခြေအနေက လှပနေပေပြီ။

ဝမ်းသာစိတ်ကိုမြိုသိပ်ရင်း မောင်းထွက်သွားသော ကားကို မကျေမနပ်လှမ်းကြည့်ကာ

"တောက် အတော်လူမှုရေးခေါင်းပါးတဲ့သူပဲ"

မိန်းမပျိုက သူ့ကို အားကိုးတကြီး မော့ကြည့်သည်။ ပြီးနောက် သူ့မပခုံးကိုဖက်ထားသော လက်ကို မသိမသာရုန်းရင်း

"ကျေးဇူး ကျေးဇူးပါပဲနော်"

သူပြန်ငုံ့ကြည့်သည်။ နောက်မှ ပျာပျာသလဲနှင့် လက်ကိုဖယ်ပြီး

"ဪ ဟုတ်ကဲ့ပါ၊ ကျွန်တော့်နာမည် ထူးနိုင်ပါ"

ကောင်မလေးက ပြုံးပြီး

"နှယ်လို့ခေါ်ပါတယ်၊ မြရီနှယ်ပါ"

ခင်မင်ရင်းနှီးမှုကို ချက်ချင်းဖြစ်စေပါသည်။

"ဒီနားနေတာလား"

နှယ်က ထူးနိုင်ကိုပြန်ကြည့်ပြီး

"အင်း ဟုတ်တယ်၊ မနက်မနက် ဒီမှာပြေးနေကျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ကျွန်တော်လဲ မနက်တိုင်း ဒီမှာပြေးနေကျပဲ၊ မတွေ့ဖြစ်ဘူးနော်"

ကောင်မလေးက ခေါင်းငုံ့ပြုံးရင်း

"သတိမထားမိတာ နေမှာပါ"

ထိုအဖြေသည် သူမက သတိထားမိနေကြောင်းကို ပေါ်လွင်စေပါသည်။ ထူးနိုင်ပြုံးလိုက်သည်။

"ကဲ ဒါဖြင့်လဲ ဆက်သွားလိုက်ဦးမယ်နွယ်၊ မနက်ဖြန်ကျတော့ ထပ်ဆုံကြတာပေါ့"

နွယ်က ကြည်နူးစွာပြုံးရင်း

"ဟုတ်"

နှစ်ယောက်သား လမ်းမခွဲချင်ဘဲ ခွဲခဲ့ရသည်။

ပထမ ပြေးယောင်ပြုပြီး ခုနနေရာပြန်ပြေးလာကာ ခလုတ်တိုက်ခဲ့သော ကျေးဇူးရှင်ကျောက်ခဲကို ပြန်ကောက်လိုက်သည်။ နောက်တခြားသူများ မြင်သွားလေမလားဆိုပြီး ဘေးဘီဝဲကြည့်လိုက်သေး၏။ ဘယ်သူမှ မရှိတော့မှ ကျောက်ခဲကို "ကကျွပ် ကကျွပ် ကကျွပ်" နှင့် အားရပါးရ အာဘွားရှလူးကာ အိတ်ထောင်ထဲ ထည့်လိုက်မိသည်။ နောက် ခြေလှမ်းကို ပြန်စလိုက်သည်။

ထူးနိုင်၏စိတ်ထဲမှာတော့ ယခု သူပြေးနေသော ခြေလှမ်းများလို ရင်ကို တဖျတ်ဖျတ် ဖြစ်စေသည်။

× × ×





"တီတီတီ တီတီတီ"

အိပ်စင်ဘေးနာရီမှ အချက်ပေးသံမြည်လာသည်။

သူဇာချို အိပ်ချင်မူးတူးနှင့် နာရီကိုယူကြည့်လိုက်၏။

"၅း၄၀"

"ဟင်"

၆း၃၀တွင် ခရီးထွက်မည့်အဒေါ်ထံမှ ငွေလွှဲယူရမည်ကို သတိရမိ၏။ ထိုငွေမှ မယူထားလျှင် တစ်နှစ်စာခန့်တော့ ထမင်းငတ်သွားနိုင်သည်။ အဒေါ်က နိုင်ငံခြားသွားမှာကိုး။

ထို့ကြောင့် အိပ်ရာက ကမန်းကတန်းထ၍ သန့်ရှင်းရေးလုပ်ပြီး ကားကို ကမန်းကတန်း မောင်းထွက်လိုက်ရသည်။

အပြင်မှာ နှင်းများကလဲ မသဲကွဲသေး။

မြင်ရစေရန် ကားဝိုက်ဘာကို ဖွင့်လိုက်သည်။ ဘာမှသိပ်မထူးခြား၊ နှင်းကွဲမီးကို ထပ်ဖွင့်လိုက်သည်။ ဒါလဲ ရှေ့တစ်လံအပြင်ပိုမမြင်ရ။ ကားကိုလဲ အချိန်မမီမှာစိုး၍ အရှိန်မလျှော့ရဲ။



www.burmeseclassic.com

www.burmeseclassic.com



“ကလင် ကလင် ကလင်”

ဖုန်းမြည်သံ။

“အဲ ပုတု”

ကားကို ဂရုတစိုက် မောင်းနေရာမှ ဖုန်းမြည်သံကြား၍ လန့်သွားမိသေး၏။ နောက်မှ ဖုန်းကိုကြည့်လိုက်တော့

“ဟင် ဒေါ်လေးဆက်တာပဲ”

ဆိုကာ ဖုန်းကိုင်လိုက်သည်။

“ဟယ်လို ဒေါ်လေး”

“ဟဲ့ သူဇာချို မလာသေးဘူးလား၊ ငါလေဆိပ်ကို ဆင်းတော့မှာ”

“လာပြီဒေါ်လေး လာပြီ၊ နှင်းမကွဲသေးလို့ လာပြီ”

ဆို၍ ကမန်းကတန်း အရှိန်မြှင့်လိုက်စဉ်

“ဟင်”

သူ့ကားဘေးမှဖြတ်သွားသော ယောက်ျားပျိုတစ်ယောက်၏ ပုံရိပ်။ သူငေးကြည့်စဉ် . .

“ဟာ”

မလှမ်းမကမ်း ကားရှေ့မြင်လိုက်ရသော အရိပ်တစ်ခု။

“အောင်မလေး”

လန့်ပြီး ဘရိတ်အုပ်လိုက်မိသည်။ တစ်ဖက်လမ်းမှ အလောတကြီးပြေးလာသော ခုနယောက်ျားပျိုတစ်ယောက်။

“ဟိတ်”

“ဟာ”

“ကျွိ”

သို့သော်

× × ×





ရုတ်တရက် ဘာဖြစ်လို့ ဖြစ်သွားမှန်းမသိ။ ခုနကားလမ်းပေါ်က မိန်းကလေးကို သူတိုက်ခဲ့မိပြီလား သူမသိ။ ကတုန်ကယင်နှင့် သူ အနောက်ကို ပြန်ကြည့်မိသည်။

“ဟင်”

သူ့ကို ခပ်စိမ်းစိမ်းစိုက်ကြည့်နေသော ခုနက ယောက်ျားပျို။ ထိုယောက်ျားပျို၏ ရင်ခွင်ထဲမှာမှ ကားရှေ့ကမိန်းကလေး။

ဘာလုပ်ရမှန်းမသိ။ မောင်းပဲထွက်ရမလား။ ဆင်းပဲကြည့်ရမလား မသိ ဝေခွဲမရ ဖြစ်နေမိသည်။

နောက်ဆုံး ကားပေါ်မှဆင်း၍ သွားမေးမည် စိတ်ပိုင်းဖြတ်ပြီး ကားတံခါးဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလစ်"

ထိုစဉ်မှာပင်

"ကလင် ကလင် ကလင်"

"ဟင်"

ဒေါ်လေး၏ဖုန်း။ ယောင်ရမ်းပြီး ဖုန်းကိုကိုင်လိုက်သည်။

"ဟယ်လို"

"ဟဲ့ သူဇာချိုမလာသေးဘူးလား၊ ငါလေယာဉ်မမီ ဖြစ်တော့မယ်"

ထိုအသံကြားပြီး သူလဲ လတ်တလောကိစ္စများမေ့ကာ

"လာပြီ ဒေါ်လေး လာပြီ"

ဆိုကာ ကားကို ဝူးခနဲ မောင်းထွက်မိသည်။

သူ၏စိတ်တွင် ကပ်ပါလာသည်က ခပ်စိမ်းစိမ်းကြည့်နေသော ယောက်ျားပျို၏မျက်လုံး။

× × ×





သူဇာချိုကားမောင်းနေရင်း စိတ်မဖြောင့် ဖြစ်နေမိသည်။ ဒေါ်လေးနှင့်တွေ့ရမည့်ကိစ္စအားလုံး ပြီးသော်လည်း အိမ်မပြန်နိုင်သေးဘဲ သတိလက်လွတ် ကားလျှောက်မောင်းနေမိသည်။

နှင်းမကွဲချိန်က ဖြစ်ခဲ့သောကိစ္စ။ စိတ်ထဲက မပျောက်ပစ်နိုင်သေး။

စိမ်းစိမ်းကားကားကြည့်နေသော ယောက်ျားပျိုမျက်လုံး။

"ဘာဖြစ်သွားတာလဲ၊ ဘာဖြစ်သွားသေးလဲ"

တွေးရင်း ချွေးများပင် စို့ချင်သည်။

"အကယ်၍များ တစ်ခုခုများဖြစ်သွားခဲ့ရင်"

တွေးရင်း ကြောက်လန့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာပဲ ရဲများရောက်နေပြီလား။ ဒါမှမဟုတ် သူ့ကိုပဲ ပိုက်စိပ်တိုက်လိုက်ရှာနေကြပြီလား။ သူမဝေခွဲနိုင်။

ငယ်ငယ်ရွယ်ရွယ်နှင့် အမှုအခင်းများကို သူရင်မဆိုင်ချင်သေး။

နောက်ဆုံးတော့

"ဘာပဲဖြစ်ဖြစ် ပြဿနာဖြစ်ခဲ့တဲ့နေရာ သွားကြည့်လိုက်တာ အဖြေရှင်းမှာပါ"

ဟု စိတ်ပိုင်းဖြတ်ပြီး မနက်က အက်ဆီးဒင့်ဖြစ်ခဲ့သည့် နေရာဖက်သို့ ကားကိုကွေ့လိုက်သည်။

"ပြေးသင့်လဲ ပြေးရတာပေါ့"

စိတ်ပိုင်းဖြတ်ရင်း. .

× × ×





မနက်ဖြစ်ခဲ့သော လမ်းဝရောက်တော့ လမ်းထဲ သူ ရုတ်တရက်မဝင်ရဲ။ ဝင်သွားလိုက်မှ အခင်းဖြစ်ခဲ့သည့်နေရာ၌ လက်ပူးလက်ကြပ်ဝင်တိုးမိသလိုဖြစ်မှာ သူစိုးနေမိသည်။

ထို့ကြောင့် ရင်တထိတ်ထိတ်နှင့် ကားကို ဘီးလှိမ့်ရုံလှိမ့်ရင်း ခပ်ဖြည်းဖြည်းမောင်းဝင်လိုက်သည်။

လမ်းကလေးက မနက်ခင်းနှင်းကွဲသလို မဟုတ်တော့။ ဖြတ်သွားဖြတ်လာများနှင့် စည်စည်ကားကား။

သူအကြံရသွားသည်။

"ဟုတ်ပြီ၊ အထဲထိမသွားသေးဘဲ တစ်နေရာရာမှာ ဝင်စုံစမ်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတွေးမိပြီး အနည်းငယ်သန့်ပြန့်ပြီး လူစုံနိုင်သော လက်ဖက်ရည်ဆိုင်တစ်ခုသို့ ကားကို သူ ချိုးကွေ့ဝင်လိုက်သည်။

"အို"

ထင်မှတ်မထားသောမြင်ကွင်း။ သူ ကားပေါ်၌ပင် ကြက်သေသေ၍ ငြိမ်ထိုင်နေမိသည်။

သူမြင်နေရသည်က နှင်းမကွဲခင်က သူ့ကို မျက်လုံးစိမ်းနှင့် ကြည့်နေသောယောက်ျားပျို။

အဝတ်အစားပင် မလဲရသေးဘဲ အေးအေးလူလူ လက်ဖက်ရည်ထိုင်သောက်နေခြင်းပင်။

သူ ဇဝေဇဝါ ဖြစ်နေမိသည်။

ကားပေါ်ကဆင်းမေးလျှင် ကောင်းမလား၊ လှည့်ပြန်ရ ကောင်းမလား စဉ်းစားနေမိသည်။

ထိုယောက်ျားပျိုကတော့ သူ့ကိုမမြင်သေး။

သူစိုးရိမ်ပြီး ကားစက်ကိုပြန်နှိုးရန် ပြင်သည်။ ထိုသို့ဆိုလျှင်လဲ အခြေအနေအမှန်ကို သူသိရတော့မည်မဟုတ်။ အခြေအနေမှန်မသိရလျှင် အမြဲတမ်း စိတ်တထင့်ထင့်နှင့် ဖြစ်နေရတော့မည်။ ဘယ်တော့မှ နေလို့ထိုင်လို့ စိတ်သက်သာရာရတော့မည်မဟုတ်။ ထို့ကြောင့်

"ဘာပဲဖြစ်ဖြစ် လာမယ့်ဘေး ပြေးတွေ့လိုက်တာ ကောင်းမယ်"

ဟုစိတ်ပိုင်းဖြတ်ပြီး ကားတံခါးကို ဖွင့်ဆင်းလိုက်မိသည်။

× × ×





ထူးနိုင် မနက်က အဖြစ်အပျက်များတွေး၍ လက်ဖက်ရည်ကို ဇိမ်နှင့်ထိုင်သောက်နေမိသည်။

ရုတ်တရက်ဖြစ်သွားသော အက်ဆီးဒင့်။ ရင်ခွင်ထဲ သူ့ကို အားကိုးတကြီး မော့ကြည့်နေသော မိန်းမလှလေး။ မြရီနွယ်တဲ့။

သူတွေးရင်း အက်ဆီးဒင်းနှင့် ဖြစ်စေသောကားကိုပင် ကြိတ်၍ကျေးဇူးတင်နေမိသည်။ ထို့ကြောင့် ကြည်နူးစွာပြုံးရင်း

"ကျေးဇူးပါပဲ ကားရှင်ရယ်၊ ခင်ဗျားကို ဘယ်လိုကျေးဇူးတင်မှန်းကိုမသိဘူး"

သူတွေးနေတုန်းမှာပင်

"ဒီမှာ"

ခေါ်သံတစ်ခု။ သူမော့ကြည့်မိသည်။

× × ×



www.burmeseclassic.com

"ဟာ"

ထူးနိုင် အံ့အားသင့်လွန်း၍ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိသည်။

သူ့အမြင်အာရုံတွင် အလွန်လှသောမိန်းမပျိုတစ်ဦး။ သူ့နားတွင်ရပ်၍ စိုက်ကြည့်နေသည်။ သူမကသာ ဆက်၍

"ထိုင်လို့ရမလား"

"ဟင်"

နံဘေးနားတွင်လဲ ခုံလွတ်များရှိနေပါလျက် ဘာကြောင့် သူ့ခုံကိုခွင့်တောင်းနေမှန်း သူမသိ။

သူ အလိုလိုနေရင်း ခေါင်းညိတ်မိသည်။

မိန်းမပျိုက ကြုံ့ကြုံ့ရုံ့ရုံ့နှင့် သူ့ရှေ့ဝင်ထိုင်သည်။

"အတော်လှတဲ့ မိန်းကလေးပဲ"

ကောင်မလေးကိုကြည့်၍ သူ ရင်တထိတ်ထိတ် ခုန်နေမိသည်။





ယခုအချိန်ထိ ထိုမိန်းကလေး ဘာကြောင့် သူ့ရှေ့ရောက်နေသည်ကို မသိရသေး။

ကောင်မလေးက ရက်ရွဲ့ဟန်ဖြင့် နားပေါ်ဖုံးကျနေသော ဆံနွယ်စကိုသပ်ရင်း

"ကျွန်မနာမည် သူဇာချိုပါ"

သူလဲ မဆိုင်းမတွပင်

"ကျွန်တော်က ထူးနိုင်ပါ"

သူမက ခေါင်းညိတ်သည်။ အတန်ကြာ စကားသံမကြားရ။ ထူးနိုင် ရင်ခုန်သံမြန်စွာနှင့် သူဇာချိုဆိုသော မိန်းမလှလေးကို ငေးနေမိသည်။ အတန်ကြာမှ သူမက

"မနက်ကကိစ္စကို တောင်းပန်ပါတယ်"

"ဗျာ"

ကောင်မလေးစကားကြောင့် သူ ရုတ်တရက် မစဉ်းစားတတ်။

ယခုပင် မနက်ပဲရှိသေးသည် မဟုတ်လား။ ဒါကို ကောင်မလေးက ကိုယ်ကိုရှို့ပြီး

"ဟိုလေ မနက်က ကားအက်ဆီးဒင့်ကိစ္စ"

"ဩော်"

ထိုတော့မှ ထူးနိုင်သတိရသွားသည်။ မနက်က မြရီနွယ်ကို တိုက်မိမလိုဖြစ်သောကားမှာ သူမကားပင်ဖြစ်လိမ့်မည်။

"အဲ အဲဒါ ဘာဖြစ်သွားလဲဟင်"

ကောင်မလေးအမေးကို ထူးနိုင်ရင်ကော့ပြီး

"ဘာမှတော့မဖြစ်ပါဘူး၊ အဲ ကျွန်တော်မှမရှိရင် ကားက ဟိုတစ်ယောက်ကို တကယ်တိုက်သွားနိုင်တယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ချိုလဲသိတယ်"

ထိုစကားကြောင့် ထူးနိုင် ပိုအားတက်သွားသည်။ မိန်းမလှ



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ဘဝမေ့သွား၏။
ခုန စိတ်ကူးယဉ်ထဲက
မိန်း ကလေးကိုပင်
မှိုချိုးမျှစ်ချိုး
ပြောပစ်လိုက်သည်။

လေးရှေ့မှာကိုး။ အမှန်တော့ ခလုတ်တိုက်ပြီး မှောက်လျက်လဲခဲ့တာ။ ထိုအတိုင်း ပြောလို့မှ မဖြစ်တာကိုး။ ထို့ကြောင့် ရင်ကိုကော့၍

"အင်း ဟုတ်တယ်၊ ချိုကားကို အရှိန်နဲ့မောင်းလာတာ တွေ့တယ်၊ အရှေ့မှာလဲ မိန်းကလေးက တောသူလေးလား မသိပါဘူး"

ချက်ချင်းပင် ဘဝမေ့သွား၏။ ခုန စိတ်ကူးယဉ်ထဲက မိန်းကလေးကိုပင် မှိုချိုးမျှစ်ချိုးပြောပစ်လိုက်သည်။

"သူကလဲ လမ်းဖြတ်ကူးဖို့အလုပ်မှာ ကားကိုတွေ့တော့ ကြောင်ပြီးရပ်နေတာ၊ အဲဒါ ကိုယ်ကပဲသိလို့ ကားထက်ကြောအောင် ပြေးပြီး"

အမှန်တော့ ကားထက်တော့ ဘယ်လိုမှ သူမကြောနိုင်။ သို့သော် မိန်းမလှလေးရှေ့ သူကိုယ်သူ စူပါမင်းပင် ထင်နေမိ၏။

"ကားနဲ့ထိဖို့ နှီးတစ်ပြားအလိုလောက်မှ ကိုယ်လဲ သေချင်းသေ ကိုယ်ပဲ သေပါရစေ၊ အပြစ်မဲ့သူတော့ မသေစေရဘူးဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ နှစ်ပတ်ကျွမ်းထိုးပြီး ကယ်ခဲ့ရတာ၊ ဟူး လွယ်တယ်တော့ မဟုတ်ဘူးပေါ့"

ကောင်မလေးက သူ့ကို လေးစားအားကျဟန်နှင့်ကြည့်သည်။ ပြီးမှ စိုးရိမ်ဟန်ဖြင့်

"ဘာ ဘာမှတော့ မဖြစ်ဘူးပေါ့နော်"





ထူးနိုင်က ပိုင်ပိုင်ကြီးပြုံးပြီး

"ဘာမှမဖြစ်ပါဘူး၊ ပွန်းပဲ့ရာတောင် မရှိလိုက်ဘူး၊ ကိုယ်တော်လို့လေ"

သူဇာချို စိတ်အေးသွားဟန်ဖြင့် သက်ပြင်းချသည်။

"သူ့ကိုလေ သိပ်ကျေးဇူးတင်တာပဲ သိလား၊ သူသာမကယ်ရင်"

ထူးနိုင်ကလဲ အရေးမကြီးဟန်ဖြင့်

"ရပါတယ်၊ ကိုယ်က မျက်စိရှေ့မှာ ဒုက္ခရောက်နေရင် မနေနိုင်ဘူးလေ၊ ဟဲဟဲ"

နှစ်ယောက်သား လွတ်လပ်စွာ ရယ်မိကြသည်။ သူဇာချိုက ဘေးဘီဝဲ့ကြည့်ရင်း

"ဒီဆိုင်မှာ အမြဲထိုင်တတ်လား"

ထူးနိုင်က ခေါင်းညိတ်ကာဖြင့်

"အင်း မနက်ခင်းပိုင်းဆို ကျန်းမာရေးအနေနဲ့လေ့ကျင့်တယ်လေ၊ ပြီးရင် ဒီရောက်ရင်နားပြီး မနက်စာစားတာပေါ့"

သူဇာချိုက လိုက်ပြုံးပြီး

"ဒါဆိုရင်တော့ အတော်ပဲ၊ ချို့အိမ်က ဒီနားမှာပဲလေ၊ မနက်စာအတူလာစားကြတာပေါ့"

ထူးနိုင် ထခုန်မိမတတ် ဖြစ်သွားသည်။ မိန်းမလှတစ်ဦးနှင့် နေ့စဉ်မနက်စာစားရတော့မှာကိုး။ ထို့ကြောင့် ဟန်ပင်မဆောင်နိုင်ဘဲ

"ကောင်းတာပေါ့၊ မနက်ခင်းဆိုတော့ ပိုပြီးလန်းဆန်းတာပေါ့၊ ဟုတ်ဘူးလား"

နှစ်ယောက်သား လွတ်လပ်စွာ ရယ်မိကြလေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ထူးနိုင်၏စကားကို ပါးစပ်အဟောင်းသားနှင့် နားထောင်နေမိကြသည်။ ထူးနိုင်က ဆရာကြီးဟာန်နှင့် သူငယ်ချင်းများရှေ့ ရင်ကော့၍လမ်းလျှောက်ရင်း

"အဲဒါပဲကွ၊ ကံက ကိုယ့်ဖက်ကပါချင်တော့ အက်ဆီးဒင့်တစ်ခုကို ကယ်တင်ရင်းမှ မိန်းမလှလေးနှစ်ယောက်ကို တစ်ပြိုင်တည်း တစ်မနက်တည်း ဆုံခဲ့ရတာပဲ"

သူ့စကားကို သူငယ်ချင်း မိုးမောင်က

"အဲ အဲဒါဆို မင်း မင်း ဘယ်တစ်ယောက်က ပိုအဆင်ပြေနိုင်မလဲ"

ထူးနိုင် ပြုံးပြီး





"အဲဒါက ပြောရခက်တယ်ကွ၊ နှစ်ယောက်လုံးက တကယ့်အလှလေးတွေအပြင် အခြေအနေကလဲ မဆိုးဘူးဖြစ်နေတယ်၊ တစ်ယောက်ယောက်ကို ပစ်လိုက်ရမှာတော့ နှမြောစရာကြီး"

နံဘေးနားရှိနေသော အောင်သက်က

"နေပါဦးကွ၊ မင်းပြောတဲ့ နှယ်ရော ချိုရောက တစ်ယောက်ယောက်သာတယ် မရှိဘူးလား"

ထူးနိုင်က ပြုံးလိုက်ပြန်သည်။

"မင်းတို့တွေ့ရင်လဲပဲ ဒီလိုပဲဖြစ်မှာပဲ၊ ဘာကြောင့်လဲဆိုတော့ တစ်ယောက်ကိုတွေ့ရင် တစ်ယောက်ကို ရင်ခုန်တယ်၊ နောက်တစ်ယောက်ကိုတွေ့ရင်လဲ အရင်တွေ့တဲ့သူကို မေ့လောက်အောင် နောက်တစ်ယောက်ကို ထပ်ပြီး ရင်ခုန်မိတော့တာပါပဲ"

အားလုံးခေါင်းကုတ်ကြသည်။ ထူးနိုင်ပြောသမျှ အထူးအဆန်းဖြစ်နေကြပုံရ၏။

ထူးနိုင်ကလဲ သိပ်လိမ်တတ်သူမှမဟုတ်တာ။ လူလည်။

အတန်ကြာမှ သိန်းစိုးက

"ကဲ ဒါဖြင့် မင်း ဘယ်သူ့ကိုရွေးမလဲ"

ထူးနိုင် ပြုံးလိုက်သည်။

"ငါတော့ မရွေးချယ်နိုင်ဘူး"

"ဘာ"

"ဘယ်လို"

အားလုံးအံ့အားသင့်ကုန်၏။ ထူးနိုင်က အားလုံးကို ဝေ့ကြည့်ပြီး

"သူတို့ရွေးချယ်ပါစေ"

ထူးနိုင်ကိုသာ ကြောင်ကြည့်နေကြသည်။ ထူးနိုင်က ပိုင်နိုင်ဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရွေးချယ်တဲ့အတိုင်းပဲ ခံယူမယ်"
အားလုံးအသံတိတ်ကုန်၏။
အခြေအနေက ဘယ်သူ့ဖက်ပါမယ်မှန်းမှ မသိကြတာ။
နောက် သူငယ်ချင်းထူးနိုင်၏အကြောင်းလဲ သိကြတာပဲ။
ထူးနိုင်က လူလိမ်တော့မဟုတ်။ သို့သော် လူလည်။

× × ×





အချစ်ကိစ္စမှာ ကမ္ဘာပေါ်၌ အထူးဆန်းဆုံးကိစ္စထဲတွင် ပါသည်။

ရတာမလို၊ လိုတာမရဆိုသည်မှာလဲ အချစ်ကိစ္စထဲ၌ အများဆုံး။

အချို့က လိုတာရကြသည်။ အချို့က လိုတာမရ။ ရထားတာတိုလဲ မလိုချင်နှင့် ဒီအတိုင်းသာ တစ်သက်လုံး အောင့်အည်းပေါင်းသင်းခဲ့ကြရတာချည်း။

ရတာမလို၊ လိုတာမရဆိုသည့်အထဲ၌ပင် ရထားတာကို မလိုချင်တော့သည်က (၇၀%)။

မည်သူမဆို ကိုယ်ရထားသော ပစ္စည်းကို တန်ဖိုးမထားတတ်ကြဘဲ ကိုယ်ရထားတာလောက် တန်ဖိုးမရှိသော်ငြား၊ အခြားပစ္စည်းဖြစ်ပါက ကိုယ့်ရှိသည့် တန်ဖိုးကြီးပစ္စည်းကြီးကိုင်ပြီး တခြားကိုလှည့်သေတတ်ကြသေး၏။ ဤကား ဓမ္မတာတစ်ခုပင်။



www.burmeseclassic.com

www.burmeseclassic.com



တချို့ကလဲ ကိုယ့်ရှိပစ္စည်းကြီး တန်ဖိုးရှိမှန်း မသိမဟုတ်။ သိကြ၏။ သို့သော် တခြားပစ္စည်းကောင်းကလေးရလျှင်လဲ လိုလိုက်ချင်ကြသေးသည်။ ဤသို့ဖြင့် လောက၌ ရတာမလို၊ လိုတာမရဟူသော ဇာတ်လမ်းများ ဖြစ်ပေါ်လာရခြင်းပင်။

သို့သော် ကျွန်တော်၏ဇာတ်လိုက် အကောင်းစားမှာ လိုတာထက်ကို ပိုရနေခြင်းပင်။

သာမန်မျှသောသူများသည် တစ်လင်တစ်မယားစနစ်၊ သို့မဟုတ် တစ်သက်မှာ တစ်ချစ်ကိုသာ မျှော်လင့်ကြပေသည်။ (ဒါတောင်ရမှကိုးဗျ)

ပို၍လိုပါက ပို၍ဇာတ်လမ်းရှုပ်မည်စိုး၍ စိတ်မဝင်စားကြပေ။

သို့သော် စိတ်မဝင်စားချင်ယောင်ဆောင်နေခြင်းက ပို၍ဖြစ်နိုင်ပေလိမ့်မည်။

ယောက်ျားအတော်များများဖြစ်ပါက မင်းတုန်းမင်းလောက်တော့ အားကျမိမှာအမှန်ပင်။ (အမြဲတမ်းမဟုတ်တောင် တစ်ခါတစ်ရံပေါ့)

ဆိုကြပါစို့။

အချစ်ကိစ္စသည် လွန်စွာမှပင် ဆန်းကြယ်လှပါသည်။ တစ်ယောက်နှင့်တစ်ယောက် ဇာတာစန်းလာဘ်တက်ပုံ မတူကြချေ။ (ကျွန်တော့်လိုကောင်ကတော့ ပေဒင်တွက်လိုက်တိုင်း ရှေ့နှစ်စန်းပွင့်မယ်ဆိုတာချည်းပဲ၊ ဘယ်ရှေ့နှစ်လဲကိုမသိတာ)

စန်းတောက်နေသောအချိန်၌ လုပ်ချင်တာလုပ် တင့်တယ်တာသာချည်း။ ယခုလဲ စန်းတောက်နေသောထူးနိုင်မှာ။

× × ×





နံနက်စောစော နှင်းမကွဲသေး။ မှုံရီဝိုးတဝါး၌ပင် ထူးနိုင်၏ခြေသံမှာ စည်းချက်ကျနစွာ ကြားနေရသည်။

ခြေလှမ်းကို အရှိန်မှန်မှန်ပြေးနေသော်ငြား သူ၏မျက်လုံးများက ကျီးကန်းတောင်းမှောက်ဖြင့် ဘေးဘီဝေ့ကြည့်သွားသည်။

လိုချင်တာမတွေ့ရသောအခါ မနေ့ကအဖြစ်အပျက်များကအမှန်မှဟုတ်ရဲ့လားဟု တွေးမိသေး၏။ စိတ်ထဲတွင်လဲ

"ဩော် မိန်းမများက ကျေးဇူးတင်လဲ ခဏပဲလေ"

ဟု စဉ်းစားမိပြီး စိတ်ဓာတ်ကျစွာ သက်ပြင်းချမိသည်။ နောက်မှ အားတင်းပြီး

"အေးလေ၊ မဟုတ်တော့လဲ အေးတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဒုံးဒုံးချ၍ ခြေလှမ်းမှန်မှန်သာ ဆက်လိုက်မိသည်။ ထိုစဉ်မှာပင်

"ကိုထူး"

"ဟင်"

အနောက်နားကပ်လျက် ခေါ်သံကြား၍ ထူးနိုင်လန့်သွား၏။ လှည့်ကြည့်လိုက်တော့ မြရီနွယ်။ ရင်ပင် တဒုန်းဒုန်းခုန်သွားမိ၏။

သူမက သူ့ခြေလှမ်းအတိုင်း အရှိန်မှန်မှန်ပြေးရင်း

"ဘာစဉ်းစားနေတာလဲ၊ အနောက်ကလိုက်ပြေးလာတာကြာပြီ၊ မတွေ့ဘူးလား"

"ဟင်"

ထူးနိုင် အံ့အားသင့်သွားသည်။ ကိုယ့်အတွေးနှင့်ကိုယ်မို့ သတိမထားမိဘဲ ဖြစ်နေခြင်းပင်။

ထူးနိုင် ဝမ်းသာအားရရယ်ချင်သွားသည်။ သူမျှော်လင့်နေသူက သူ့နောက်ကပ်လျက်ပါလာသည်ကိုမသိဘဲ အမျိုးမျိုးတွေးနေမိခဲ့သည်ကိုး။ ထို့ကြောင့် ရယ်ချင်စိတ်ကို မြိုသိပ်၍ အားရပါးရပြုံးပြီး

"ဘာရယ်မဟုတ်ပါဘူး၊ မနေ့ကအဖြစ်အပျက်ကို ပြန်စဉ်းစားမိနေတာပါပဲ၊ ဒီအချိန်ပဲလေ၊ ဟင်းဟင်း"

နှစ်ယောက်သား လွတ်လပ်စွာရယ်မိသည်။ မြရီနွယ်ကလဲ ဘေးဘီဝေ့ကြည့်ရင်း

"အင်း ဒီနေရာလောက်ပဲနော်၊ ဟင်းဟင်း"

နှစ်ယောက်လုံး ပြေးသည့်အရှိန်ကိုလျှော့လိုက်သည်။

"စဉ်းစားပြီး ကိုထူးကို ဘယ်လိုကျေးဇူးတင်ရမှန်း မသိဘူးသိလား"

ထူးနိုင် ဘဝင်မြင့်ချင်သွားသည်။ အမှန် ကျေးဇူးတင်ရမှာက သူတိုက်ခဲ့မိသော ကျောက်တုံးကိုသာ။ သို့သော် ခပ်တည်တည်





ပြုံးပြီး

"ရပါတယ်၊ အပန်းမကြီးပါဘူး"

မြရီနွယ်ကပါ ရှက်ပြုံးလေးပြုံးပြီး

"ကိုထူးအတွက် မပန်းမကြီးပေမယ့် နွယ့်အတွက်က အသက်တစ်ခုပဲလေ၊ ဒီနေ့က ကိုထူးပေးတဲ့အသက်နဲ့နေနေရတာ"

ထူးနိုင် ဘဝင်ပိုမြင့်ချင်သွားသည်။ ဘုမသိဘမသိနှင့် လူတစ်ယောက်၏ အသက်သခင် ကျေးဇူးရှင်ဖြစ်နေတာကိုး။

သူ့အိတ်ထဲအမြဲဆောင်ထားသော ကျေးဇူးရှင်ကျောက်တုံးကို ပြန်စမ်းလိုက်သည်။ ဒါကို လာဘ်ကောင်အဖြစ် သူအမြဲဆောင်ထားလိုက်ပြီလေ။

လွတ်နေသော အုတ်ခုံတစ်ခုတွင် နှစ်ယောက်ယှဉ်ထိုင်ပြီး အမောဖြေနေမိသည်။

"ဒါနဲ့ မနေ့က ကားမောင်းတဲ့သူက ဘယ်သူလဲမသိဘူးနော်၊ လူမှုရေးခေါင်းပါးလိုက်တာ၊ သူ့ကားနဲ့ အက်ဆီးဒင့်ဖြစ်တာကိုတော့ ဆင်းတောင်မကြည့်ဘူး"

မြရီနွယ်၏ မကျေမနပ်စကား။ ထိုတော့မှ ထူးနိုင် သူ့ဇာချိုတို့ ချက်ချင်းသတိရသွား၏။ ထို့ကြောင့် အနေအထားကို ပြင်ထိုင်ရင်း

"ဟိုလေ၊ ကားမောင်းတဲ့သူအနေနဲ့လဲ လူမှုရေးကိစ္စ ခေါင်းပါးလို့လဲ ဟုတ်ချင်မှဟုတ်မှာပေါ့၊ သူ့မှာလဲ အရေးတကြီးကိစ္စရှိနေလို့ ဆင်းမကြည့်နိုင်တာလဲ ဖြစ်မှာပါ"

ထူးနိုင်၏စကားကြောင့် မြရီနွယ်မျက်လုံး အရောင်တောက်သွား၏။ နောက် အထင်ကြီးဟန်ဖြင့်

"ဟယ် ကိုထူးက သိပ်ပြီးသဘောထားပြည့်ဝတာပဲ၊ ကိုယ့်ကို အသက်အန္တရာယ်ပြုသူကိုတောင် ခွင့်လွှတ်နိုင်တယ်နော်၊ သိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



သူက မြရီနွယ်ကို
သူဇာချိုနှင့် မဆုံစေချင်၍
ပြောခြင်းဖြစ်၏။
ဒါကို အကြောင်းမသိသော
မြရီနွယ်က

လေးစားသွားပြီ"

ထူးနိုင် ပြုံးတယ်ဆိုရုံသာ ပြုံးထား၏။ အမှန်တော့ ခွင့်လွှတ်နိုင်ခြင်းမဟုတ်။ တစ်ဖက်မှာချိန်ထားသော သူဇာနွယ်ကိုလဲ မရခင် အထိမခံနိုင်သေး၍ဖြစ်သည်။ ဒါကို အခြေအနေမသိသော ဟိုက စွတ်စက်အထင်ကြီးနေတာဖြစ်၏။

"ကဲ ကျန်းမာရေးလဲလုပ်ပြီးပြီဆိုတော့ သွားကြစို့"

သူ့စကားကို မြရီနွယ်က မထချင်ထချင်နှင့်ထကာ

"အင်းလေ သွားတာပေါ့"

နှစ်ယောက်လုံး ခြေလှမ်းမစဖြစ်သေး။ နောက်မှ မြရီနွယ်က ဆံပင်ကိုပင့်သပ်ရင်း

"ကိုထူးက ဘယ်သွားဦးမှာလဲ"

ထူးနိုင်က ခပ်ဝေးဝေးမှန်း သိသာစေရန် လက်ညှိုးကိုထောင်ထိုးရင်း

"ဟိုးဖက်ထိပ်လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေနဲ့ ချိန်းထားလို့"

နွယ်က နှုတ်ခမ်းစူရင်း

"နွယ့်ကိုကျ မခေါ်ဘူး"

ထူးနိုင် ပျာပျာသလဲဖြစ်သွားသည်။

"မခေါ်တာ မဟုတ်ပါဘူး၊ အဲ သူငယ်ချင်းများလို့"





သူက မြရီနွယ်ကို သူဇာချိုနှင့် မဆုံစေချင်၍ ပြောခြင်းဖြစ်၏။ ဒါကို အကြောင်းမသိသော မြရီနွယ်က

"အင်းပါ၊ နွယ်လဲ အပြင်မှာ မစားတတ်ပါဘူး၊ သွားပြီနော်"

လက်ပြ၍နှုတ်ဆက်ကာ ခြေလှမ်းပြင်သည်။ ဒါကို ထူးနိုင်က

"အဲ ပြောမလို့၊ ဟိုလေ ဖုန်းနံပါတ်တောင်းရင် ရိုင်းမလားလို့"

သူ့စကားကို မြရီနွယ်ကပြုံးပြီး

"နွယ်လဲ ကိုထူးဖုန်းနံပါတ် လိုချင်နေတာ၊ အဲဒါ မတောင်းရဲလို့"

"ဒါဆိုအတော်ပဲ၊ အရေးအကြောင်းရှိတော့ ဆက်ရတာပေါ့"

"ဟုတ်၊ နွယ်က ဆက်မှာနော်"

အပြန်အလှန် ဖုန်းနံပါတ်ချင်း လဲလိုက်ကြသည်။

"ဒါဆို သွားပြီနော်"

"တာ့တာ"

နှစ်ဦးသား လမ်းခွဲလိုက်ကြသည်။ ထူးနိုင် မြရီနွယ်ပျောက်သွားသည်အထိ လှမ်းကြည့်လိုက်သေးသည်။

"ယာ့စ်"

အားရပါးရအော်သံ။

မင်္ဂလာနံနက်ခင်းပင်။

မင်္ဂလာပိုရှိသွားအောင် သူဇာချိုနှင့် ချိန်းထားသော လက်ဖက်ရည်ဆိုင်သို့ ခပ်သွက်သွက် အပြေးထွက်ခဲ့လေတော့သည်။

နောက်တစ်ယောက်ကရော လက်ဖက်ရည်ဆိုင်မှာ ရှိပဲ့မလားဟု တထင့်ထင့်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

လက်ဖက်ရည်ဆိုင်မှာ ကြိုရောက်နှင့်နေသော သူဇာချိုကို မြင်တော့ ထူးနိုင် ရင်တဒိတ်ဒိတ်ခုန်သွားသည်။

သူရောက်နေသည်မှာ မည်မျှကြာပြီမသိ။ သူ့ရှေ့က သောက်လက်စလက်ဖက်ရည်ခွက်ပင် ထက်ဝက်ကျိုးလုပြီ။ ထူးနိုင် အလျင်အမြန်ပြေးသွားပြီး သူဇာချိုရှေ့ဝင်ထိုင်လိုက်ကာ

"ရောက်နေတာ ကြာပြီလား"

သူဇာချိုက မော့ကြည့်ရင်း ပြုံးရွှင်သောမျက်နှာဖြင့်သာ

"ဟော ကိုနိုင်ထိုင်လေ"

ထိုင်နေပြီဖြစ်သော်ငြား ထူးနိုင်နှုတ်မှ "ဟုတ်"ဆိုပြီး ပြန်





ဖြေဖြစ်သေး၏။ နောက်မှ

"ကြာပြီလားလို့"

သူဇာချိုက မျက်မှောင်ကြုတ်ကြည့်ရင်း

"မကြာပါဘူး။ အခုတင်ရောက်တာ၊ ဘာမှာမလဲ၊ မှာလေ၊ ဘာစားတတ်မှန်းမသိလို့ မမှာထားဘူး"

အလိုက်သိသော မိန်းမပျိုမို့ ရင်ခုန်ရင်း ကြည်နူးရသေး၏။

"ဟိုတ် ညီလေး၊ ပဲပလာတာတစ်ပွဲ၊ ကျဆိမ့်တစ်ခွက်"

"လာမယ်ဆရာ"

လိုအပ်တာ ခပ်တည်တည်မှာလိုက်သည်။

"ဒါနဲ့ သူဇာချိုက"

သူမက ပြုံးရင်း

"ချိုလို့ပဲခေါ်ပါ"

ထူးနိုင်ခေါင်းညိတ်ပြီး

"ချိုက ဒီနားနေတာလား"

သူမက တစ်ဖက်စောင်းကြည့်ရင်း

"အင်း မနေ့က အက်ဆီးဒင့်ဖြစ်တဲ့လမ်းချိုးနားမှာလေ သိပ်မဝေးပါဘူး"

"ဩော်"

ထူးနိုင် ရင်ထဲအလုံးကြီးကျသွားသည်။

ဒါဆို မြရီနှယ်နှင့် သူဇာချိုနေတာ တခြားစီပဲ။ တစ်ယောက်နှင့်တစ်ယောက် သိစရာအကြောင်းမရှိ။ တစ်ယောက်နှင့်တစ်ယောက် အဆက်အစပ်မရှိနိုင်တာကိုပဲ ထူးနိုင်ပျော်နေမိ၏။

"ဒါနဲ့ မနေ့က ကောင်မလေးရော ဘာဖြစ်သွားသေးလဲ"

သိချင်စိတ်ဖြင့် မေးဟန်တူ၏။ ဒါကို ထူးနိုင်က

"ဘာမှမဖြစ်ပါဘူး၊ နည်းနည်းတော့ လန့်သွားတယ်နဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူဇာချိုက ခေါင်းညိတ်ပြီး

"သူ့ခမျာ အူကြောင်ကြောင်လေးနဲ့ တူတယ်နော်၊ ကားလာတာကို ကြောင်ကြည့်နေတယ်"

ဒါမျိုးဆိုတော့လဲ မြရီနွယ်ဖက်က ထူးနိုင်က မခံနိုင်ပြန်။ ထို့ကြောင့်

"အူကြောင်ကြောင်တော့ ဟုတ်ပုံမရပါဘူး၊ ရုတ်တရက်မို့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားပုံရတယ်"

သူဇာချိုက စောင်းကြည့်ရင်းခေါင်းညိတ်သည်။ ထူးနိုင်ကသာ ခပ်တည်တည်နှင့် မှာထားသည်များကို စားသောက်နေလိုက်သည်။

"တော်သေးတယ်၊ ကိုနိုင်ကယ်လို့ပဲ၊ နောက်မဟုတ်ရင် ချို့ဘဝက မတွေးရဲစရာပဲ"

ထူးနိုင် ရင်ကိုတောင် ပျာပျာသလဲကော့ရင်း

"ကိစ္စမရှိပါဘူး၊ ကိုယ်က မျက်စိရှေ့မှာ အမြင်မတော်တာမြင်ရင် ကူညီနေကျပါပဲ"

သူဇာနွယ် ပြုံးသွားသည်။ ပြီးနောက် သူ့ကို မှုစစကြည့်ရင်း

"ကိုထူးနိုင်တို့လို စိတ်ထားကောင်းတဲ့သူနဲ့ တွေ့လို့ပေါ့၊ အေးလေ ကိုယ့်ကို အသက်အန္တရာယ်ဖြစ်အောင် ပြုခဲ့သူနဲ့တောင် အတူလက်ဖက်ရည်သောက်နိုင်တာကိုပဲ ကြည့်လေ၊ ဘယ်လောက်သဘောထားပြည့်ဝလဲဆိုတာ"

သူတို့တွေပြောမှ ထူးနိုင် သူ့ကိုယ်သူ သူတော်စင်လိုပင်ထင်လာမိတော့၏။ အမှန်တော့ ခလုတ်တိုက်ပြီး တစ်ဖက်သားကို သွားပြေးဖက်မိတာပဲ မဟုတ်လား။ သို့သော် ဂုဏ်မဖော်လိုသော သူရဲကောင်းလို ခပ်ရှိန့်ရှိန့်သာ ပနာယူနေလိုက်သည်။

"ဒီလိုပါပဲ၊ မနေနိုင်လို့ပါ ဟင်းဟင်း"





ဒါဆို သူ

နှစ်မဲရှိသည့်အနက် တစ်မဲကို

လက်လွှတ်ရပေလိမ့်မည်။

နှစ်မဲလုံး သူလက်မလွှတ်ချင်သေး။

အိတ်ကပ်ထဲ ကျေးဇူးရှင်ကျောက်ခဲ ပါမပါ ပြန်စမ်းမိလိုက်သေး၏။

"နေ့တိုင်း ဒီဆိုင်မှာ လာထိုင်တာပဲလား"

ထူးနိုင် ဝေ့ကြည့်ရင်း

"အင်း ဆိုပါတော့၊ မနက် မနက် ကျွန်တော်က ကျန်းမာရေးထလုပ်ဖြစ်တယ်လေ၊ ပြီးရင်တော့ အဆာပြေ ဒီဆိုင်မှာပေါ့"

သူဇာချိုက မခို့တရို့ပြုံးပြီး

"အမှန်တော့ ချိုလဲ ကိုနိုင့်လို ကျန်းမာရေးလိုက်လုပ်ချင်တယ်"

ထူးနိုင် ပျာပျာသလဲဖြစ်သွားသည်။ သူနဲ့အတူသာ သူဇာချို ကျန်းမာရေးလိုက်လုပ်လျှင် မြရီနွယ်နှင့်က ထိပ်တိုက်တွေ့သွားနိုင်သည်။ ဒါဆို သူနှစ်မဲရှိသည့်အနက် တစ်မဲကို လက်လွှတ်ရပေလိမ့်မည်။ နှစ်မဲလုံး သူလက်မလွှတ်ချင်သေး။ မည်သို့လွှဲရမည်ကို ဉာဏ်နီဉာဏ်နက်ထုတ်နေစဉ်မှာပင်

"ဒါပေမယ့် ချိုက အိမ်မှာပဲ စက်နဲ့လုပ်ဖြစ်တယ်"

ထူးနိုင် ဝမ်းသာသွားပြီး

"ဟာ ကောင်းတာပေါ့၊ အဲဒါ သိပ်ကောင်းတယ်၊ အိမ်မှာဆိုတော့ လူမမြင်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူဇာချို ပြုံးလိုက်ပြီး

"ဒါပေမယ့် အိမ်ထဲမှာ ကျန်းမာရေးလုပ်ပြီး မနက်စာကျ တော့ အိမ်ထဲမှာ မစားချင်ဘူးလေ ညည်းငွေ့လို့"

ထူးနိုင်ပျော်သွားသည်။

"ဟုတ်တာပေါ့၊ အိမ်ထဲမှာချည်းပဲဆို ဘယ်လန်းဆန်းတော့ မှာလဲ၊ ဒီတော့ ကျန်းမာရေးလုပ်ပြီးရင်တော့ အပြင်မှာ ထွက်စား သင့်တယ်'

သူထောက်ခံစကားကို သူဇာချိုက မဆို့တရှိုပြုံးပြီး

"အစက သူငယ်ချင်းတွေ အသိတွေ အနီးနားမရှိတော့ ဆိုင် ထွက်ထိုင်ရတာခက်တယ်၊ အခုတော့ ကိုနိုင်နဲ့တွေ့ရတော့လေ"

ထူးနိုင် ပို၍ဝမ်းသာသွားသည်။

"ဟာ ရပါတယ်၊ ကျွန်တော်လဲ ကျန်းမာရေးလုပ်ပြီး ဒီအချိန် ဆို မနက်စာစားနေကျပဲဟာ၊ လာခဲ့ပါ၊ အဲ ဒါမှမဟုတ် စိတ်ကြိုက်ဆိုင် တစ်ဆိုင်ရွေးပေါ့"

သူဇာချို မျက်လုံးများ အရောင်လက်သွားကာ

"ဟာ ဒါဆိုအဆင်ပြေတာပေါ့၊ ချိုကျွေးမှာပါ၊ ချို့ရဲ့ကျေးဇူး ရှင်ပဲ"

ထူးနိုင် ပျာပျာသလဲ လက်ကာပြပြီး

"ဟာ ရပါတယ်၊ အဲဒီလို သဘောမထားပါနဲ့ဗျာ၊ နေရခက် လို့ပါ"

တကယ်လဲ သူခလုတ်တိုက်မှောက်လဲသည်ကိုတွေးပြီး အနေ ရခက်နေမိသည်။

"ကဲ ဒါဖြင့် ချိုသွားတော့မယ်၊ ဩော် ကားနဲ့လိုက်ဦးမလား"

"ရပါတယ်၊ ဒီအတိုင်းပြန်မှာပါ"

"ဘာလဲ ကြောက်လို့လား"





"အဲလိုမဟုတ်ပါဘူး"

နှစ်ယောက်သား ရယ်ဖြစ်ကြသည်။ လမ်းခွဲကာနီးမှ

"ကိုနိုင်"

"ဟင် ပြောလေ"

သူဇာချို ရက်ကိုးရက်ကန်းပုံဖြင့်

"ဟိုလေ ဖုန်းနံပါတ်ပေးထားလို့ရမလား၊ အကူအညီလိုတော့ ဆက်ရတာပေါ့"

ထူးနိုင်ဝမ်းသာသွားသည်။

"ဟာ ရတာပေါ့၊ ကျွန်တော်က စပြောရမှာ အားနာလို့"

"ရပါတယ်"

နှစ်ယောက်သား ဖုန်းနံပါတ်များလဲလိုက်ကြပြန်သည်။

"ဒါဖြင့် သွားပြီနော်"

"ဟုတ်ကဲ့၊ ကားကို ဖြည်းဖြည်းမောင်းနော်"

"အင်းပါ"

နှစ်ယောက်သား လမ်းခွဲလိုက်ကြရပြန်သည်။ ထူးနိုင်၏ရင် တစ်ခုလုံး လစ်ဟာသွားသလို ခံစားနေရ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်တစ်ပုဒ်သာဆိုလျှင် ထိုဇာတ်လမ်းမှာ သာယာနာပျော်ဖွယ်အတိသာ ပြီးနေပေလိမ့်မည်။

အချစ်ပုံပြင်ကို အရွယ်မရောက်သေးသော ကလေးများက အစ ကြိုက်နှစ်သက်ကြပါသည်။

အချစ်ပုံပြင်တို့ထုံးစံအတိုင်း ခံစားသူသည် ချစ်တတ်သော အရွယ်ရောက်ရန်မလို။

"သူတို့နှစ်ဦး ချစ်ကြလေသတည်း"

ဆိုသည်နှင့် ခံစားသူမှာ ပြုံးရွှင်၍ ကျေနပ်ကြသည်ချည်းသာ။ သို့သော် ပုံပြင်တို့၏ ထုံးစံအတိုင်း ထိတ်လန့်ဖွယ်၊ ကြောက်ရွံ့ဖွယ်၊ အံ့သြဖွယ်များပါရှိနေရန်လဲ လိုအပ်ပေလိမ့်မည်။

အချစ်ပုံပြင်တို့၏ ထုံးစံအတိုင်း ကြောက်ရွံ့ဖွယ်၊ ထိတ်လန့်ဖွယ်များအစား အံ့အားသင့်စရာများကို လူတွေက ပို၍လိုချင်တပ်မက်ကြလေသည်။

× × ×





အားလုံး အံ့အားသင့်ကြောင်ငေးပြီး ထူးနိုင်ကိုကြည့်သည်။ အတန်ကြာမှ သိန်းစိုးက

"ဟင် ဒါဆို မင်းတစ်ရက်တည်း နှစ်ယောက်နဲ့ချိန်းတွေ့နေတယ်ပေါ့လေ၊ ဟုတ်လား"

ထူးနိုင်က ပြုံးရင်း

"တစ်ရက်မဟုတ်ဘူး၊ တစ်မနက်နှစ်ယောက်"

သူ့စကားကို မိုးမောင်က

"ဒါဖြင့် သူတို့နှစ်ယောက်ထဲက တစ်ယောက်က စည်းဖောက်ပြီးကျော်လာတာမျိုးဆိုရင်ရော၊ ဥပမာ ဘယ်သူတဲ့၊ အဲ မြရီနှင်းက ထောက်ဖက်ရည်ဆိုင် လိုက်မယ်ဆိုတာမျိုး၊ ဒါမှမဟုတ် သူဇာချိုက မင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့အတူ လိုက်ပြေးမယ်ဆိုတာမျိုးပေါ့"

ထူးနိုင်က ခပ်တည်တည်နှင့် ခါးထောက်ပြီး

"ထူးခြားတာက သူတို့နှစ်ယောက်က အမူအကျင့် လုံးဝမတူတာဘဲ၊ မြရီနွယ်က ကျန်းမာရေးကို အပြင်မှာလုပ်တာကြိုက်တယ်၊ သူဇာချိုက အိမ်မှာပဲ ကျန်းမာရေးလုပ်ရတာကြိုက်တယ်၊ အဲ မြရီနွယ်က ကျန်းမာရေးလုပ်ပြီး မနက်စာကို အိမ်မှာစားရတာကြိုက်ပေမယ့် သူဇာချိုက အပြင်မှာစားရတာ ကြိုက်ပြန်ရော၊ ဒါကြောင့် သူတို့နှစ်ယောက်က ဘယ်လိုနည်းနဲ့မှ မဆုံနိုင်ဘူး၊ ဆိုပါတော့၊ အချိန်ဇယားမတူသလိုမျိုးပေါ့ကွာ"

ထူးနိုင်၏ ရှည်လျားသောစကားကို နံဘေးနားက ငြိမ်နေသောအောင်သက်က

"ဒါဖြင့်လဲ သူတို့နှစ်ယောက်က အချိန်ဇယားချပြီး မင်းကို ပေါင်းကြံတာရော မဖြစ်နိုင်ဘူးလား၊ ရုပ်ရှင်တွေ ဝတ္ထုတွေထဲကလိုလေ"

အားလုံးစိတ်ဝင်စားသွားကြသည်။

"အေး ဟုတ်တယ်၊ ဒါဖြစ်နိုင်တယ်၊ နှစ်ယောက်ပေါင်းပြီး လက်စားချေတာမျိုးပေါ့"

ထူးနိုင်ခြေလှမ်းရပ်တန့်သွားသည်။ ထိုစကားက သူ့အတွက် စဉ်းစားစရာ ဖြစ်သွားပုံရ၏။ အတန်ကြာမှ

"မဖြစ်နိုင်ဘူး"

"ဘာလို့လဲ"

အောင်သက်က ဝင်ထောက်သည်။

"ဘာလို့လဲဆိုတော့ သူတို့နဲ့ငါ ဘာရန်ငြိုးရန်စမှ မရှိတာ၊ အခုမှတွေ့ဖူးတာလေ"

သူ့စကားကို မိုးမောင်ခေါင်းညိတ်သည်။





"ဒါလဲဟုတ်တာပဲ၊ အဲ တစ်ခုရှိတာက သူတို့နဲ့ ရန်ငြိုးရန်စ မရှိရင်လဲ အရင်က တခြားတစ်ယောက်နဲ့ ရှိခဲ့တာမျိုးရော"

ထူးနိုင် တွေခနဲဖြစ်သွား၏။ ပြီးမှ

"ဒါလဲ မဖြစ်နိုင်ဘူး၊ ငါက ဘယ်သူနဲ့ ရန်ငြိုးရန်စ ရှိရမှာလဲ"

"ဆိုပါတော့ကွာ၊ မင်းအရင်ကထားခဲ့တဲ့ ရည်းစားတွေပေါ့၊ သင်းသင်းလှိုင်တို့ မိုးပွင့်တို့ပေါ့"

ထူးနိုင် မျက်မှောင်ကြုတ်၍ စဉ်းစားပြန်သည်။ အတန်ကြာမှ

"ဒါလဲမဖြစ်နိုင်ဘူး၊ သင်းသင်းလှိုင်က ငါ့ကို အရင်ဖြတ်သွားတာ၊ နောက်ပြီး မိုးပွင့်ဆိုတာကလဲ သူ့ဘာသာသူ ဘာမပြောညာမပြောနဲ့ လင်ယူသွားတာလေ"

ဟုတ်ပါသည်။ ယခင်က ထူးနိုင်ထားခဲ့သော ရည်းစားများမှာ ထူးနိုင်ဖြတ်ရတယ်ကိုမရှိ။ ထူးနိုင်သောက်ကျင့်သိသည်နှင့် သူ့အလိုလိုပြတ်သွားကြတာချည်းသာ။

မဖြတ်ခံနိုင်ရိုးလား။ ထူးနိုင်မှာ ရုပ်ရည်သာရှိသော်ငြား လူတ ဘာမှအဖြစ်ရှိလှတာမဟုတ်။ ဉာဏ်ရည်အနေနှင့်ဆိုလဲ ဝတုံးဝပျော့။ သင်ခဲ့ဖူးသောစာတွေတောင် တစ်လုံးမှ မမှတ်မိလောက်အောင် ညံ့ရှာသူ။ အလုပ်အကိုင်အနေနှင့်ကလဲ ပျင်းမို့ ဘာအလုပ်မှမဖြစ်။ ဒါကို နည်းပါးသော မိဘလုပ်စာနှင့် ခပ်တည်တည်ထိုင်စားနေသူ။ တကယ့်ဝတုံးဝပျော့အစစ်။

ဒါကို မိုးမောင်က

"ဒါဆိုလဲ မင်းနဲ့ရန်စ မရှိပေမယ့် မင်းမိဘတွေနဲ့ ရန်ငြိုးရှိရင်ရော"

ထူးနိုင်ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဆွေလုံးတစ်မျိုးလုံး ရန်ကုန်ရောက်ဖူးတာ ငါပဲရှိတာကို"

"ဒါလဲဟုတ်သား"

ထူးနိုင်တို့ တစ်ဆွေလုံးတစ်မျိုးလုံးက နယ်မှာသာ။ ထူးနိုင်တစ်ယောက်သာ ထူးပြီးမြို့ရောက်နေတာလေ။

ဒါကို သိပ်မဆင်းရဲသောမိဘနှစ်ပါးက ရန်ကုန်မြို့ပေါ် နှစ်ထပ်အိမ် ပျဉ်ထောင်အိမ်ကလေးတစ်လုံး ဝယ်ထားပေးခြင်းဖြစ်၏။

ထူးနိုင်ကတော့ လက်ကြောတင်းမှာစိုး၍ ဘာအလုပ်မှမလုပ်။ ဆွေရိပ်မျိုးရိပ်သန်းရုံ လူများကို အိမ်ပေါ်တင်ထားပြီး အိမ်လခယူသည်။ သူတို့ချက်ကျွေးတာစားသည်။ ပြီးလျှင် ပြန်မောင်းချသည်။ ဤမျှနှင့် လည်ပတ်နေခြင်းဖြစ်၏။ အမှန်တော့ သူ့ကိုယ်ပိုင်အဖြစ်ရှိတာ ဘာမှမရှိ။

"မင်းဟာက စဉ်းတော့စဉ်းစားစရာကြီးကွနော်"

မိုးမောင်စကားကို ထူးနိုင်က ပြုံးပြီး

"မင်းတို့စဉ်းစား၊ ငါတော့ မစဉ်းစားဘူး၊ ကြုံရင်ကြုံသလို ရှေ့ဆက်မယ်၊ တစ်ချိန်မှာ ငါ့ရုပ်ငါ့ရည်နဲ့ သူဌေးသားမက်ဖြစ်ရမယ်၊ ဒါပဲ"

အားလုံးပါးစပ်အဟောင်းသားနှင့် ထူးနိုင်ကိုကြည့်ကြသည်။ သူ့ရုပ်နှင့်သူ့ရည်မှန်းချက်ကတော့ ကွက်တိပင်။ အရည်အချင်းသာ သိပါက ခွေးပင် သားမက်တော်ချင်မည်မဟုတ်။

"ဟဲ့ တို့ကဘိုခွေးမျိုး၊ သွားစမ်းပါ တခြားကို"

× × ×





တစ်နေ့ခင်းလုံး အားယားနေသောထူးနိုင် အိပ်ရာခုတင်ပေါ် ခြေပစ်လက်ပစ်လှဲနေသည်။

ဘယ်သူ့ဆီ ဆက်သွယ်ရမှန်းလဲမသိ။ ခုနက သူငယ်ချင်းများနှင့် လမ်းခွဲလာပြီမို့ သွားစရာလာစရာမရှိဘဲ ယောင်ချာချာဖြစ်နေသည်။

နောက်မှသတိရပြီး ဖုန်းနံပါတ်ပူပူနွေးနွေးရှိနေသော မြရီနှယ်နှင့် သူဇာချိုတို့ဆီဆက်ရင် ကောင်းမလားဟု စဉ်းစားမိသည်။

"ဖုန်းဆက်ပြီးတော့ရော ဘာပြောရမလဲ"

ဖုန်းကို လက်ထဲကိုင်ပြီး ဇဝေဇဝါဖြစ်နေသည်။

"တော်ကြာ အတင်းလိုက်လုံးနေတယ်ထင်မှဖြင့်"

စဉ်းစားမိပြီး သက်ပြင်းချမိသည်။ အခြေအနေက ဘာမှန်းသိသေးဘဲ စွတ်စက်တင်၍ ဖြစ်မည်မဟုတ်။

"ဒါဆို ဘယ်လိုလုပ်ရင်ကောင်းမလဲ"

သူစဉ်းစားနေတုန်းမှာပင်



www.burmeseclassic.com

www.burmeseclassic.com



"တီ တီတီ တီတီတီ"

တယ်လီဖုန်း မက်ဆေ့ချ်ဝင်သံ။

"ဘယ်သူများပါလိမ့်"

သူ တယ်လီဖုန်းကိုဖွင့်လိုက်သည်။

"ဟာ"

သူ့ရင်ထဲ လှိုက်ခနဲ။

ပူပူနွေးနွေး နံပါတ်ရထားသော မြရီနွယ်ထံမှ မက်ဆေ့ချ်။

သူ ကမန်းကတန်း ဖွင့်ဖတ်လိုက်သည်။

"နေကောင်းလား"

စာက မြန်မာလိုရေးထားသော စာတိုလေးဖြစ်သည်။

သူ မက်ဆေ့ချ် ပြန်ပို့ရန်ပြင်သည်။ သို့သော်

တယ်လီဖုန်းတွင်ပါသော မြန်မာ Font များကို သူလျင်လျင်မြန်မြန် မရိုက်တတ်။ အင်္ဂလိပ်လိုကျပြန်တော့လဲ စာလုံးပေါင်းများ သူ မေ့တော့တော့ဖြစ်နေပြီ။

Yes နှင့် No နှစ်လုံးလောက်သာ သူ ကောင်းကောင်းမှတ်မိတော့၏။ ထိုနှစ်လုံးသာ တွင်တွင်သုံးပါက သူ့ကို အထင်သေးသွားနိုင်သည်။

ဘယ်လိုလုပ်ရမှန်းလဲမသိ။ ဖုန်းကို ဟိုကလိ ဒီကလိလုပ်ရင်း

"ဟာ"

လက်ကချော်ပြီး ထိုစာတန်းကို သူဇာချိုဆီ ပို့မိလျက်သား ဖြစ်သွား၏။

ပျာပျာသလဲနှင့် သူလိုက်ဖျက်ကြည့်သေး၏။

သို့သော် မမီတော့။

သူ ခေါင်းကိုအုပ်ကိုင်ရင်း

"သွားပြီ၊ သွားပြီ"





သူဇာချိုဆီမှရောက်လာသော
အင်္ဂလိပ် စာများကို
မြရီနွယ်နာမည် ပြောင်းတပ်၍
ခပ်တည်တည်နှင့်
မြရီနွယ်ဆီပို့လိုက်သည်။

ဟုရေရွတ်နေမိသည်။ သို့သော်

"တီတီတီ တီတီတီ"

"ဟာ"

မက်ဆေ့ချ်မြည်သံ။ သူ ကြောက်လန့်တကြား ဖုန်းမက်ဆေ့ချ်ကို ဖွင့်ကြည့်လိုက်သည်။

"ဟင်"

သူမျက်လုံးပြူးသွားသည်။

သူဇာချိုဆီမှ ပြန်လာသောမက်ဆေ့(ချ်)။

သူဖွင့်ဖတ်လိုက်သည်။

Yes, I am fine, what can I help u?

မက်ဆေ့ချ်ပြန်ဝင်လာတော့ ထူးနိုင်ပျော်သွား၏။

အားလုံး အင်္ဂလိပ်လိုချည်း ရေးထားသည်။ မက်ဆေ့ချ်ကို ကြည့်ရင်းမှ

"ဟာ ဟုတ်ပြီ"

အတွေးပေါက်ကာ သူဇာချိုဆီမှရောက်လာသော အင်္ဂလိပ်စာများကို မြရီနွယ်နာမည်ပြောင်းတပ်၍ ခပ်တည်တည်နှင့် မြရီနွယ်ဆီပို့လိုက်သည်။ သိပ်မကြာပါ။

"တီတီတီ တီတီတီ"



www.burmeseclassic.com

www.burmeseclassic.com



မြရီနွယ်ထံမှ မက်ဆေ့ချ်ပြန်ဝင်လာသည်။ မြန်မာလိုဖြစ်သည်။

"မနက်ဖြန်အားလား၊ ပလာဇာသွားစရာရှိလို့ အဖော်မရှိလို့ပါ"

ထူးနိုင် စဉ်းစားမနေဘဲ ထိုမက်ဆေ့ချ်ကိုပင် သူဇာချိုဆီ ပြန်ပို့လိုက်သည်။

သိပ်မကြာပါ။ သူဇာချိုဆီမှ အင်္ဂလိပ်လို မက်ဆေ့ချ်တစ်စောင် ပြန်ဝင်လာ၏။

"Yes, I also have to go plaza tomorrow,what time will u go?"

ထိုမက်ဆေ့ချ်ကိုပင် ဖလှဲဖလှယ်လုပ်၍ မြရီနွယ်ထံသို့ ပို့ပြန်သည်။ ဟိုက မြန်မာလိုပင်

"၁၀း၃၀"

သူဇာနွယ်ထံ ပို့ပြန်သည်။

"၁၀း၃၀"

ဟိုက ပြန်ပို့လာသည်။

"OK,we'll meet plaza "

ထိုမက်ဆေ့(ချ်)ပင် တစ်ဖက်သို့ပြန်ပို့သည်။

ပြီးနောက် ကိုယ့်ဘာသာကိုယ်တွေးပြီးပျော်နေသည်။

နောက်ဆုံး တစ်ယောက်တည်းပျော်ရတာ အားမရ။ ဟိုကောင်တွေကို ကြွားဦးမှဟု စဉ်းစားမိပြီး ဖုန်းခေါ်လိုက်သည်။

"ဟဲလို မိုးမောင်လား၊ မင်းတို့ဘယ်မှာလဲ"

× × ×





ထူးနိုင်၏ တယ်လီဖုန်းမက်ဆေ့(ချ်)များကိုကြည့်၍ အားလုံး အံ့အားသင့်ကုန်ကြ၏။

ထူးနိုင်က ရင်ကိုကော့၍ လမ်းလျှောက်ရင်း

"ကဲ တွေ့တယ်မဟုတ်လား၊ ငါဘယ်လောက်ပိုင်တယ်ဆိုတာ၊ သူ့ဆီက ပို့တဲ့ဟာ သူ့ဆီပြန်ပို့လိုက်တယ်၊ ဒါပဲ ဟဲဟဲ"

အားလုံး ထူးနိုင်ကို ကြောင်ပြီးပြန်ကြည့်ကြသည်။ အတန်ကြာမှ သိန်းစိုးက

"ဟ ဒါပိုင်တာမဟုတ်ဘူးကွ၊ ကိုယ့်ဒုက္ခကိုယ်ရှာတာ"

"ဘယ်လို"

ထူးနိုင်မျက်လုံးပြူးသွားသည်။ ဒါကို မိုးမောင်ကထင်၍



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ မြရီနွယ်ဆီက မက်ဆေ့(ချ်)ကို သူဇာချိုဆီပို့၊ သူဇာချိုရဲ့မက်ဆေ့(ချ်)ကို မြရီနွယ်ဆီပြန်ပို့တော့ နှစ်ယောက်လုံး ချိန်းပြီးလျက်သား ဖြစ်သွားတာပေါ့ကွ တော်တော်ပျော့ရဲ့"

"အမ်"

ထူးနိုင်မျက်လုံးပြူးသွားသည်။ နောက်မှ ကလယ်ကလယ်နှင့်

"ဘယ်လို ဘယ်လို ငါမရှင်းလို့"

ဒါကို အောင်သက်က

"ဒီမှာမြရီနွယ်က မင်းကို ပလာဇာချိန်းတယ်၊ ဒါကို မင်းက မြန်မာလိုမရေးတတ်တော့ သူဇာချိုဆီ ပြန်ပို့တယ်၊ သူဇာချိုက မင်းကို ပလာဇာလိုက်ခဲ့မယ်ဆိုပြီးပြောတယ်၊ ဒါကို မင်းက ဘာသာမပြန်တတ်တော့ မြရီနွယ်ဆီပြန်ပို့တယ်၊ အဲဒီတော့ တစ်ချိန်တည်းတစ်ပြိုင်တည်း ပလာဇာမှာ မင်းချိန်းပြီးသား မဖြစ်နေဘူးလား"

"ဟင် အဲလို"

ထိုတော့မှ ထူးနိုင်လဲ သဘောပေါက်ပြီး ခေါင်းနပန်းကြီးသွားကာ

"အဲ အဲဒါဆို ငါ ငါသေပြီလားဟင်"

သူ့စကားကို အားလုံးက သံပြိုင်ဖြင့်

"မသေသေးဘူး၊ သေကာနီးသွားတာ"

"ဟမ်"

ထူးနိုင် ဘာလုပ်လို့ဘာကိုင်ရမှန်း မသိတော့။ နောက်မှ ခြေမကိုင်မိလက်မကိုင်မိဖြစ်ပြီး

"အဲ အဲဒါဆို ငါ ငါဘာလုပ်ရမှာလဲဟင်"

"ဟ မင်းချိန်းထားတာ တစ်ယောက်ကိုဖျက်ရမှာပေါ့"

ထူးနိုင် ခေါင်းကုတ်သွားသည်။

"အဲ အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ်၊ ဘာလို့လဲဆိုတော့





နှစ်ယောက်လုံးနဲ့ ပထမဆုံးအကြိမ် ဒိတ်တာလေ၊ တစ်ယောက်ယောက်ကို ဖျက်လိုက်ရင်"

အားလုံး ထူးနိုင်ကိုကြည့်သည်။ မိုးမောင်က

"မဖျက်ရင် မင်းဘယ်လိုလုပ်မှာလဲ၊ နှစ်ယောက်လုံးကို တွဲသွားမှာလား၊ အဲဒီတော့မှ နှစ်ယောက်လုံး မင်းကိုချဉ်ပြီး ကလော်တုတ်သွားမှာ"

ထူးနိုင်ခေါင်းကုတ်ပြန်သည်။ အကြံထုတ်နေပုံရသည်။

"ဟိုလေ နှစ်ယောက်လုံးကိုလဲ တွဲမသွားချင်ဘူး၊ အဲ ဒီလိုလုပ်"

ထူးနိုင်၏စကားကို အားလုံးစိတ်ဝင်စားသွားကြသည်။

"မင်းတို့အားလုံး ငါ့ကိုကူညီကြ"

"ဟင် ဘယ်လို"

ထူးနိုင်က ရင်ကော့ပြီး

"မနက်ဖြန်ကျရင် ပလာဇာမှာ သူတို့နှစ်ယောက်ကို တစ်နေရာစီ ခွဲထားလိုက်မယ်"

အားလုံးစိတ်ဝင်စားနေကြသည်။

"မင်းတို့က ငါ့ကို သူငယ်ချင်းအဖြစ်နဲ့ပဲ လာနှုတ်ဆက်ပြီး ခေါ်ထုတ်ပေး၊ ဥပမာကွာ၊ သူဇာချိုနဲ့တွေ့နေချိန်မှာ တစ်ယောက်က လာပြီး နှုတ်ဆက်၊ ပြီးရင် အပြင်ခေါ်ထုတ်ပေး၊ ဒါဆို ငါက မြရီနွယ်ဆီသွားမယ်၊ မြရီနွယ်ဆီရောက်ရင်လဲ တစ်ယောက်က လာပြန်ခေါ်၊ ငါ သူဇာချိုဆီပြန်သွားမယ်၊ အဲဒီလိုလုပ်ရင် မကောင်းဘူးလား"

အားလုံးတစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ အောင်သက်က ခေါင်းကုတ်ရင်း

"အဲဒါဆို ပိပြင်ပါ့မလား"

ဒါကို ထူးနိုင်က



www.burmeseclassic.com

www.burmeseclassic.com



"မပိပြင်စရာရှိလို့လား၊ သူတို့အချင်းချင်း တစ်ယောက်ကို တစ်ယောက် သိကြတာမှမဟုတ်တာ"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြပြန်သည်။ အပြောကတော့ ချောနေသည်ကိုး။ အတန်ကြာမှ

"အေးလေ၊ အဲဒါဆိုလဲ လုပ်ကြည့်တာပေါ့၊ ဒါပေမယ့် ပြဿနာဖြစ်လာရင် ငါတို့နဲ့မဆိုင်ဘူးနော်"

ထူးနိုင်က ပိုင်ပိုင်ကြီးပြုံးပြီး

"စိတ်ချပါ၊ ငါကိစ္စငါတာဝန်ယူပါ့မယ်၊ မင်းတို့ ဘာမှမဖြစ်စေရဘူး"

အားလုံးခေါင်းညိတ်ကြသည်။

"ဒါဖြင့်လဲ စမ်းကြည့်တာပေါ့"

ထူးနိုင်ဝမ်းသာသွားသည်။ ထို့ကြောင့်

"ဒါဆို လာထား"

လက်ဝါးချင်းရိုက်သံ ဖြောင်းခနဲကြားရ၏။

× × ×





ဆယ်နာရီကျော်ကျော်ကတည်းက ထူးနိုင်တို့လူစု ပလာဇာ ရှေ့ မယောင်မလည်နှင့် ရောက်နေသည်။

အားလုံးက ရှေ့လဲမထွက်ရဲ၍ ချောင်ကျသောနေရာတစ်ခုတွင် ပုန်းနေရသည်။

"ဟေ့ကောင် မင်းကောင်မလေးတွေက လာရောလာမှာလား"

အောင်သက်က မေးသည်။ ထူးနိုင်က

"အသေအချာ ချိန်းထားတာပဲကွာ၊ လာမှာပါ၊ စောင့်ကြည့်နေ"

"စောင့်ကြည့်နေရအောင် ငါတို့က ဘာသိလို့ ဘယ်သူ့ကို စောင့်ကြည့်ရမှာလဲ"

ဟုတ်သား။ ဒီကောင်တွေက မြရီနှယ်ရော သူဇာချိုကိုပါ တွေ့မှမတွေ့ဘူးကြတာ။ ဒါကို ထူးနိုင်က



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါကွာ၊ ငါပြပါ့မယ်၊ ဟော ဟိုမှာလာပြီ"

သူဇာချို၏ကားလေး ပလာဇာရှေ့ထိုးဆိုက်လာသည်။

"အဲ အဲဒါ သူဇာချိုတဲ့ကွ"

အားလုံးက ထူးနိုင်ညွှန်ပြရာ အငမ်းမရ ကြည့်ကြသည်။

"ဟာ အနိပ်ကလေးပဲ"

"အေး အတော်လှတာပဲ"

သူတို့စကားကို ထူးနိုင်က

"အေး အဲဒါကြောင့် ငါ မပစ်ရက် ဖြစ်နေတာပေါ့"

"ဟော့ကောင် မပစ်ရက်ရင်လဲ သွားလေကွာ"

အားလုံးကတွန်းလွှတ်သည်။ ဒါကို ထူးနိုင်က

"ဟာ နေဦးလေ၊ နောက်တစ်ယောက်လာတာနဲ့တိုးလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"

သူဇာချိုက ပလာဇာထဲ မဝင်သေးဘဲ ယောင်လည်လည်နှင့် လိုက်ကြည့်သည်။ နောက် သူ့စလင်းဘက်(ခ်)ထဲမှ တယ်လီဖုန်းထုတ်သည်ကိုတွေ့ရ၏။

"တီတီတီ တီတီတီ"

ထူးနိုင် ဖုန်းမက်ဆေ့ချ်မြည်သံ။

ထူးနိုင် မက်ဆေ့ချ်ကို ဖွင့်ကြည့်လိုက်သည်။

"I arrival to plaza"

"ဟော့ကောင် မက်ဆေ့(ချ်)ပို့တာကွ၊ ပြန်ပို့လိုက်လေ"

မိုးမောင်စကား။ ဒါကို ထူးနိုင်က ပြုံးပြီး

"ဒီလိုပို့စရာမလိုဘူးကွ၊ ဟောမှာကြည့်"

ဆိုကာ ထိုမက်ဆေ့ချ်ကိုပင် မြရီနွယ်ဆီ လှမ်းပို့လိုက်သည်။

သိပ်မကြာပါ။

"တီတီတီ တီတီတီ"





မက်ဆေ့ချ်ပြန်ဝင်လာသည်။ မြရီနွယ်ထံမှ ဖြစ်သည်။

"တို့လဲရောက်ပြီ၊ ခဏစောင့်"

ထူးနိုင်က ဆရာကြီးဟန်ဖြင့်ပြုံးပြီး

"တွေ့လား၊ ကိုယ်အားထုတ်စရာ မလိုပါဘူး"

ဆိုကာ ထိုမက်ဆေ့ချ်ကိုပင် ခပ်တည်တည်နှင့် သူဇာချိုဆီ ပြန်ပို့လိုက်သည်။

သူဇာချိုက မက်ဆေ့ချ်ကိုဖတ်ပြီး ပလာဇာထဲဝင်သွားသည်ကိုတွေ့ရ၏။

သိပ်မကြာပါ။ ကားလေးတစ်စင်းနှင့် မြရီနွယ်ရောက်လာပြန်သည်။

"ဟော ဟိုမှာတွေ့လား၊ အဲဒါက မြရီနွယ်တဲ့"

အားလုံး အငမ်းမရ ငေးကြည့်ရင်း

"ဟာ ဒါလဲ အမှန်အကန်လေးပဲကွ"

"အေး ဒါလေးလဲအတော်လှ"

သူတို့စကားကို ထူးနိုင်က

"အဲဒါကြောင့် ဒါလေးလဲ လက်မလွှတ်ချင်တာပေါ့ကွ၊ ကဲ ငါသွားမယ်၊ မင်းတို့လဲ လူခွဲထားပြောထားတဲ့အတိုင်းနော်"

အားလုံးခေါင်းညိတ်ပြီး

"စိတ်ချ၊ မင်းသာပီပြင်ပါစေ"

ထူးနိုင်က လက်မထောင်ရင်း

"လူလည်ပါ၊ ကဲ သွားပြီ"

ထူးနိုင်ပြေးထွက်သွား၏။ ထိုတော့မှ အားလုံးလဲ လူစုခွဲရင်း

× × ×



www.burmeseclassic.com

www.burmeseclassic.com



"မြရီနွယ်"

နွယ်လှည့်ကြည့်သည်။ ထူးနိုင်ကိုမြင်တော့ ဝမ်းသာဟန်နှင့် ပြုံးပြီး

"ရောက်နေတာကြာပြီလား၊ ရှာရမယ်မှတ်နေတာ"

ထူးနိုင်ကပါ လိုက်ပြုံးပြီး

"ကြိုရောက်နေတာပါ စောင့်နေရမှာစိုးလို့"

မြရီနွယ်က ရယ်ပါသည်။ ထူးနိုင်ကသာ သူနားကပ်ပြီး

"ဘာတွေဝယ်စရာရှိလို့လဲ"

"မေမေ့အတွက် ဆေးနည်းနည်းရယ်၊ နောက်ပြီး ကြီးမေတွေ နယ်ပြန်မှာမို့ ပေးလိုက်စရာလက်ဆောင်တချို့ပေါ့"





ထူးနိုင်က ပြုံးပြီး

"ရတယ်လေ၊ လိုက်ဝယ်ပေးတာပေါ့၊ လာ ဆေးတွေက ဟို ဖက်မှာ"

သူတို့နှစ်ယောက် ခြေလှမ်းစစဉ်မှာပင်

"ထူးနိုင် ထူးနိုင်မဟုတ်လား"

အော်ခေါ်သံ။ နှစ်ယောက်လုံးဝေ့ကြည့်သည်။ မိုးမောင်။ ဇာတ်တိုက်ထားသည့်အတိုင်း ထူးနိုင်က ဝမ်းသာဟန်ဖြင့်

"မိုးကြီး မိုးကြီးမဟုတ်လား"

နှစ်ယောက်သား ဝမ်းသာဟန်နှင့် ပြေးဖက်လိုက်သည်။

"ဟာ ဟော့ကောင် မတွေ့တာကြာပြီနော်"

အမှန်တော့ ခုနကတင် အပေါက်ဝက ခွဲလာတာ။ ဒါကို မတွေ့တာကြာသော မိတ်ဟောင်းဆွေဟောင်းဟန်ဖြင့်

"အေးကွ၊ ကျောင်းပြီးကတည်းက မတွေ့တော့တာ၊ ငါ မင်း ကိုရှာသေးတယ်ကွ၊ ဒါပေမယ့် အဆက်အသွယ်တွေက ပြတ်ကုန်တော့"

မြရီနွယ်က ကြောင်တက်တက်နဲ့ကြည့်သည်။ ဒါကို ထူးနိုင် ကပြန်လှည့်ကြည့်ပြီး

"ကျောင်းတုန်းကသူငယ်ချင်းလေ၊ ကွဲနေတာကြာပြီ"

မြရီနွယ်က ကြောင်တက်တက်နှင့်

"သြော် ဟုတ်ကဲ့"

မိုးမောင်က ခေါင်းပြန်ညိတ်ပြပြီး

"ဟော့ကောင် ငါ မင်းကိုပြောစရာရှိတယ်ကွ၊ အကူအညီလဲ တောင်းစရာရှိတယ်"

"ပြောစရာရှိတာပြောလေကွာ၊ ပြော ငါဘာကူညီရမလဲ"

ဒါကို မိုးမောင်က ရှုံးတိုးရှန်းတန်းဟန်ဖြင့်

"ဒီမှာပြောလို့မဖြစ်ဘူးကွ၊ ခဏတော့ အချိန်ပေးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ထူးနိုင်စိတ်ရှုပ်ဟန်ဖြင့် ခေါင်းကုတ်ပြီး

"အဲဒါမှ ပြဿနာပဲကွာ၊ ဒီမှာလဲ ငါက ညော့်သည်နဲ့"

ဒါကို အလိုက်သိသော မြရီနွယ်က

"ဟိုလေ အရေးကြီးရင်ရပါတယ်၊ သွားစရာရှိရင်သွားလိုက်ပေါ့"

သူမစကားကြောင့် ထူးနိုင်မျက်နှာဝင်းလက်သွားသည်။ သို့သော်

"ဟာ နွယ့်ကိုတစ်ယောက်တည်း ထားခဲ့ရမှာ ဖြစ်မလား"

မြရီနွယ်က ကြည်နူးစွာပြုံးရင်း

"ရပါတယ်၊ နွယ်က လာနေကျပဲဟာကို"

ထူးနိုင်က စိတ်ရှုပ်ဟန်ဖြင့် ခေါင်းကုတ်ပြီး

"ဒါဆို ခဏစောင့်၊ အခုကိုယ်ပြန်လာခဲ့မယ်"

"ဟုတ်"

မြရီနွယ်က အလိုက်သိစွာ ခေါင်းညိတ်သည်။ ထူးနိုင်က မိုးမောင်လက်ကိုဆွဲပြီး

"လာ သူငယ်ချင်း သွားမယ်၊ နွယ်ရေ ကိုယ်ပြန်လာခဲ့မယ်"

မြရီနွယ်ခေါင်းညိတ်သည်နှင့် နှစ်ယောက်သား သုတ်ခြေတင်ကြသည်။

× × ×





"သူဇာချို"

သူမ လှည့်ကြည့်ပါသည်။ ထူးနိုင်ကိုမြင်တော့ ဝင်းလက်သောမျက်နှာဖြင့်

"ဩော် ကိုနိုင်၊ နောက်ကျမယ်မှတ်နေတာ"

ထူးနိုင်က ပြုံး၍ အနားကပ်သွားပြီး

"စောလာချင်တာ၊ အိမ်အလုပ်တွေ မပြတ်လို့"

"အားနာလိုက်တာ"

သူမက အဟုတ်မှတ်ပြီး အားနာနေပုံရသည်။ ထူးနိုင်ကသာ အရေးမကြီးဟန်ဖြင့်

"ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ဩော် ဒါနဲ့ ဘာတွေဝယ်ဖို့ရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူဇာချိုက ဘေးဘီငေးကြည့်ပြီး ရှက်ရွံ့စွာဖြင့်

"ဘာမှတော့ သိပ်ဝယ်စရာ မရှိပါဘူး"

ဆိုလိုရင်းအဓိပ္ပာယ်က ထူးနိုင်ချိန်းလို့ လာခဲ့သည်ပဲပေါ့။ ထူးနိုင်ကလဲ အလိုက်သိစွာဖြင့်

"ဒါဖြင့်လဲ ဈေးထဲပတ်ကြည့်တာပေါ့၊ လိုအပ်တာရှိလဲဝယ်ပေါ့၊ ဟုတ်ဖူးလား"

"အင်းပေါ့"

နှစ်ယောက်သား ခြေလှမ်းစစဉ်မှာပင်

"ထူးနိုင် ထူးနိုင်"

ခေါ်သံကြားလို့လှည့်ကြည့်တော့ သူငယ်ချင်းသိန်းစိုး။ ထူးနိုင် ဝမ်းသာအားရအသံဖြင့်

"ဟာ သိန်းကြီး သိန်းကြီး"

နှစ်ယောက်သား ဝမ်းသာအားရ ပြေးဖက်လိုက်သည်။ အပီအပြင်ပင်။

"ဟာ ထူးနိုင် မတွေ့တာတောင် ကြာပြီနော်"

"ဟုတ်ပ့ါသိန်းကြီးရာ၊ ကျောင်းပြီးကတည်းက ဆိုပါတော့"

"အေးကွ၊ မင်း အခုဘာတွေလုပ်နေတာလဲ၊ အရင်လို ပွဲတုန်းရှုပ်တုန်းလား"

အရေးထဲ တစ်ချက်လှည့်ခွပ်ထည့်၍ မျက်နှာပျက်ရသေးသည်။ သူဇာနွယ်လှည့်ကြည့်တော့လဲ ဘာမှမဖြစ်ဟန်ဖြင့် ပြုံးစစနှင့်။ ထူးနိုင်ကသာ ရှက်ကိုးရှက်ကန်းနှင့်

"မင်းကလဲကွာ၊ ငါဘယ်တုန်းကများ ရှုပ်လို့လဲ၊ မင်း အခုရန်ကုန်လာတာ အလည်သက်သက်ပဲလား"

"အလည်တော့ မဟုတ်ဘူးကွ၊ မင်းကိုလာရှာတာကွ၊ အခုတောင် ငါ မင်းအိမ်ရောက်ခဲ့သေးတယ်၊ မင်းကိုမတွေ့လို့ လိုက်လာရတာကွ"

"ဆိုပါဦး ဘာကိစ္စလဲ"

သိန်းစိုးကလဲ အပီအပြင် ဘေးဘီငေးကြည့်ပြီး

"ဒီမှာပြောလို့ မဖြစ်ဘူးကွ၊ ငါနဲ့ခဏလိုက်ခဲ့ပါလား၊ မကြာပါဘူး"

ထူးနိုင်က ရပ်စောင့်နေသော သူဇာချိုကို ငေးကြည့်ကာ

"ဧည့်သည်ပါတယ်ကွ၊ မဖြစ်ပါဘူး"

သိန်းစိုးက သူဇာချိုကို ငေးကြည့်ပြီး

"ဧည့်သည်ပါတာလား၊ ဒါဆိုလဲ သွားသွား နောက်မှ"

သိန်းစိုးစကားကြောင့် ထူးနိုင်မျက်နှာပျက်သွား၏။ သူမှ မခေါ်သွားလျှင် ခွင်ပျက်ပြီကိုး။ ဟိုကောင်ကလဲ သိသိကြီးနဲ့ တမင်လုပ်တာဖြစ်မည်။

ထို့ကြောင့် ထူးနိုင်က ပြန်ထိန်းရင်း

"ဟာ သိန်းကြီးကလဲကွာ၊ မင်းနဲ့ငါမတွေ့တာကြာတော့ တွေ့ချင်တာပေါ့၊ နောက်ပြီး မင်းအခက်အခဲကလဲ ငါ့အခက်အခဲပေါ့ကွ၊ တို့တွေက ညီအစ်ကိုတွေပဲဟာ"

သိန်းစိုးကလဲ မခေ။ သူ့စကားကို မလျှော့။

"ရပါတယ်ယောက်ဖရာ၊ ဒီနေ့မတွေ့လဲ နောက်နေ့တွေမှာ"

သူ့တို့စကားမဆုံးခင် သူဇာချိုက

"ကိုနိုင်"

"ဗျာ"

ထူးနိုင်လှည့်ကြည့်လိုက်သည်။ သူဇာချိုက ရှက်ကိုးရှက်ကန်းနှင့်

"သူငယ်ချင်းအရေးကြီးရင်လဲ ခဏလိုက်သွားလိုက်လေ၊ ချို ဈေးထဲမှာပဲ ရှိဦးမှာပဲ"







www.burmeseclassic.com

www.burmeseclassic.com



ထူးနိုင်ဝမ်းသာသွားသည်။ သို့သော် မသိသာစေရန် မျက်နှာလေး အိုချလိုက်ပြီး

"ချို့ကို စိတ်မချလို့ပါ"

သူဇာချိုက ကြည်နူးစွာပြုံးပြီး

"ရပါတယ်၊ ချိုသွားတတ်ပါတယ်၊ ပြီးမှပြန်လာခဲ့နော်"

ထူးနိုင်ဝမ်းသာသွားသည်။ ဒါကို သိန်းစိုးက

"နေခဲ့လိုက်ပါကွာ၊ မိန်းကလေး သနားစရာ"

လုပ်နေသေး၍ ထူးနိုင်က အတင်းဆွဲကာ

"ကဲ ဒါဆို ချိုခဏစောင့်၊ ကိုယ်ပြန်လာခဲ့မယ် သိလား"

ဆိုကာ သိန်းစိုးလည်ကုတ်မှဆွဲ၍ ဆွဲပြေးရလေသည်။ လမ်းရောက်မှ

"အေပေး၊ အတော်ဒုက္ခပေးတဲ့ကောင်"

ဆိုသည်ကို သိန်းစိုးက ရယ်ကျဲကျဲနှင့်

"ပျော်လို့ပါကွာ၊ ဟီးဟီး"

ထူးနိုင်က မပျော်နိုင်။ ခြေလှမ်းသွက်သွက်ဖြင့် မြရီနွယ်ရှိရာ ပြေးရလေသည်။

× × ×





"နွယ်"

"ဪ ကိုထူး"

မြရီနွယ်မှာ အထုပ်အပိုးတွေနှင့်ဖြစ်နေပြီ။

"ဈေးဝယ်ပြီးပြီလား၊ ကိုယ်နည်းနည်းကြာသွားတယ်"

မြရီနွယ်က ပြုံးပြီး

"ရပါတယ် သူငယ်ချင်းရော"

ထူးနိုင် အနောက်ပြန်ငဲ့ကြည့်ကာ

"ထွက်သွားပြီလေ၊ အလကားပါ၊ နယ်မှာ စီးပွားရေးလုပ်ချင်တယ်ဆိုပြီး ကိုယ့်ဆီမှာ ပိုက်ဆံချေးတာ"

ထိုစဉ် ကြားလိုက်ရသည်က

"ဘာကွ၊ ငါက မင်းဆီကပိုက်ဆံ ဘာလို့လာချေးရမှာလဲ"

ဘယ်ကဘယ်လို ခိုးနားထောင်နေမှန်းမသိသော စိုးမောင်



www.burmeseclassic.com

www.burmeseclassic.com



အသံ။ ထူးနိုင်လန့်သွားသည်။ နောက် ပျာပျာသလဲဖြင့်

“ဟာ ဟောကောင်၊ မင်းဘယ်လိုပြန်ရောက်လာတာလဲ”

မိုးမောင်က ခပ်တည်တည်ဖြင့်

“မင်း ငါ့အတင်းဘာတွေတုတ်မလဲ သိချင်လို့ လာပြန်ခိုးနားထောင်တာ၊ နေပါဦး၊ ငါက ဘာကိစ္စနဲ့ မင်းဆီက ပိုက်ဆံချေးရမှာလဲ”

မိုးမောင်စကားမဆုံးလိုက်။

“ထူးနိုင် ထူးနိုင်”

ခေါ်သံကြား၍ လှည့်ကြည့်တော့ အောင်သက်။ ထူးနိုင် ဝမ်းသာသွားသည်။

မိုးမောင်နှင့်ဆက်ပြောနေလျှင် အလိမ်ပေါ်တော့မှာကိုး။ ထို့ကြောင့်

“ဟာ အောင်ကြီး အောင်ကြီး”

မြရီနွယ် မရိပ်မိစေရန် မိုးမောင်ကိုဆွဲ၍ အောင်သက်ထံ ပြေးသွားရလေသည်။ မြရီနွယ်ကတော့ ကြောင်ပြီးကျန်ခဲ့ပြန်သည်။

“ဟာကောင်ကြီး၊ မင်းဘယ်တုန်းကရောက်လဲ”

အောင်သက်က မျက်မှောင်ကြုတ်ပြီး

“ငါဘယ်သွားလို့လဲ”

“ဟမ်”

အောင်သက်စကားကြောင့် ထူးနိုင်ကြောင်သွားသည်။ ဒီကောင်တွေ အုပ်စုလိုက်ကလပ်ပြီ။ သို့သော် မသိချင်ယောင်ဆောင်၍ စပ်ဖြီးဖြီးနှင့်

“မင်းကွာ၊ နယ်သွားလိုက်တယ်လို့ သတင်းကြားမိသလားလို့”

အောင်သက်က မျက်မှောင်ကြုတ်ရင်း

“ခုနကတောင် ပလာဇာအဝ တိုင်ဒေါင့်မှာ မင်းနဲ့ငါတွေ့သေးတာပဲ”

ထူးနိုင်လဲ မထူးနိုင်တော့။ ရှက်ကိုးရှက်ကန်းဖြင့်

“ဟုတ်လား၊ ငါသတိမထားမိဘူး၊ သူနဲ့ရောသိလား မိုးကြီးတဲ့”

အောင်သက်က မိုးမောင်ကိုကြည့်ပြီး

“မိုးမောင်လေ၊ ဘာဖြစ်လို့လဲ၊ အိမ်ချင်းကပ်နေတဲ့ဟာကို”

“ဟင်”

အခြေအနေမကောင်းတော့မှန်း သိသည်။ ထို့ကြောင့် နှစ်ယောက်လုံးကို ကုတ်မှကိုင်ပြီး

“သြော် မင်းတို့ပြောစရာရှိလို့ထင်တယ်၊ နွယ်ရေ ခဏစောင့် ကိုယ်ပြန်လာခဲ့မယ်”

ဆိုကာ ဆွဲခေါ်သွားရသည်။ အကွယ်ရောက်တော့မှ

“မင်းတို့ကလဲ ဘာဖြစ်နေတာလဲကွာ”

ထိုတော့မှ နှစ်ယောက်လုံးက ရယ်ကျဲကျဲနှင့်

“မနာလိုဖြစ်သွားလို့ပါကွာ၊ ဟီးဟီး”

“အေးကွာ၊ မတန်မရာ”

နှစ်ယောက်လုံးကို လည်ကုတ်ကဆွဲပြီး

“မင်းတို့မနာလိုဖြစ်တာနဲ့ ငါသေတော့မှာကွ”

“ဟဲဟဲ နောက်တာပါကွာ”

“မင်းတို့ အဲဒီလိုဆက်လုပ်ရင် ငါ ငါ ဒုက္ခရောက်မှာကွ”

“အေးပါ အေးပါ သူငယ်ချင်းရာ စိတ်ထိန်းပါ”

ထူးနိုင် ဘေးဘီဝေ့ကြည့်ရင်း

“ကဲ ဒါဆို ငါ သူဇာချိုဖက်ပြေးလိုက်ဦးမယ်”

ဆိုကာ သူဇာချိုရှိရာ ပြေးရပြန်သည်။

× × ×







www.burmeseclassic.com

www.burmeseclassic.com



"ချို"

"ဩော် ကိုနိုင် သူငယ်ချင်းရော"

သူဇာချို့အမေးကို ကြားလိုက်ရသည်။

"ပါတယ်၊ ပါတယ်ညီမရေ၊ ညီမကို စိတ်မချလို့တဲ့၊ ဒီကောင် ပြန်လှည့်လာတာ၊ အစ်ကိုတို့က ဘယ်မှမသွားဘူး၊ ဟီးဟီး"

ကြည့်လိုက်တော့ သိန်းစိုး။ ထူးနိုင်နောက်က အပြေးလိုက် လာခြင်းပင်ဖြစ်မည်။ ဒါကို ထူးနိုင်က ရောချပြီး

"ဟုတ်တယ်ချိုရေ၊ သူငယ်ချင်းနဲ့ကိစ္စမပြတ်သေးဘူး၊ အဲဒါ ချိုတစ်ယောက်တည်း အူကြောင်ကြောင်ဖြစ်နေမှာစိုးလို့"

သူဇာချိုက ဘာမှမဖြစ်ဟန်ဖြင့် ဘေးဘီဝေ့ကြည့်ပြီး





"ရပါတယ်၊ ချိုက အရေးမကြီးပါဘူး၊ သူငယ်ချင်းကိစ္စသာ ပြီးအောင်လုပ်ပါ"

သဘောထားကြီးသော ကလေးမပင်။ ဒါကို ထူးနိုင်လဲ အခွင့်ကောင်းယူကာ

"အင်း အင်း ဒါဖြင့်လဲ သူငယ်ချင်းနဲ့ကိစ္စပြီးအောင်လုပ် လိုက်ဦးမယ်နော်၊ ပြီးမှပြန်လာမယ်"

"ရပါတယ်ကိုနိုင်ရဲ့၊ ချိုက ကိစ္စမရှိပါဘူး"

ဒါကို ဘေးက သိန်းစိုးကလဲ

"ဒါဖြင့်သွားပြီနော်၊ ပြန်လာမယ်။ ဟီးဟီး သွားပြီ"

ဆိုပြီး စကားကို ဆက်နေ၍ မနည်းဆွဲခေါ်လာရသည်။

ဒီတစ်ခါတော့ မြရီနွယ်ဆီမသွားတော့။ လူရှင်းသောနေရာ တစ်ခုတွင်သာ လူစုလိုက်သည်။

"ဟူး ဒီအတိုင်းဆို မလွယ်ဘူးကွ"

သူ့စကားကို အောင်သက်က

"မင်းမလွယ်တာမှုဟုတ်ဘူး၊ ငါတို့လဲ မလွယ်ဘူးကွ'

ဒါကို ထူးနိုင်က တင်းသွားပြီး

"ဘာမလွယ်တာလဲ၊ မင်းတို့ပဲ လိုက်ကြပ်နေပြီးတော့"

အားလုံး တဟီးဟီးတဟဲဟဲ ဖြစ်သွား၏။ မိုးမောင်က

"ပျော်လို့ပါကွာ၊ ငါတို့လဲ ဒါမျိုး တစ်ခါမှလုပ်ဖူးတာမှ မဟုတ် တာ၊ ဟီးဟီး"

"မင်းတို့ပျော်တာ အရေးမကြီးဘူးကွ၊ ငါက သေမှာ"

အားလုံး ထူးနိုင်ကို ပြန်ကြည့်ကြသည်။ အတန်ကြာမှ သိန်း စိုးက

"ကဲ အဲဒါတွေထားပါတော့၊ အပြန် ဘယ်လိုပြန်ကြမလဲ၊ မင်း နှစ်ယောက်လုံးနဲ့ပြန်လို့ မဖြစ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ထူးနိုင် ခေါင်းနပန်းကြီးသွားပြန်သည်။

"ဟာ ဟုတ်တယ်ကွ၊ အပြန်ကို ဘယ်လိုလုပ်ရမှာလဲ"

အားလုံးမစဉ်းစားတတ် ဖြစ်သွားသည်။ အောင်သက်က

"အေးကွ၊ တစ်ယောက်နဲ့လိုက်ပြန်ရင် တစ်ယောက်က ကျန်မှာပဲ၊ တစ်ယောက်ပြီးတစ်ယောက်ပြန်ဖို့ကလဲ အချိန်အဲလောက်ရမှာ မဟုတ်ဘူး"

"ဒါဆို ဘယ်လိုလုပ်မလဲ"

အားလုံးငြိမ်ကုန်သည်။ စဉ်းစား၍ အဖြေကမထွက်။ နောက်ဆုံး ထူးနိုင်ကသာ ခေါင်းကိုခပ်ကြမ်းကြမ်းကုတ်ပြီး

"မီးစင်ကြည့်ကကြတာပေါ့ကွာ၊ ကဲ လာ မြရီနွယ်ဆီ သွားကြည့်ကြရအောင်"

အားလုံး ခုနက မြရီနွယ်ရှိရာသို့ တက်ညီလက်ညီ ထွက်လာခဲ့ကြသည်။

× × ×





"ဟာ"

မြင်လိုက်ရသောမြင်ကွင်းကြောင့် အားလုံးခေါင်းနပန်းကြီးသွားသည်။

ဆိုင်တစ်ဆိုင်ထဲ၌ မြရီနွယ်ရော သူဇာချိုပါ ရောက်နေခြင်းပင်။

သို့သော် နေရာဒေသမတူ၊ တစ်နေရာတည်း ရှိနေခြင်းလဲမဟုတ်။ ဆိုင်တစ်ဆိုင်တည်းဖြစ်သော်ငြား တစ်ဖက်ဆီမှာ ကိုယ်စီလိုနိုင်သော ပစ္စည်းကို ငေးနေကြသည်။

"ဟာ သွားပြီ သွားပြီ၊ အကြီးကြီးသွားပြီ၊ နှစ်ယောက်လုံးတွေ့ကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထူးနိုင်၏ ကတုန်ကယင်စကား။ ကျန်သူများလဲ ဘာလုပ်ရမှန်းမသိ။

"အေးကွ၊ သူတို့နှစ်ယောက်တွေ့ကြရင် ဘာဖြစ်ကြမလဲ"

မိုးမောင်၏အမေး။ ထူးနိုင်ကတုန်ကယင်ပင်ဖြစ်သွား၏။

"သေ သေပြီပေါ့၊ ငါသေပြီပေါ့"

သူ့စကားကို သိန်းစိုးက

"နေဦးကွ၊ အခုနအတိုင်းဆို သူတို့အချင်းချင်း သိကြပုံမပေါ်ဘူး၊ အသေအချာကြည့်ပါလား၊ တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်ဖို့မပြောနဲ့၊ လှည့်ကြည့်ဖော်တောင်မရဘူး"

အားလုံး အာရုံပြန်စိုက်ကြည့်ကြသည်။ မှန်ပေသည်။ မိန်းကလေးနှစ်ဦးလုံးမှာ ကိုယ်စီငေးနေကြတုန်း။ ပြီးနောက် ကိုယ့်အတွေးနှင့်ကိုယ် အနားကပ်လာကြသည်။

"ဟောကောင် အသိတွေဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

ထူးနိုင်၏စိုးရိမ်စကား။ ဒါကို သိန်းစိုးက

"အသေအချာကြည့်၊ အသေအချာကြည့်၊ သူတို့နီးလာရင် ပိုပြီးသိရမယ်"

အားလုံးကုတ်ချောင်းချောင်းနှင့် ငေးနေကြသည်။ ဖြစ်ချင်တော့ ထိုနှစ်ယောက်မှာ

"အို အမေ့"

"ဟဲ့ ပုတု"

မိန်းကလေးနှစ်ယောက် အမှတ်မထင် တိုက်မိကြသည်။ တိုက်မိသောအရှိန်ကြောင့် နှစ်ဦးလုံးလက်ထဲကိုင်ထားသည်များ လွတ်ကျသွား၏။

ထူးနိုင်က ကိုယ့်ခေါင်းကိုယ်အုပ်ကိုင်ရင်း

"ဟာ သွားပြီ သွားပြီထင်တယ်"





မင်း မြင့်နှယ်နား
မသိမသာ ကပ်ပြီး
စကားကိုတိုးတိုးပဲပြော၊
ပြီးရင် သူ့အချိုသိသွား
အဲဒီအတိုင်း ပဲ တိုးတိုးပြော၊

ရန်ထဖြစ်လျှင် ဒုက္ခဟု သူတွေးလိုက်မိသည်။ ရန်ဖြစ်ပါက ဘယ်ဖက်က ဝင်ဆွဲရမှန်း သူမသိ။ သူကသာ စိုးရိမ်နေတာ။ ဟိုနှစ်ယောက်ကတော့ ဘာမှမသိ။ တစ်ယောက်ကိုတစ်ယောက် တစ်ချက်ကြည့်ပြီး ခေါင်းလေးများညွှတ်ကာဖြင့်

"ဆောရီးနော် ဆောရီး"

"ဟာ ရပါတယ်၊ မမြင်လို့နော်"

နှစ်ယောက်သား ကိုယ်စီ ပစ္စည်းများ ပြန်ကောက်လိုက်ကြသည်။ ပြီးနောက်

"ခွင့်ပြုပါဦး"

"ကိစ္စမရှိပါဘူးရှင်"

နှစ်ယောက်သား လမ်းခွဲလိုက်ပြီး တစ်ဖက်စီပြန်သွားရင်း ပြန်ငေးနေကြသည်။ ထိုအချင်းအရာကိုကြည့်၍ အောင်သက်က

"ဒါအကွက်ပဲ"

"ဟင်"

အောင်သက်စကားကို အားလုံးစိတ်ဝင်စားသွားသည်။ ထူးနိုင်ကသာ ငိုမဲ့မဲ့နှင့်

"ဘာအကွက်များလဲကွာ၊ မင်းကလဲ ဒုက္ခရောက်မယ့်အကွက်လား"



www.burmeseclassic.com

www.burmeseclassic.com



အောင်သက်က ထူးနိုင်၏ကုတ်ကို ဖိနှိပ်ပြီး

"ဒီမှာကြည့်"

"ကြည့်နေတယ်လေ"

"မင်း အခု အဲဒီဆိုင်ထဲဝင်သွား"

"ဝင်သွားရင် သေပြီပေါ့ကွ အဟင့်"

ထူးနိုင် ငိုမဲ့မဲ့ပင် ဖြစ်နေသည်။ ဒါကို အောင်သက်က

"ဘာမှမဖြစ်ဘူး၊ ဒီမှာကြည့်၊ မင်း မြရီနွယ်နား မသိမသာကပ်ပြီး စကားကိုတိုးတိုးပဲပြော၊ ပြီးရင် သူဇာချိုဆီသွား၊ အဲဒီအတိုင်းပဲ တိုးတိုးပြော၊ သူတို့သိမှာမဟုတ်ဘူး"

ထူးနိုင်ခေါင်းကုတ်ပြီး

"မဖြစ်နိုင်ဘူးထင်တယ်နော်"

"ဖြစ်ပါတယ်၊ သွားပါကွာ၊ သွား"

ဆိုကာ တွန်းလွှတ်လိုက်တော့

"ဟာ"

နှစ်ယောက်လုံးက ထူးနိုင်ကို လှည့်အကြည့်။

"ဟင်"

ထူးနိုင်မှာ ပြေးမလွှတ်တော့။ နှစ်ယောက်လုံးက ကိုယ်စီ ထူးနိုင်ကို ပြုံးပြကြသည်။ ထူးနိုင်ခပ်တည်တည် နှစ်ယောက်ကိုမျှ ပြုံးပြလိုက်သည်။

ပြီးနောက် အောင်သက်ပြောသလို ခပ်တည်တည်နှင့် ဆိုင်ထဲ ဝင်သွားလိုက်သည်။

သူသွားတော့မှ မိုးမောင်က အောင်သက်အား

"ဟေ့ ဟေ့ကောင်၊ မင်းပြောတဲ့အကြံက အလုပ်ဖြစ်ပါ့မလား"

အောင်သက်က ရယ်ကျဲကျဲလုပ်ပြီး

"မသိဘူးလေကွာ"





"ဟမ်"

"ခံရတော့ သူခံရမှာပဲ ဆက်ကြည့် ဟီဟိ"

အရေးထဲ အူမြူးနေသေး၏။ ထူးနိုင်ကသာ. . .

× × ×



www.burmeseclassic.com

www.burmeseclassic.com



ထူးနိုင် ခပ်တည်တည်နှင့် ဆိုင်ထဲမှ မြရီနွယ်နား ကပ်သွား၏။ ပြီးနောက် မသိချင်ယောင်ဆောင်၍ နံဘေးနားကပစ္စည်းတစ်ခုကောက်ကိုင်ကာ

"ဝယ်ချင်တာ စုံပြီလား"

မြရီနွယ်ကလဲ သူလိုချင်သည်များကြည့်ကာ

"အင်း စုံပြီထင်တာပဲ"

ထူးနိုင်က အံကြိတ်သံဖြင့်

"အင်း ဒါဖြင့် ကိုယ် ဟိုဖက်မှာ လိုချင်တာလေး လိုက်ကြည့်လိုက်ဦးမယ်"

"ဟုတ်"





ထူးနိုင် ခပ်တည်တည်နှင့် ဟိုကြည့်သလို ဒီကြည့်သလို လုပ်ပြီး သူဇာချိုနားကပ်သွားပြန်သည်။ ပြီးနောက် အသံတိုးတိုးဖြင့်

"ပြန်ချင်ပြောနော်၊ ဝယ်စရာရှိသေးလား"

သူဇာချိုက တစ်ချက်သာဝေ့ကြည့်ပြီး

"လိုချင်တာရှိမလားလို့ လိုက်ကြည့်နေတာ"

ထူးနိုင်လဲ အသံတိုးတိုးဖြင့်

"ကိုယ်လဲ လိုက်ကြည့်ဦးမယ်"

ဆိုကာ မြရီနွယ်နား ကပ်သွားပြန်သည်။

"ရပြီလား၊ တခြားဖက်သွားဦးမလား"

"အင်း ဒီမှာကြည့်ဦးမလားလို့"

"ဒါဆို ကိုယ်လဲ လိုက်ကြည့်ဦးမယ်"

ဆိုကာ သူဇာချိုဖက် ပြန်ကပ်သွားပြန်သည်။

"ဒီဆိုင်လေးက ဈေးဝယ်ကောင်းတယ်နော်"

"အင်း ဈေးလဲချိုသား"

"ဒါဖြင့် ဆက်ရွေးနော်"

ဤသို့ဖြင့် တစ်ယောက်တည်း အလုပ်ဖြစ်နေသော သူ့ကိုကြည့်၍ သူငယ်ချင်းများက မနာလိုတော့။ ထို့ကြောင့်

"ထူးနိုင်"

အော်သံကြားတော့ ထူးနိုင် ခေါင်းနပန်းကြီးသွား၏။ မြရီနွယ်ရော သူဇာချိုပါ ထူးနိုင်ကို ဝေ့ကြည့်ကြသည်။ ထူးနိုင်လဲလန့်ပြီး

"ဟာ သူငယ်ချင်း ငါလာပြီ ငါလာပြီ"

ဆိုကာ ပြေးထွက်လိုက်သည်။ အပြင်ရောက်မှ ယောင်ပြီး

"ဟိတ်"

နှစ်ယောက်လုံး သူ့ကိုငေးကြည့်နေသည်။

"ပြန်နှင့်တော့နော်၊ သူငယ်ချင်းတွေခေါ်လို့"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံးက တစ်နေရာစီမှ ခေါင်းညိတ်ကြသည်။

ထူးနိုင်ကတော့ ကော့ပြီးထွက်လာလိုက်တော့သည်။ သူငယ်ချင်းများကိုပင် မခေါ်တော့။

သူငယ်ချင်းများကပင် ကြောင်ပြီးကျန်ခဲ့ရလေသည်။ ပြောသား။ ထူးနိုင်က လူလိမ်မဟုတ်။ လူလည်။

× × ×





နှင်းဇော်ငွေ့က မပြယ်သေး။

ထူးနိုင်နှင့်မြရီနွယ်တို့ ထိုင်နေကျခုံတန်း၌ ထိုင်ပြီး အမောဖြေနေကြသည်။ အတန်ကြာမှ

"မနေ့ကကိစ္စကို တောင်းပန်ပါတယ်"

မြရီနွယ်က ထူးနိုင်ကိုပြန်ကြည့်သည်။

"ဘာကိုလဲဟင်"

ထူးနိုင် ခေါင်းကုတ်ပြီး

"ဟိုလေ၊ ပလာဇာမှာ သူငယ်ချင်းတွေနဲ့ကိစ္စ"

မြရီနွယ်က ပြုံးသည်။

"ရပါတယ်၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ထူးနိုင်က မြရီနွယ်ကို မလုံမလဲကြည့်သည်။ မြရီနွယ်ကသာ ပြုံးပြီး

"သူငယ်ချင်းတွေက ကိုထူးကိုအတော်ခင်တယ်နော်"

ထူးနိုင်ကသာ မလုံမလဲပြုံးပြီး

"ဟုတ်တယ်၊ သူတို့အကူအညီလိုရင် ကိုယ့်ဆီပဲ လာကြတာ၊ အနိုင်ကျင့်နေကျလေ၊ ဟဲဟဲ ဒါကြောင့်"

မြရီနွယ်က မဆို့တရို့ပြုံးပြီး

"ဟင်းဟင်း အခုတလော အတိုက်အခိုက်ကံပါလို့လား မသိဘူး၊ ပလာဇာမှာတောင် ကောင်မလေးတစ်ယောက်နဲ့ တိုက်မိသေးတယ်၊ ဟင်းဟင်း"

ထူးနိုင် မျက်လုံးပြူးသွားသည်။ သူတိုက်မိခဲ့တာ သူဇာချို ကိုး။ ထို့ကြောင့်

"ဟင် အဲဒီမိန်းကလေးကို နွယ်သိလို့လား"

မြရီနွယ်က မျက်မှောင်ကြုတ်ပြီး

"ဟင့်အင်း မသိဘူး၊ ချောတော့ချောချောလေးပဲ"

ထူးနိုင် သက်ပြင်းချမိသည်။

"ကိုယ်က တစ်ခုခုဖြစ်မှာစိုးရိမ်လို့"

"ကိုထူးက သိပ်လေးစားဖို့ကောင်းတာပဲ၊ လူတိုင်းအပေါ် အလိုလိုက်တယ်နော်"

ထူးနိုင် ဘဝင်မြင့်မလိုပင် ဖြစ်သွား၏။ မြရီနွယ်က ထူးနိုင်ကို ဖျတ်ခနဲကြည့်ပြီး

"နွယ်တောင် မေမေ့ကို ပြောပြထားသေးတယ်"

"ဟင်"

ထူးနိုင်မျက်လုံးပြူးသွားသည်။

"ဟင် ဟင် ဘာပြောလဲ၊ နွယ့်မေမေက ဘာပြောလဲ"





နွယ်က ပြုံးပြီး

"အိမ်ကို ဘာလို့မခေါ်လာလဲတဲ့၊ ကိုယ့်ရဲ့အသက်သခင်ကို ထမင်းလေးဘာလေး ဖိတ်ကျွေးပါလားတဲ့"

ထူးနိုင် သက်ပြင်းချမိသည်။ အခြေအနေက အကောင်းဖက်မှာကိုး။

"အဲဒါ ကိုထူး ဒီနေ့လယ်အားလားဟင်"

ထူးနိုင်ဝမ်းသာသွားသည်။

"ဟာ အား အားပါတယ်၊ ဘာလို့လဲဟင်"

"အိမ်ကို ထမင်းစားဖိတ်မလို့"

"ဟာ အားနာစရာ"

စကားအဖြစ်သာ ပြောရသည်။ အမှန်တော့ ဝမ်းသာလုံး ကြီးဆို့နေပြီလေ။ ကောင်မလေးလှလှလေးနှင့် ထမင်းလက်ဆုံစားရ မည်ကိုး။ အနည်းဆုံးတော့ ထမင်းတစ်နပ်စာ သက်သာမည်လေ။

"အဲဒါဆို နွယ် အိမ်မှာ ဆယ့်တစ်နာရီခွဲလောက် စောင့်နေမယ်နော်၊ အိမ်ကိုလာတတ်တယ်မဟုတ်လား"

"ဟုတ် ဟုတ် လာတတ်ပါတယ်၊ လမ်းကမှ မခက်တာ"

နွယ်ထရပ်လိုက်သည်။

"ဒါဖြင့် သွားပြီနော်၊ နေ့ခင်းကျမှ အိမ်မှာဆုံမယ်"

ဆိုကာ ပြေးထွက်သွားလေတော့သည်။ ထူးနိုင်ကတော့ ကြည်နူးစွာပြုံးရင်း ကျန်ခဲ့ရလေသည်။ ပြီးမှ

"ယာစ်"

× × ×



www.burmeseclassic.com

www.burmeseclassic.com



နှင်းကွဲချိန်။

ထူးနိုင်နှင့်သူဇာချိုတို့ ဆုံနေကျ လက်ဖက်ရည်ဆိုင်မှာ ဆုံကြသည်။

"မနေ့ကကိစ္စ အားနာလိုက်တာချိုရယ်"

"ဟင် ဘာကိစ္စလဲဟင်"

ထူးနိုင်ခေါင်းကုတ်ပြီး

"ဟိုလေ ပလာဇာမှာ သူငယ်ချင်းတွေကိစ္စ"

သူဇာချိုက ရယ်ရင်း

"ရပါတယ်၊ ချိုနားလည်ပါတယ်၊ ချိုက သူငယ်ချင်းသိပ်မရှိပေမယ့် အဲဒီလို သူငယ်ချင်းသိုက်သိုက်ဝန်းဝန်းနဲ့ သိပ်နေချင်တာ"





ထူးနိုင် သက်ပြင်းချမိသည်။ ဒီတစ်ယောက်ကလဲ အဆင်ပြေနေတာကိုး။

"ဒါနဲ့ ပလာဇာမှာတိုက်မိသေးတယ်နော်"

သူဇာချိုက ရယ်ရင်း

"ဟုတ်တယ်၊ ဟုတ်တယ်၊ တိုက်တော့လဲ ကိုယ်အသာပဲ၊ သူပဲလဲကျမလို ဖြစ်သွားတာ"

"သူဆိုတာ"

"တိုက်မိသွားတဲ့ ကောင်မလေးလေ၊ အင်း ခပ်ချောချောလေးပဲ"

ထူးနိုင် ယခုမှ နေသားထိုင်သား ကျသွားသည်။ သူတို့နှစ်ယောက်မသိတာ သေချာသွားပြီကိုး။

"ဒါနဲ့ နေ့လယ်အားလားဟင်"

ရုတ်တရက်အမေးကြောင့် ထူးနိုင်လဲ ကြောင်ပြီး

"ဟုတ်ကဲ့ အားပါတယ်၊ ဘာကိစ္စရှိလို့လဲဟင်"

သူဇာချိုက ရှက်ကိုးရှက်ကန်းပြုံးပြီး

"ဟိုလေ အိမ်မှာထမင်းဖိတ်ကျွေးမလို့ပါ၊ ကိုနိုင်အားမှပါ"

ထူးနိုင် ခေါင်းကို ပျာပျာသလဲညိတ်ပြီး

"အားပါတယ်၊ စားပေးရမှာပေါ့၊ ဟဲဟဲ"

စပ်ဖြဲဖြဲလုပ်နေသေး၏။

"ဒါဆို ဆယ့်တစ်နာရီခွဲလောက် အိမ်လာခဲ့ပါလား"

"ဟမ်"

ရုတ်တရက်ကြောင်သွားသေး၏။ ဒါကို သူဇာချိုက

"ဘာလဲ မအားလို့လား"

"ဟာ အား အားပါတယ်၊ ဘာမှမရှိပါဘူး၊ အားပါတယ်၊ ဆယ့်တစ်နာရီခွဲနော်၊ ဟင်းဟင်း"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပျာပျာသလဲနှင့် ပြန်ပြောမိသည်။ စိတ်ထဲတွင်တော့

"တောက် ဒုက္ခပဲ၊ ဟိုဖက်မှာလဲ ဆယ့်တစ်ခွဲချိန်းထားမိပြန်ပြီ၊ ပြဿနာပဲ၊ ဘယ်လိုဖြေရှင်းရမှန်းမသိဘူး" နောက်မှ အရဲစွန့်၍

"ဟိုလေ အချိန်နည်းနည်းရွှေ့လို့ ရမလားလို့ အဟဲ"

သူဇာချို မျက်မှောင်ကြုတ်သွားပြီး

"ဘာလဲ ချိန်းထားတာရှိလို့လား"

ထိုအမေးကို ထူးနိုင် ပျာပျာသလဲ ဖြစ်သွားပြန်ပြီး

"ဟာ မရှိပါဘူး၊ မရှိပါဘူး၊ အားပါတယ်၊ ဟဲဟဲ အားပါတယ်၊ လာခဲ့မှာပေါ့"

သူဇာချို သက်ပြင်းချရင်း

"ဒါဆို ဆယ့်တစ်ခွဲနော်"

ထူးနိုင် သူ့နဖူးကိုသူ ဖောင်းခနဲ ရိုက်ချင်နေသည်။ သို့သော် မအောင်မြင်။ ခေါင်းညိတ်ခြင်းဖြင့်သာ အဆုံးသတ်ရ၏။

× × ×





ထူးနိုင် ကိုယ့်ကိုကိုယ် အလှဆုံးဖြစ်အောင် သ,နေသည်။ ရင်ထဲမှာလဲ တထိတ်ထိတ်။ အခြေအနေက ဘာဖြစ်နိုင်မယ်မှန်း မသိနိုင်သေး။ တစ်ချက်မှားသွားသည်နှင့် အခြေအနေက ချက်ချင်းပြောင်းလဲသွားနိုင်သည်။ တစ်ချိန်တည်းတစ်ပြိုင်တည်းကို ဘယ်လိုသွားရမှန်း မသိ။ နောက်မှ အကြံရပြီး

"ဟုတ်ပြီ၊ ကားတစ်စီးကို အပြတ်ငှားထားမယ်၊ ပြီးရင် ဟိုဖက်ဒီဖက်ကူးမယ်"

ဟုစိတ်ပိုင်းဖြတ်ပြီး

"အဲ နေဦး၊ ဟိုဖက်ဒီဖက် ဘယ်လိုကူးမလဲ"

ထပ်စဉ်းစားမိပြန်သည်။ နောက်မှ သတိရကာ လက်ဖျောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တီးကာ

"ဟုတ်ပြီ၊ မိုးမောင်ကို ဖုန်းဆက်ခိုင်းရမယ်"

တွေးမိကာ မိုးမောင်ထံ ဖုန်းဆက်လိုက်သည်။

"ဟဲလို မိုးမောင်လား၊ အေး ငါပါ ထူးနိုင်ပါ၊ မင်းငါ့ကို ဆယ့်တစ်နာရီခွဲကျော်ကျော်လောက် ဖုန်းဆက်လို့ရမလား၊ ကိစ္စက မင်းသိတဲ့အတိုင်းပေါ့ကွာ၊ မိန်းကလေးနှစ်ယောက်ကြား ဗျာများရမှာပေါ့၊ ဆက်ဖြစ်အောင်ဆက်နော်၊ မင်းညီလေး ခြေထောက်ကျိုးလို့ ဘာညာပေါ့၊ ဒါပဲနော်"

အားလုံးအကွက်ကျအောင်စီမံပြီး ထူးနိုင်ပျော်သွားသည်။ ထို့ကြောင့် အချိန်မနှောင်းစေရန်

အပြင်ထွက်၍ ကားငှားလိုက်သည်။

အခန့်သင့်ပင် ကားတစ်စီးလာရပ်သည်။

"ဘယ်သွားမလို့လဲ ညီလေး"

ကားဆရာက အသက်ခပ်ကြီးကြီးတစ်ယောက်။

"ဒီရပ်ကွက်အစွန်ဖက်ကို သွားမယ်၊ ပြီးရင်စောင့်ရမယ်၊ အဲဒီကမှ ဟိုဖက်ရပ်ကွက်ကိုသွားမှာ"

လူကြီးက မျက်မှောင်ကြုတ်သွားသည်။ ပြီးမှ

"တစ်နာရီတစ်သောင်းပဲပေး"

ထူးနိုင် စဉ်းစားမနေဘဲ

"ရတယ်၊ ပေးမယ်ဗျာ"

ဆိုကာ ကားပေါ်တက်လိုက်သည်။ ကားလေးက အလိုက်သင့်မောင်းထွက်လိုက်သည်။

"သီချင်းတွေကြိုက်လား ညီလေး"

ကားဆရာအမေးကို ထူးနိုင်လဲ ဘာရယ်မဟုတ်။

"ဟုတ်ကဲ့ ကြိုက်ပါတယ်"





"ဘာသီချင်းကြိုက်လဲ ညီလေး၊ ဘိုသီချင်းလား၊ မြန်မာသံလား"

ထူးနိုင်ခေါင်းကုတ်ပြီး

"လေးဖြူသီချင်းလုပ်ဗျာ"

"အိုကေ ညီလေး"

ဆိုကာ

"ပင်လယ်ပြင်ကို ဖြတ်ကျော်ချင်တယ် နှလုံးသားများလဲ လေးလံနေဆဲအချစ်"

"ဟင်"

ပြုကွဲထွက်လာသော အသံကြီးကြောင့် ထူးနိုင်လန့်သွားသည်။

"ဟင် ဒါ ဒါက"

ကားဆရာက ပြုံးပြီး

"ကက်ဆက်တော့မရှိဘူးညီလေး၊ ဒါပေမယ့် သီချင်းအကုန်ရတယ်၊ အစ်ကိုဆိုပြမယ်"

"ဟင်"

ထူးနိုင်အံ့အားသင့်သွားသည်။

"ဘဝတစ်ခု ဆက်ရှင်နေထိုင် မြစ်တစ်ခုလို ငါ့ရဲ့အချိန်တွေစီးတယ်၊ အသံထပ်ကျယ်ပေးရမလား ညီလေး"

"ရ ရပါပြီဗျာ"

"အားမနာနဲ့ ညီလေး၊ တစ်နာရီတစ်သောင်းတောင် ပေးထားတာပဲ"

"စီးဆင်းနိုင်မလား လွတ်လပ်ခြင်းများလမ်းလျှောက်"

ပြုကွဲနေသော အသံကြီးကြောင့် ထူးနိုင် သည်းမခံနိုင်တော့။ ထို့ကြောင့်

"မြန်မာ မြန်မာသံလေးပဲ လုပ်ပါတော့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေညီလေး၊ ဟင်္သာထွန်းရင်၊ တွံတေးသိန်းတန်၊ ကိုမြကြီး၊ ဗညားဟန်၊ ဘာနားထောင်မလဲ၊ အကုန်ရတယ်နော်"

"တွံတေးသိန်းတန်သာ လုပ်ပါဗျာ"

"ကျေးစေခိုင်းရမှာဖြင့် ရိုးတယ်ထင်ပါသည်၊ ပေဖူးလွှာ ပေဖူးလွှာ အမှာပါးရမှာဖြင့်"

သီချင်းတွေ တကယ်ကိုရနေခြင်းဖြစ်သည်။

ဤသို့ဖြင့် သီချင်း(၃)ပုဒ်မဆုံးခင် မြရီနွယ်တို့အိမ်သို့ ရောက်ပါသည်။ နာရီကြည့်တော့ ဆယ့်တစ်ခွဲရန် အနည်းငယ်အလို ကားပေါ်မှဆင်းသည်။

"ညီလေး သီချင်းဆက်လုပ်ထားရမလား"

ထူးနိုင်လဲ ခေါင်းညိတ်ပြီး

"ဆက်လုပ်ထား ရတယ်၊ ရတယ်"

"တွံတေးသိန်းတန်ပဲလား ညီလေး"

"ရတယ်၊ ရတယ်၊ ဆက်လုပ်"

"အဲ မြန်မာဆို ငါးပိကို မမေ့ပါနဲ့"

ထူးနိုင်အရသာခံ၍ နားမထောင်နိုင်တော့။ မြရီနွယ်တို့ အိမ်လေးထဲ လှမ်းဝင်လိုက်သည်။

"ပျင်းသေးတယ်၊ ပျင်းသေးတယ်၊ ပျင်းတောင်ပျင်းသေးတယ်ဟေ့၊ မိန်းမမျက်ရည် မာယာလောကတော့ ပျင်းသေးတယ်၊ ပျင်းသေးတယ်၊ ပျင်းတောင်ပျင်းသေးတယ်ဟေ့"

× × ×





"မျှော်နေတာ"

မြရီနွယ်က ဆီးကြို၏။

"မင်းတို့မျက်ရည် မာယာလောကတော့ ပျင်းသေးတယ် ပျင်းသေးတယ်၊ ပျင်းတောင်ပျင်းသေးတယ်ဟေ့"

ကားဆရာ၏ အသံကျယ်ကျယ်ကြားတော့ မြရီနွယ်မျက်မှောင်ကြုတ်သွားသည်။

"ကားဆရာ ဘာလို့ သီချင်းဆိုနေတာလဲ"

"ပျော်လို့၊ အဲ ဟုတ်ပါဘူး၊ တန်အောင်လို့တဲ့"

မြရီနွယ် အံ့အားသင့်သွားသည်။

"ဟင် ကားကို တစ်ခါတည်းငှားထားတာလား၊ ဘယ်သွား



www.burmeseclassic.com

www.burmeseclassic.com



စရာရှိသေးလို့လဲ”

ထူးနိုင် ရှိုးတိုးရှန့်တန့်ဖြစ်သွားသည်။ နောက် ကယောင်ကတမ်းဖြင့်

“ဟုတ်ကဲ့၊ သူငယ်ချင်းရဲ့ညီတစ်ယောက်က အက်ဆီးဒင့်ဖြစ်မှာလေ၊ အဲဒါကြိုသိလို့”

“အက်ဆီးဒင့်ဖြစ်မှာ ကြိုသိလို့”

မြရီနွယ်မျက်လုံးပြူးသွားသည်။ ထိုတော့မှ ထူးနိုင်လဲ စကားမှားမှန်းသိပြီး

“ဟဲဟဲ ဘာမှမဟုတ်ပါဘူး၊ ပျော်လို့ပြောတာ၊ လာ အထဲဝင်ရအောင်”

ဆိုကာ ရှက်ကိုးရှက်ကန်းနှင့် သူ့အိမ်သူ့ယာလို သူက ဦးဆောင်၍ အိမ်ထဲဝင်လိုက်သည်။

“ပျင်းတောင်ပျင်းသေးတယ် ဟော့ ပျင်းတောင်ပျင်းသေးတယ်”

ကားဆရာအသံက ကြားနေရတုန်း။

“လာ ကိုထူး လာ”

မြရီနွယ်က ဦးဆောင်၍ ထမင်းစားခန်းခေါ်သွားသည်။

“မေမေ ဒါ သမီးပြောတဲ့ ကိုထူးလေ၊ ထူးနိုင်တဲ့”

မိတ်ဆက်ပေးသော မြရီနွယ်အမေက ပြုံးရွှင်စွာဖြင့်

“အေး သားလေးအကြောင်း သမီးက အမြဲပြောတယ်၊ လူချင်းက အခုမှမြင်ဖူးတာ၊ သမီးလေးအတွက်လဲ ကျေးဇူးတင်ပါတယ်ကွယ်”

အတော်ကလေးကို ဖော်ဖော်ရွေရွေပင်။

“ဘာတွေရှောင်လဲတော့ မသိဘူး၊ အားလုံးစုံအောင်တော့ ချက်ထားတာပဲ”

တကယ့်ကိုဖွယ်ဖွယ်ရာရာပင်။ ထမင်းစားပွဲကိုကြည့်၍ ထူးနိုင်အဝတုတ်ချင်စိတ်များ တဖွားဖွားနှင့်ပေါ်လာသည်။ အိမ်မှာ တည်းမယ့်





သူမရှိကတည်းက ထမင်းဆိုင်မှာပင် ဖြစ်သလို မဖြစ်ညစ်ကျယ် စားနေရသည်ကိုး။

“ထည့်စားနော်သား၊ အားမနာနဲ့”

ဟိုက ရှိုးရှိုးသားသား သားဟုခေါ်သည်ကိုပင် ထူးနိုင်မှာ ရှိန်းတိန်းဖိန်းတိန်းနှင့်။

“သမီးလေးကို စောင့်ရှောက်တဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်သားရယ်၊ ဟဲ့ သမီး ဟင်းတွေထည့်ပေးလေ”

“ဟုတ်ကဲ့ မေမေ”

မြရီနွယ်က ဟင်းတွေခပ်ထည့်ပေးသည်။ ထူးနိုင်လဲ အားမနာဘဲ ပါးဖြိုနားဖြိုစားမည်အပြင်

“တီတီတီ တီတီတီ”

ဖုန်းမြည်သံ။ ဖွင့်ကြည့်လိုက်တော့ မိုးမောင်၏ဖုန်း။ ထူးနိုင်စိတ်ညစ်သွားသည်။ ဆယ့်တစ်နာရီခွဲကျော်မှ ဖုန်းခေါ်နိုင်းသည်ကို ဘာမှပင်မစားရသေးခင် ကြိုခေါ်၍ဖြစ်သည်။

ဖုန်းကိုကိုင်ရနိုး၊ မကိုင်ရနိုးဖြစ်နေမိ၏။ မြရီနွယ်က သူ့ကိုဖုံးကြည့်ပြီး

“အရေးကြီးတဲ့ဖုန်းလား၊ ကိုင်လိုက်လေ”

ထူးနိုင်ခေါင်းညိတ်ပြီး ဖုန်းကိုကိုင်လိုက်ရသည်။

“ဟဲလို”

တစ်ဖက်မှကြားရသောအသံက

“ဟော့ကောင် သေချင်းဆိုး၊ ယောက်ဖလေး”

မိုးမောင်၏ခေါ်သံကြောင့် ထူးနိုင်မျက်နှာပျက်သွားရသည်။ ထိုသော် ဟန်မပျက်ဖြင့်

“ဟုတ်ပါတယ်၊ ထူးနိုင်ပါ”

“အေး ဟော့ကောင် အခြေအနေကောင်းလား၊ သူများကျေး



www.burmeseclassic.com

www.burmeseclassic.com



ညီလေး မတန်ဘူး
ဖြစ်သွားမှာပေါ့၊ တန်အောင်
အစ်ကို အာအညှောင်းခံပြီး
ဆိုပြနေတာ

တာ စားပိုးနင့်အောင် မစားနဲ့နော်"

ထူးနိုင်လဲ မသိချင်ယောင်ဆောင်ပြီး

"ဩော် မိုးမောင်လား၊ ပြော ဘာကိစ္စလဲ"

တစ်ဖက်မှလဲ မလျှော့။

"အေး မင့်နှမယောက်ျားလေ၊ မင်းကို ချေးကားလက်ဆောင် ဝယ်ပေးခဲ့တဲ့သူပေါ့"

ထူးနိုင်လဲ ခပ်တည်တည်ဖြင့်

"ဘာ မင်းညီမ ဟိုကောင်နောက်လိုက်လို့"

တစ်ဖက်မှ ကြောင်ပြီး အသံတိတ်သွားသည်။ နောက်မှ သတိ ရကာ

"အေး မင်းညီမဝမ်းကွဲလေး ငါ့အိမ်ရောက်နေလို့ အဲဒါ သတိ ပေးတာ"

"ဘယ်အချိန်ကလဲ"

"မနက်ကတည်းက ဆိုပါတော့ကွာ"

"ဟာ ဒါဆို လိုက်ရင်မီနိုင်သေးတာပေါ့"

"မမီတော့ဘူးဟေ့ကောင်၊ ကိစ္စက ပြီးသွားပြီ"

"အေး အေး ဒါဆို ငါလာခဲ့မယ်"

ဆိုကာ အရေးကြီးဟန်နှင့် ကမန်းကတန်း ဖုန်းချလိုက်သည်။





နောက် မြရီနွယ်ဖက်လှည့်၍

"သူငယ်ချင်းမိုးမောင်လေ သိတယ်မဟုတ်လား၊ ပလာဇာ မှာတွေ့တာ"

"အင်း ဘာဖြစ်လို့လဲ"

"သူ့ညီမက လင်နောက်လိုက်လို့တဲ့၊ ကောင်မလေးက (၆) တန်းပဲရှိသေးတာ"

"ဟင်(၆)တန်းကလေးက လင်နောက်လိုက်လို့"

"ဟုတ်တယ်၊ အဲ (၁၆)နှစ်ပဲ ရှိသေးတယ်လို့ပြောတာ"

"(၁၆)နှစ်"

"အဲ (၂၆)နှစ်လို့ပြောတာ၊ သူလိုက်ပြေးတဲ့ကောင်လေးက သံဝယ်တယ်၊ ကြေးဝယ်တယ်လုပ်တဲ့ကောင်လေး"

"ဟယ်"

မြရီနွယ်မှာ တကယ်ပဲအံ့ဩနေတာလား၊ တမင်အံ့ဩပေး တာလားမသိ။ အံ့ဩပေးရှာသည်။

"အဲ အဲဒါ အမြန်လိုက်ရှာမလို့တဲ့၊ အကူအညီတောင်းလို့"

"ဟင် ထမင်းစားလျက်ကြီး"

"ဟုတ်တယ်၊ ဒါပေမယ့် အမြန်လိုက်ရမှာလေ၊ နောက်ကျသွား ရင် ပိုးစိုးပက်စက်တွေ ဖြစ်ကုန်မှာ"

"အင်း ဒါလဲဟုတ်သား"

"ကဲ အဲဒါကြောင့် ခွင့်ပြုဦး၊ နောက်တစ်ခါမှပဲ အားရပါးရ စားတော့မယ်နော်"

"ဩော် ဟုတ် ဟုတ်"

"ကဲ ဒါဖြင့် သွားပြီ သွားပြီနော်"

ဆိုကာ အရေးကြီးဟန်နှင့် ပြေးထွက်ခဲ့သည်။ ဒါကို မြရီနွယ် ခင်ကပါ



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဟဲ့ ဒီကလေး ထမင်းစားမယ်ဆိုပြီး"

"နောက်မှစားတော့မယ် အန်တီရေ သွားဦးမယ်"

ဆိုကာ ကားဆီပြေးသွားလိုက်သည်။

"သတိရနေတယ် သူငယ်ချင်းရေ၊ တို့များငယ်ငယ်တုန်းက ရွာအဝင်လမ်းဆီကနေ လက်ချင်းယှက်ကာ တောင်းကာ ရမ်းကာ၊ အဲ လက်ချင်းယှက်ကာ ပြေးကာလွှားကာ"

"ကားဆရာ သွားမယ်"

ကားဆရာက မော့ကြည့်သည်။

"မြန်လှချေလား၊ တွဲတေးသီချင်းတစ်ခွေတောင် မကုန်သေးဘူး"

"နောက်မှ ဆက်ဆိုဗျာ၊ ဟိုဖက်သွားစရာရှိသေးတယ်"

ဆိုကာ အတင်းကားကို မောင်းခိုင်းလိုက်သည်။ ဒါကို ကားဆရာက

"ဘာသီချင်းနားထောင်ဦးမလဲ"

"ဆိုချင်ရာဆိုဗျာ"

"ဟွန်းသတထန်းရည်၊ အဲလေ ဟသာ်တထွန်းရင် နားထောင်မလား"

"ကြိုက်တာသာလုပ်ဗျာ"

"အမေ မွေးမေကျေးဇူးဆပ်ဖူးချင်တယ်လေ၊ အမေ တစ်မြေ ဆီခြားလို့ ဝေးကွာခဲ့ပြီ၊ သားချစ်တဲ့ မွေးမေမေ၊ သားသားချစ်တဲ့ မွေးမေမေ"

ကားလေးနှင့်အတူ ဟသာ်တထွန်းရင် သီချင်းသံများ ပျံ့လွင့်နေသည်။ ကြာတော့ ထူးနိုင်သည်းမခံနိုင်တော့။

"ကားဆရာ၊ အဲဒီအသံပိတ်လို့မရဘူးလား"

ကားဆရာက လှည့်ကြည့်ပြီး





"ညီလေး မတန်ဘူးဖြစ်သွားမှာပေါ့၊ တန်အောင် အစ်ကို အာအညောင်းခံပြီးဆိုပြနေတာ"

"ဒါဆို Lဆိုင်းဇီဆိုဗျာ"

"မိုးရေထဲမှာ အချစ်ရေ ခဏလေး တွေ့လိုက်မိတိုင်း"

ထူးနိုင် ကိုယ့်နဖူးကိုယ် ရိုက်လိုက်မိသည်။ သူကတော့ မိန်းကလေးသီချင်းဆိုလျှင် ဒီလူကြီးမရလောက်ဘူးထင်နေတာ။ သူ့အထင်နှင့်အမြင် တက်တက်စင်အောင် လွဲသွားသည်။ မိန်းကလေးသီချင်းကို ပိုရှဲပင် ပိုင်နေသေး၏။

"တမ်းတမိတဲ့ ဟိုးအရင် မိုးရေ"

"ချမ်းချမ်းလုပ်ဗျာ"

"တကယ်ပဲလဲ နင်မချစ်ဘဲနဲ့ လာပြီးတော့ ညာခွဲမနေနဲ့၊ ဟိုးတုန်းကလို အချစ်မျိုးလဲ၊ ပုံပြင်တွေလို ဟောင်းသွားခဲ့ပြီ၊ တကယ်ပဲလဲ နင်မချစ်ဘဲနဲ့"

ကားထဲမှ သီချင်းသံ လွင့်ပျံ့ဆဲ။ ထူးနိုင် ကိုယ့်နဖူးကိုယ်သာ ပြန်ထုနေမိသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချစ်တယ်၊ အရမ်းမုန်းတယ်၊ ရောထွေးနေပြီဟော့ ရှုတော့မယ်"

ထိုသီချင်းဆိုလောက်ချိန်တွင် ကားလေးက သူဇာချိုတို့အိမ်ရှေ့ကို ထိုးဆိုက်လာသည်။

သူဇာချိုက အိမ်ရှေ့ထွက်ကြိုသည်။

"မလာတော့ဘူးလားလို့"

"သိပ်ချစ်တယ်၊ အရမ်းမုန်းတယ်၊ ရောထွေးနေပြီ၊ တကယ်ရူးတော့မယ်"

သီချင်းအော်ဆိုနေသော ကားဆရာမြင်တော့ မျက်မှောင်ကြုတ်သွားသည်။ ပြီးနောက် ထူးနိုင်ဖက်လှည့်ကာ





"ဘာဖြစ်လို့ သီချင်းဆိုနေတာလဲ"

ထူးနိုင်က ပြုံးပြီး

"ကိုယ်ဆိုခိုင်းထားတာလေ၊ မယုံရင်ကြည့်၊ ကားဆရာ ကိုမြကြီးရဲ့ မိုးသီချင်းလေး လုပ်ပါဦး"

"ဂျိုးဂျိမ့်သံ မာန်တင်းပါလို့၊ အသူရာသိကြားမင်းတို့ စင်ခင်းတာပြိုင်ကြသည်၊ ဩော် ဝဿန်ခါမီ လရာသီ"

ထူးနိုင်က ပြုံးပြီး

"ကဲ လာ အိမ်ထဲဝင်ရအောင်"

ဆိုကာ အိမ်ထဲလှမ်းဝင်လိုက်သည်။ အနောက်မှာတော့ ကိုမြကြီး၏မိုးကတော့ ထစ်နေတုန်း။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"စားနော်၊ အားမနာနဲ့ သိလား"

အရှေ့မှာ စားဖွယ်က အစုံ။ ကြာဇံကြော်၊ ခေါက်ဆွဲကြော်မှအစ ဆယ့်နှစ်မျိုးဟင်းချိုအဆုံး အစုံပါပါသည်။

"ဒါတွေ ချိုချက်ထားတာလား"

သူ့အမေးကို သူဇာချိုက ပြုံးပြီး

"ဆိုင်ကဝယ်ထားတာ"

"ထင်သားပဲ၊ ဒီလောက်အများကြီးတော့ ချက်တာမဖြစ်လောက်ဘူးလို့"

"စားနော်၊ အားမနာနဲ့၊ အိမ်မှာက အဒေါ်ငယ်နဲ့ နှစ်ယောက်တည်းနေတာမို့လို့ သိပ်မချက်စားဖြစ်ဘူး၊ မေမေနဲ့ဒေါ်ကြီးတို့က





နိုင်ငံခြားမှာ"

ထူးနိုင်ပြုံးလိုက်သည်။

"ဒါကြောင့် မနက်ခင်းစာ အပြင်မှာ ထွက်စားတာကိုး"

ထူးနိုင်ပန်းကန်ထဲ အမျိုးစုံအောင် အနည်းငယ်စီ ထည့်လိုက်သည်။ ဗိုက်ကလဲ ဆာနေပြီမို့ အားရပါးရ စားမည်အပြင်

"တီတီတီ တီတီတီ"

ဖုန်းမြည်သံ။ ထူးနိုင်စိတ်ပျက်သွားသည်။ မိုးမောင်ပင်ဖြစ်လိမ့်မည်။

"ဟဲလို"

"အေး ဟော့ကောင် သေချင်းဆိုးလေး၊ အပင်းဆို့နေပြီလား"

တစ်ဖက်မှစကားကို သူဇာချိုမသိအောင်ပြုံးပြီး

"အေး သူငယ်ချင်း ဘာကိစ္စလဲ ပြော"

"ဘာရယ်မဟုတ်ဘူး၊ မင်းသေမသေ သိချင်လို့"

"ဘာ မင်းခွေးမလေး ပျောက်သွားတယ် ဟုတ်လား"

"အေး ငါတို့အုပ်စုလိုက် အဲဒီလမ်းထိပ်ရောက်နေလို့ ဝင်ခဲ့ရမလား"

ထူးနိုင် ခေါင်းနပန်းကြီးသွားသည်။ ဒီကောင်တွေဝင်လာလျှင် လွယ်မည်မဟုတ်။ ထို့ကြောင့်

"အေး အေး မလာနဲ့သူငယ်ချင်း၊ ငါပဲလာခဲ့မယ်"

ချက်ချင်းဖုန်းချလိုက်ရသည်။ နောက် သူဇာချိုဖက်လှည့်၍

"သူငယ်ချင်းခွေးမလေး ပျောက်သွားလို့တဲ့"

သူဇာချိုက မျက်မှောင်ကြုတ်ပြီး

"ခွေးမလေးပျောက်တာ အရေးကြီးလို့လား"

ထူးနိုင်က ခေါင်းညိတ်ပြီး

"အရေးကြီးတယ်၊ ဒီကောင်က ခွေးမလေးကို လင်မယားလို



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းတာ"

သူဇာချို မျက်လုံးပြူးသွားသည်။

"ဟင် ခွေးနဲ့လင်မယားလို"

"ဟိုလေ၊ သူ့ရည်းစားထက် ပိုချစ်တယ်ပြောတာ"

"ဟင် ရည်းစားထက် ခွေးကို"

"အင်း အင် ဒီကောင်က ခွေးပျောက်လို့မရဘူး၊ ခွေးပျောက်ရင်ဂေါက်ရော"

"ဟယ် ဘယ်လိုကြီးလဲ"

"ဒါကြောင့် ဒီကောင်ဂေါက်မဖောက်ခင် အမြန်ပြန်ရှာပေးမှဖြစ်မယ်၊ သွားပြီနော်၊ သွားပြီ"

ဆိုကာ အိမ်ပေါ်မှ ကမန်းကတန်း ပြေးဆင်းရသည်။ သူဇာချိုပင် တားမမီတော့။ ကားနားရောက်တော့

"ဝဿန်ခါမီ လရာသီ ရာသီနွှေနှောင်း"

"ကားဆရာ မောင်း မောင်း"

ကားဆရာက ပြန်လှည့်ကြည့်ပြီး

"မြန်လှချည်လား ညီလေး၊ ဘယ်ကိုမောင်းရမလဲ"

"လမ်းထိပ်ကိုသာမောင်း"

"အိုကေ သီချင်းကရော"

"စိုင်းစိုင်းခမ်းလှိုင်ဗျာ"

"အားလုံးတက်ကြ ငါ့ထော်လာဂျီ၊ မိန်းကလေးများ အော့ကြောလန်သည်၊ ရွာမြောက်ဖက်ပိုင်းက သိပ်မကြည်၊ ငါ့နာမည်က တောဂေါ်လီ၊ အိုးလေးလှုပ်ပါဟေ့၊ ရေအိုးလေးလှုပ်ပါဟေ့"

ကားဆရာက အကပါ,ပါလာသည်။

× × ×





"အထီးကျန်၊ သိမ်ငယ်မှုများစွာရယ် အစိမ်းလိုက်ပဲ့ကြွေသွားတော့ ကိုယ်လေတစ်ယောက်တည်း အားတွေငယ်"

သီချင်းအော်ဆိုနေသော ကားဆရာကိုကြည့်ပြီး မိုးမောင်အံ့အားသင့်နေသည်။

"ဘာလို့ သီချင်းအော်ဆိုနေတာလဲ"

ထူးနိုင် ပြန်ဝေ့ကြည့်ပြီး

"ပျော်နေလို့ဖြစ်မှာပေ့ါ။ အဲဒါထားစမ်းပါကွာ၊ ငါ့ကိစ္စ ဘယ်လိုလုပ်ရမှန်းမသိတော့ဘူး ဖြစ်နေတယ်၊ နှစ်ယောက်လုံးကလဲ အနှင့်အရေးတွေပေးနေတာ"

အားလုံးခေါင်းညိတ်ကြသည်။ အောင်သက်က



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုလိုချင်ရင်တော့ တစ်ခုကို လက်လွှတ်ရမှာပဲ၊ နှစ်ခုလုံးတော့ တစ်ပြိုင်တည်းမရနိုင်ဘူး"

ထူးနိုင် သက်ပြင်းချသည်။

"အဲဒါတော့ ငါလဲသိပါတယ်ကွာ၊ ဒါပေမယ့် တစ်ခုလက်လွှတ်ရမယ်ဆိုလဲ အဲဒီတစ်ခုတွေက မင်းတို့မြင်တဲ့အတိုင်း"

အားလုံးခေါင်းညိတ်ကြ၏။ မှန်ပေသည်။ ထိုနှစ်ခုလုံးမှာ အဆီတဝင်းဝင်းတွေချည်းသာ။ အတန်ကြာမှ သိန်းစိုးက

"ဒီလိုလုပ်"

အားလုံး သိန်းစိုးကိုကြည့်ကြသည်။

"မင်း နှစ်ယောက်လုံးကို ရည်းစားစကားပြောလိုက်"

"ဘာ"

"ဘယ်လို"

"နှစ်ယောက်လုံးကို"

သူ့စကားကို အားလုံးအံ့အားသင့်သွားသည်။ ဒါကို သိန်းစိုးက

"အေး နှစ်ယောက်လုံးကို ပြောရမယ်"

ထူးနိုင်ခေါင်းကုတ်ကာ

"မင်းဟာက ဘယ်လိုကြီးလဲ၊ နှစ်ယောက်လုံးကို ရည်းစားစကားပြောရမယ်ဆိုတော့ ကောင်းပါ့မလား"

"ဒီမှာကြည့်"

အားလုံး သိန်းစိုးကို ကြည့်ကြသည်။

"မင်း နှစ်ယောက်လုံးကို ရည်းစားစကားပြောရင် ဘယ်နည်းနဲ့မဆို တစ်ယောက်ယောက်က ငြင်းမှာပဲ၊ ဘာလို့လဲဆိုတော့ သူတို့က သိပ်လှတဲ့ မိန်းကလေးတွေ၊ ဒါကြောင့် ရည်းစားလဲ ရှိနေနိုင်တယ်၊ နောက်ပြီး မင်းကို ကျေးဇူးတရားတစ်ခုနဲ့ ပေါင်းနေတာလေ၊ ဒီလို





ရည်းစားစကားပြောရင် တစ်ယောက်ယောက်ကတော့ ငြင်းမှာပဲ"

သူ့စကားကို ဘေးနားက မိုးမောင်က

"အိုကွာ၊ နှစ်ယောက်လုံးတောင် ငြင်းနိုင်တယ်၊ ငါဆိုငြင်းတယ်"

ဆိုပြီး ဝင်ထောက်ခံသည်။ ဒါကို ထူးနိုင်က လက်ဖျောက်တီးပြီး

"ဟုတ်ပြီ၊ နှစ်ယောက်လုံးကို ရည်းစားစကားပြောပြီး တစ်ယောက်ငြင်းရင် ငြင်းတဲ့တစ်ယောက်ကို လက်လွှတ်မယ်၊ လက်ခံတဲ့တစ်ယောက်နဲ့ ဆက်ပေါင်းမယ်"

သူ့စကားကို အားလုံးက

"နှစ်ယောက်လုံး ငြင်းလိုက်ရင်ရော"

ထူးနိုင် မျက်နှာလေးအိုချပြီး

"ကံပေါ့ကွာ"

× × ×



www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်းနေရီက နုနုကလေးမျှ မသမ်းသေး။ ဖြူဖွေးသော နှင်းမှုံက မြေပြင်ပေါ် တစက်စက်နှင့် အစုအဖွဲ့လိုက်ခုန်ဆင်းဆဲ။ ဒီလိုအချိန်မှာပင် ချွေးလေးစို့ ပအိုဗ်လေးနီနေသော မြရီနွယ်ကို ထူးနိုင် ငေးကြည့်နေသည်။

ရင်ကား တဒိတ်ဒိတ်ခုန်၏။ ပြောလိုက်မှ ငြင်းပယ်ခံရလျှင်

ထိုအတွေးက နှင်းမှုံများလို ရစ်ဝဲနေသည်။ ထူးနိုင် ပြောသင့် မပြောသင့် ချင့်ချိန်နေမိသည်။ အတန်ကြာစဉ်းစားပြီးမှ ဆုံးဖြတ်လိုက်သည်။

"နေကွာ၊ မကြိုက်တော့လဲ ကိစ္စပြတ်တာပေါ့၊ နောက်တစ်ယောက်ကြိုးများတောင် ကျန်သေးတာပဲ"

ဟု အားတင်းရင်း စကားကိုစလိုက်သည်။

"မြရီနွယ်"





ရင်ထဲမှာ တထိတ်ထိတ်နှင့်

"ဒီစကား ပြောသင့်လား မပြောသင့်လားတော့ မသိဘူး"

မြရီနွယ်၏ ပါးပြင်ပေါ် ရှက်သွေးဖြာသော အရိပ်အယောင်တို့ မြင်လိုက်ရသည်။ မကြာခဏ ရည်းစားစကား အပြောခံနေရသော မိန်းမလှလေးမို့ ဒီလိုစကားစလိုက်သည်နှင့် ဘာဆက်ဖြစ်လာတော့မည်ကို ကြိုသိနေသည့်နှယ်။

"အစကတော့ ပြောသင့်မပြောသင့် စဉ်းစားပါသေးတယ်၊ ဒါပေမယ့် ဘယ်လိုမှကို မနေနိုင်တော့လို့ပါ"

နံနက်ခင်းသမီးပျို၏ ရှက်ပြုံးကိုမြင်ရသည်။

"မြရီနွယ်ကိုချစ်တယ်"

မည်သည့်အာမေဋိတ်သံမှ ထွက်မလာ။ ရှက်ရွံ့စွာပြုံးနေခြင်းတိုပင် တွေ့ရ၏။

"ကျွန်တော်ပြောတာ လွန်သွားလားဟင်"

သူမအဖြေပြန်မပေး။ ပြုံး၍သာနေ၏။ ထူးနိုင်ကသာ ပြောပြီးသောစကားကို ပြန်ရုပ်သိမ်းရမလား၊ ဒါမှမဟုတ် ရှေ့ဆက်တိုးရမလားမသိ ဖြစ်နေမိသည်။ နေမထိထိုင်မသာနှင့် ဘာလုပ်ရမှန်းမသိတော့။ အတန်ကြာမှ

"အဲ အဲဒါ မြရီနွယ်ရဲ့ သဘောထားက"

မြရီနွယ် မော့ကြည့်ပါသည်။ ပြီးမှ

"ကိုထူးလိုလူမျိုးကို မြရီနွယ်အနေနဲ့ ငြင်းစရာမရှိပါဘူး"

"ဟာ"

ထူးနိုင်ဝမ်းသာသွားသည်။ တစ်ကောင်မိဖို့ သေချာပြီကိုး။ မြရီနွယ်က ခေါင်းငုံ့သွားပြီး

"ဒါပေမယ့်"

ထူးနိုင်ရင်ထဲ လှိုက်ခနဲပြန်ဖြစ်သွား၏။ မြရီနွယ်က သူ့ကို



www.burmeseclassic.com

ပြုံး၍မော့ကြည့်ရင်း

“စဉ်းစားဦးမယ်လေ”

“ဟာ”

ထူးနိုင် ထကမိမတတ် ဝမ်းသာသွားရ၏။ ခြေမကိုင်မိ လက်မကိုင်မိနှင့် ဘာဆက်လုပ်ရမှန်းမသိတော့။ ဘယ်လိုမှ မနေနိုင်သည့်အဆုံး မြရီနွယ်၏ နောက်ကျောမမြင်ကွယ်ရာသွားပြီး တစ်ပိုဒ်တော့ က,လိုက်သေး၏။ မြရီနွယ်ပြန်ကြည့်တော့အငြိမ်။ ပြန်လှည့်တော့ ဝမ်းသာလုံးဆို့ပြီး ပြန်လာသည်။ နှစ်ယောက်သား အတန်ကြာ တိတ်ဆိတ်နေမိကြသည်။ နောက်မှ မြရီနွယ်က

“ပြန်တော့မယ်နော်”

“ဟုတ် ဟုတ်ကဲ့”

ထူးနိုင်နှုတ်မှအသံကပင် ကချော်ကချွတ် ဖြစ်နေသည်။ မြရီနွယ်က သူ့ကို ပြုံးကြည့်ပြီး

“နောက်မှ မက်ဆေ့(ချ်)ပို့လိုက်မယ်”

“ဟာ”

ထူးနိုင် အံ့အားသင့်နေတုန်းမှာပင် ပြေးထွက်သွားသော ခြေသံများ။ ထူးနိုင်မှာ မလှုပ်နိုင် မရှားနိုင်နှင့် မြရီနွယ်ကို နှင်းကြားထဲပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိသည်။ တစ်ယောက်တည်း မလှုပ်မယှက်။

အတန်ကြာမှ သတိရပြီး

“ဟာ တစ်ယောက်ကျန်သေးတာပဲ”

ဟုတွေးမိပြီး တွေ့နေကျ လက်ဖက်ရည်ဆိုင်ဆီ ပေါ့ပါးစွာ ပြေးသွားမိသည်။

× × ×





ထိုင်နေကျလက်ဖက်ရည်ဆိုင်တွင် ကြိုရောက်နေသော အလှစတီသမီးလေး။

“ရောက်နေတာ ကြာပြီလား”

သူဇာချိုက သူ့ကိုပြုံးကြည့်ရင်း

“အင်း ခုနတင်ပါ။ ထမင်းကြော်ပဲ စားမှာမဟုတ်လား၊ ကြိုမှာထားတာ”

ဤမျှအလိုက်သိသော ကလေးမကို ဘယ်သူလက်လွှတ်ချင်သည်နည်း။ ထူးနိုင် ထမင်းကြော်ကို တစ်ဇွန်းနှစ်ဇွန်း ခပ်စားလိုက်သည်။ ခုနက အတွေ့အကြုံရှိပြီးသားမို့ ရင်က တအားမခုန်တော့။

“ချို့ကို ကိုနိုင်ပြောစရာရှိတယ်”



www.burmeseclassic.com

www.burmeseclassic.com



သူဇာချိုက ပြုံးပြီး

"ဘာလဲ ရည်းစားစကားလား"

"အဟုတ်"

ကြိုသိနေ၍ ထူးနိုင် စားနေသောထမင်းကြော်ပင် သီးသွား၏။ နောက်မှ စပ်ဖြဲဖြဲလုပ်ပြီး

"ဘယ်လိုကြိုသိနေတာလဲ"

သူဇာချိုက ပြုံးပြီး

"ယောကျ်ားတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ပြောစရာရှိတယ်ဆိုရင် နှစ်မျိုးပဲရှိတာလေ"

"ဘာတွေလဲ"

"ရည်းစားစကားပြောဖို့နဲ့ ပိုက်ဆံချေးဖို့ပေါ့၊ ကိုနိုင့်ပုံက ပိုက်ဆံချေးမယ့်ပုံတော့ မပေါက်ပါဘူးနော်"

ထူးနိုင် ပေါ့ပေါ့ပါးပါးပင် ရယ်လိုက်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ပိုက်ဆံချေးဖို့တော့ မဟုတ်ပါဘူး"

"ဒါဖြင့်ပြောလေ"

ထူးနိုင် စားလက်စကို ရပ်လိုက်သည်။ ပြီးနောက် ခပ်တည်တည်ဖြင့်

"အစကမပြောမိဖို့ စဉ်းစားသေးတယ်"

"အခုတော့"

"အခုတော့ ဘယ်လိုမှမနေနိုင်လို့ ပြောရတော့မှာ"

သူဇာချိုက ပြုံးနေသည်။ ထူးနိုင်က သူဇာချိုကိုစိုက်ကြည့်ပြီး

"ကျွန်တော် ချို့ကိုချစ်တယ်"

သူမက ပြုံး၍ပင်နေသည်။

"အဲဒါ ချို့ရဲ့သဘောထားက"





သူဇာချို မပွင့်တပွင့် ရယ်လိုက်သည်။ ပြီးမှ

"ကိုထူးနိုင်လို စိတ်ထားကောင်းတဲ့လူမျိုးကို ငြင်းစရာမရှိပါဘူး၊ ဒါပေမယ့်"

သူဇာချို ထူးနိုင်ကိုပြန်ကြည့်သည်။ နောက် ရှက်ကိုးရှက်ကန်းဖြင့် ဆံပင်ကိုသပ်ပြီး

"အခုပြောရမှာရှက်လို့ နောက်မှ မက်ဆေ့ချ်ပို့လိုက်မယ်"

"ဟာ"

ထူးနိုင် ထခုန်မိမတတ် ဖြစ်သွားသည်။ ဝမ်းသာရခြင်းရော၊ နှစ်ဦးလုံး အဖြေပုံစံတူနေခြင်းကြောင့်ပင်ဖြစ်သည်။ လူမမြင်အောင် ခုံအောက်လက်ချိုး၍ က,မိသေး၏။ ဒါကို သူဇာနှယ်က

"အဟင်း နေရတာတောင် ရှက်လာပြီ၊ အဟင်း ပြန်တော့မယ်နော်"

ဆိုကာ သုတ်ခနဲ ထပြန်သွားသည်။ ထူးနိုင်မှာ တားချိန်ပင် မရလိုက်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ထူးနိုင်ရင်ထဲ တဒိတ်ဒိတ်နှင့်ခုန်နေသည်။

ရင်ဘတ်ပေါ်တင်ထားသောဖုန်းကို မကြာခဏဖွင့်ဖွင့်ကြည့်နေမိသည်။ မည်သည့်ဖုန်းမှ ဝင်မလာသေး။

"ဒီနေ့ အဖြေမပေးချင်တာလဲ ဖြစ်မှာပေါ့လေ"

ဟု စိတ်ထဲဖော့တွေးထားလိုက်သည်။ သို့သော် စိတ်ထဲမှာတော့ ဘဝင်မကျနိုင်နှင့် နေရခက်နေမိသည်။

"အမှန် တစ်ယောက်ယောက်တော့ အရင်ဖြေသင့်တယ်"

"တစ်ယောက်ယောက်ကို ဖုန်းဆက်ပြီး အတင်း အဖြေတောင်းရင်ကောင်းမလား"

ဟု စိတ်ထဲမှာလဲ တွေးနေမိသည်။ ဖုန်းနံပါတ်ကို နှိပ်မည်





ပြင်ပြီးမှ

"ဟာ တော်ကြာ အတင်းကြီးလုပ်နေတယ်ထင်ပြီး မုန်းသွားမှဖြင့်"

စဉ်းစားမိပြီး ဖုန်းကိုပြန်ချလိုက်စဉ်

"တီတီတီ တီတီတီ"

"ဟာ"

ဖုန်းမှမက်ဆေ့ချ်ဝင်လာသံ။ ထူးနိုင် ကမန်းကတန်းထပြီး ဖုန်းကိုဖွင့်လိုက်သည်။

"ချစ်ပါတယ်"

"ဟား"

မြရီနွယ်ထံမှ မက်ဆေ့ချ်။

"ယာစ်"

ထူးနိုင်ထခုန်မိမတတ် ဝမ်းသာသွားသည်။ ထူးနိုင် မက်ဆေ့ချ်ကိုပြန်ကြည့်မိသည်။ မက်ဆေ့ချ်က နောက်တစ်စောင်ကျန်နေသေးကြောင်း တွေ့ရသည်။ ကမန်းကတန်း ဖွင့်ကြည့်လိုက်တော့

"I Love you"

"ဟင်"

သူဇာချိုဆီကမက်ဆေ့ချ်။

ထူးနိုင် ဖုန်းကိုလွှတ်ချပြီး သူ့ခေါင်းကိုသူအုပ်ကိုင်ထားမိသည်။ ကမိဖို့တောင် အချိန်မရှိတော့။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ထူးနိုင်ဖွင့်ပြသော မက်ဆေ့ချ်ကိုကြည့်၍ ကြောင်ကုန်ကြသည်။

"ဟင် မင်းဟာက တစ်ချိန်တည်းတစ်ပြိုင်တည်း မက်ဆေ့ချ်ပို့ထားတာကြီး၊ သွေးရှိုးသားရှိုးမှ ဟုတ်သေးရဲ့လား"

မိုးမောင်စကားကို သိန်းစိုးက

"ဟုတ်တယ်ကွ၊ ဒီလောက်တိုက်ဆိုင်နေမှဖြင့် မရိုးတော့ဘူးနော်"

ထူးနိုင်လဲ ခေါင်းခါသည်။

"ငါလဲ မစဉ်းစားတတ်တော့ဘူးကွာ၊ နှစ်ယောက်လုံးက အမြဲပြန်ပေးနေတော့ ငါလဲ ခေါင်းနပန်းကြီးသွားတယ်၊ ဒီလောက်





တိုက်ဆိုင်နေတာမျိုးကတော့ ထူးခြားတယ်လို့ ဆိုရမှာပဲ"

"သူတို့နှစ်ယောက် လုံးဝမသိတာ သေချာလား"

အောင်သက်အမေးကို ထူးနိုင်က

"သေချာတယ်လို့ ဆိုရမှာပဲ၊ ဟိုကွာ ပလာဇာမှာတုန်းက မင်းတို့လဲတွေ့တာပဲ"

အားလုံး ခေါင်းကုတ်ကုန်၏။ ပလာဇာမှ အဖြစ်အပျက်ကို အားလုံးကိုယ်တိုင်မြင်ခဲ့ရသည်ပဲ။

"အဲဒီတော့ မင်းဘာဆက်လုပ်မလဲ"

ထူးနိုင်သက်ပြင်းချကာ

"ဟူး မတတ်နိုင်ဘူး၊ နှစ်ယောက်လုံးကို မပစ်ရက်တော့လဲ ပေါင်းကြည့်နေရမှာပဲ၊ ပေါင်းလို့မရတဲ့ တစ်ယောက်ကိုတော့ နှုတ်ဆက်တာပေါ့"

အားလုံး ထူးနိုင်ကို ငေးကြည့်နေသည်။ ဘာအကြံဉာဏ်မှ မပေးတတ်တော့။ ထူးနိုင်ကတော့ ခပ်တည်တည်ပင်။ မှင်ကြီးနဲ့ရပ်နေ၏။ သူ့မှာလဲ ကရအခက်၊ စိတ်ညစ်ရအခက်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"တီတီတီ တီတီတီ"

မက်ဆေ့ချ်ဝင်သံ။ ထူးနိုင်ဖွင့်ကြည့်လိုက်သည်။

"Where r u"

သူဇာချိုထံမှ ဖြစ်သည်။ ထူးနိုင် စဉ်းစားမနေဘဲ နာမည်ပဲပြောင်းကာ မြရီနွယ်ဆီ ပြန်ပို့လိုက်သည်။

"တီတီတီ တီတီတီ"

သိပ်မကြာပါ။ မြရီနွယ်ထံမှ မက်ဆေ့ချ်ပြန်ရောက်လာသည်။

"အိမ်မှာပေါ့၊ ဘယ်သွားမလို့လဲ"

ထူးနိုင်ထုံးစံအတိုင်း နာမည်ပြောင်း၍ ပြန်ပို့သည်။ သူဇာချိုထံမှ မက်ဆေ့ချ်ပြန်ရောက်လာသည်။





"Go to kantawgyi"

နာမည်ပြောင်းသည်။ ပြန်ပို့သည်။

"ကောင်းသားပဲ၊ သွားတာပေါ့"

နာမည်ပြောင်းသည်။ ပြန်ပို့သည်။

ဤသို့ဖြင့် နှစ်ယောက်သားကို ချိန်းမိလျက်သား။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အချစ်သည် စက်ဝိုင်းသဏ္ဍာန်ဖြစ်ပါက ထိုစက်ဝိုင်းအတွင်း ပတ်ပြေးနေမိသူသည် ခြေကုန်လက်ပန်းကျခြင်းသာ ခံစားရပေလိမ့်မည်။ လူတိုင်းသည် ချစ်နေရလျှင်ပင် ဘယ်မျှဝေးဝေး ဝေးကွာသည်ဟုမထင်။ အနီးကလေးသာဖြစ်နေတတ်ကြ၏။ အချစ်သည် အမုန်းကင်းစင်နယ်မြေလဲဖြစ်ပါသည်။

ချစ်မိပြီဆိုလျှင် မည်သူ့မှာမှ အပြစ်မရှိတော့ပါ။ အချစ်စစ်ကို မည်သည့်စံနှုန်းနှင့်မှ တိုင်းဆ၍မရပါ။ အချစ်သည် စစ်မှန်သော လူ့ဘောင်အဖွဲ့အစည်း၏ တိုးတက်ရာနယ်မြေလဲ ဖြစ်ပါသည်။

အချစ်သာမရှိလျှင် လူသားမျိုးနွယ်မျိုးပွားခြင်း ပျက်သုန်းပြီး မျိုးတုံးသွားမည့် အန္တရာယ် ရင်ဆိုင်ရမည်သာ။





ထို့ကြောင့် မြားနှင့်လိုက်လံပစ်ခတ်နေသော မြားနတ်မောင်မှာ ဘယ်သောအခါမှ အပြစ်ပေးခံရခြင်းမျိုး မရှိပါ။ အမှန်ဆို ဤမျှလက်ကမြင်းလှသော အနှိုင်းသူငယ်မှာ ထောင်ဒဏ်တစ်သက် လွတ်ရက်မရှိ အပြစ်ပေးခံရမည်သာ။

ယခုလဲ မြားနတ်မောင်၏ လက်ကမြင်းမှုနှင့် စက်ဝိုင်းသဖွယ် ရှုပ်ယှက်ခတ်ခဲ့သော အချစ်ရေးတစ်ခုမှာ. .

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ဟူး"

ထူးနိုင် နဖူးကချွေး ခြေမကျလုမတတ် ဖြစ်နေသည်။ ကန်တော်ကြီးထဲ ချစ်သူနှစ်ယောက်ကြောင့် ဟိုဖက်လှည့်ပြေး ဒီဖက်လှည့်ပြေးနှင့် လျှာထွက်မတတ် ဖြစ်နေပေပြီ။

တစ်ယောက်ယောက်ဆီမှာ ရေရှည်လဲမထိုင်ရဲ ခဏလေးထိုင်ပြီး

"သူငယ်ချင်းတွေ့လို့"

"Toilet သွားချင်လို့"

"ခဏလေး ရေခဲမုန့်သွားဝယ်ပေးမယ်"

"တိုရှည်စားမလား၊ ဗိုက်ဆာလို့"





စသည်ဖြင့် အကြောင်းပြပြီး ထထပြေးနေရတာလဲ**အမော**

နှစ်ယောက်လုံး အဆင်ပြေပြေ ချောချောမောမော ပြန်**သွား**ချိန်မှာတော့ ထူးနိုင်မှာ ချွေးတပြိုက်ပြိုက်နှင့် လျှာထွက်လုမတတ်ဖြစ်နေပေပြီ။

ထူးနိုင် မတ်တတ်ပင် ကောင်းကောင်းမရပ်နိုင်။ သူငယ်ချင်းများရှေ့၌ မတ်မတ်ပင်မရပ်နိုင်တော့။ ပါးစပ်ထဲက အချွဲထွက်မတတ်နှင့် ကုန်းကုန်းကွကွကြီးဖြစ်နေပြီ။

"ဝူး ပြေးလိုက်ရတာကွာ၊ လူကို အသက်ထွက်မတတ်ပဲ"

သူငယ်ချင်းများက သူ့ကို ငုံ့ကြည့်ကြသည်။ သနားပုံတော့မပေါ်။

"ဟိုဖက်မှာကြာသွားရင်လဲ ဒီဖက်ကို အားနာရ၊ ဒီဖက်ကြာသွားရင်လဲ ဟိုဖက်အားနာရနဲ့ကွာ၊ အားနာပြီး ပတ်ပြေးနေတာနဲ့တင် လူကိုလျှာထွက်ရော"

သူ့စကားကို မိုးမောင်က

"ဒါက မင်းဒုက္ခမင်းရှာတာပဲကွ၊ ဒီလောက်သာယာချင်ရင် ဒီလောက်တော့ ဒုက္ခခံရမှာပေါ့"

ထူးနိုင်က ပင်ပန်းကြီးစွာ သူ့ခါးကိုသူနှိပ်ပြီး

"သာယာတာတော့ မှန်ပါတယ်ကွာ၊ ဒါပေမယ့် ပင်ပန်းတယ်ကွ"

အောင်သက်က ထူးနိုင်ကိုကြည့်သည်။

"အေးကွ၊ မင်းဒုက္ခက လွယ်မယ်တော့မထင်ဘူး၊ ကြာရင်ပိုဆိုးလာဖို့ရှိတယ်နော်"

ထူးနိုင်က သက်ပြင်းချရင်း

"ငါလဲ အဲဒါပဲ စဉ်းစားနေတာကွ၊ ကြာရင် ငါပိုဆိုးလာမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံးက
အားအားယားယားနဲ့ မင်းအိုးရာနောက်
လိုက်နိုင်မယ် မထင်ဘူး
အားနည်းချက်တစ်ခုကြောင့်
တစ်ယောက်ယောက်တော့ ကျန်ခဲ့မှာပဲ

သူ့စကားကို သိန်းစိုးက

"ဒါဆိုလဲ မျက်စိမှိတ်ပြီး တစ်ယောက်ကိုဖြုတ်လိုက်လေ"

ထူးနိုင်ခေါင်းကုတ်သည်။

"ဖြုတ်ဖို့ဆိုတာကလဲကွာ၊ ဘယ်သူ့ကိုဖြုတ်ရက်မှာလဲ၊ နှစ်ယောက်လုံးက ရှယ်ခေါင်ထည်တွေချည်းပဲ"

အားလုံးခေါင်းကုတ်ကုန်၏။

မှန်ပေသည်။ နှစ်ယောက်လုံးက မပစ်ရက်စရာချည်းသာ။

"မင်းတို့လဲ ငါ့ကို အကြံပေးကြပါဦးကွာ၊ ဘယ်လိုဆက်လုပ်သင့်တယ်ဆိုတာ"

စကားသံများ ခေတ္တရပ်သွားသည်။ ဘာဆက်လုပ်ရမည်ကို စဉ်းစားနေကြပုံပေါ်သည်။

ထူးနိုင်ကတော့ ဘာအကြံဉာဏ်မှ ထွက်တော့ပုံမပေါ်။ အတန်ကြာမှ သိန်းစိုးက

"သူတို့နှစ်ယောက်ကို တွေ့ပေးလိုက်ရင်ရော"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ထိုအဖြေပေါ် စဉ်းစားနေကြဟန်တူသည်။ အတန်ကြာမှ မိုးမောင်က

"အဲဒါကတော့ မဖြစ်နိုင်ဘူးထင်တယ်၊ လူတစ်ယောက်က ရည်းစားနှစ်ယောက် တစ်ပြိုင်တည်းထားထားတယ်ဆိုတာမျိုးကို ဘယ်





သူကမှ လက်ခံနိုင်မှာမဟုတ်ဘူး၊ ပါးတွေထချကုန်မှဖြင့်"

"မင်းပြောတာ ဟုတ်တယ်"

ထူးနိုင်က ထောက်ခံသည်။ မိုးမောင်က ဆက်၍

"အဓိက,ကတော့ ဒီလိုထိပ်တိုက်ရင်ဆိုင်ဖြေရှင်းတာနဲ့စာရင် တစ်ယောက်ယောက်က သူ့အလိုလို နောက်ဆုတ်သွားတာက ပိုကောင်းလိမ့်မယ်"

"မင်းပြောတာ ဟုတ်တယ်"

အကြံတုံးဉာဏ်တုံး ထူးနိုင်က ထောက်ခံပြန်သည်။

"ဒါဆို ဘယ်လိုလုပ်မလဲ၊ ဘယ်သူက ဘယ်လိုအကြောင်းဖြစ်ရင် နောက်ဆုတ်မလဲ"

အောင်သက်၏အမေး။ အားလုံးတွေးစရာ ဖြစ်ကုန်၏။ အတန်ကြာမှ သိန်းစိုးက

"ဒီလိုလုပ်"

အားလုံး သိန်းစိုးကိုကြည့်သည်။ သိန်းစိုးက ခပ်တည်တည်ဖြင့်

"နှစ်ယောက်လုံးကိုခိုးကွာ"

"ဘာ"

"ဘယ်လို"

"ဘာအကြံကြီးလဲ"

အားလုံးအံ့အားသင့်ကုန်၏။ ထူးနိုင်က ကတုန်ကယင်ဖြင့်

"ဟ မင်းဟာက နှစ်ယောက်လုံးခိုးလို့ ဖြစ်မလားကွ၊ အမှုဖြစ်ကုန်မှာပေါ့"

သိန်းစိုးက ပြုံးသည်။ ပြီးမှ

"ဒီလိုကွ"

အားလုံး နားစိုက်ထောင်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သူတို့နှစ်ယောက်လုံးကို ခိုးရာလိုက်ဖို့ပြော"

"ပြောရင်"

"တစ်ယောက်ယောက်ကတော့ မိသားစုကြောင့် စီးပွားရေးကြောင့် ကျန်းမာရေးကြောင့် စသည်ဖြင့် ကျန်ခဲ့မှာသေချာတယ်"

အားလုံးခေါင်းညိတ်ကြပြန်သည်။ သိန်းစိုးက အားတက်ပြီး

"နှစ်ယောက်လုံးက အားအားယားယားနဲ့ မင်းခိုးရာနောက်လိုက်နိုင်မယ်မထင်ဘူး၊ အားနည်းချက်တစ်ခုခုကြောင့် တစ်ယောက်ယောက်တော့ ကျန်ခဲ့မှာပဲ"

"ဒါဆို"

"လိုက်လာတဲ့တစ်ယောက်နဲ့ အတည်တကျ ပေါင်းသင်းလိုက်ရုံပေါ့ကွာ"

အားလုံးငြိမ်သက်ကုန်၏။ အတန်ကြာမှ ထူးနိုင်က

"ဟုတ်တယ်၊ အဲဒီအကြံ မဆိုးဘူး၊ ခိုးမယ့်ရက်ကိုလဲ သူတို့ပြင်ဆင်ချိန်မရှိအောင် အမြန်ဆုံးလုပ်မယ်၊ ဒါမှ သူတို့တွေမလိုက်နိုင်ဘဲ အကြပ်ရိုက်မှာ"

"နှစ်ယောက်လုံးက မလိုက်ဘူးဆိုရင်ရော"

အောင်သက်၏အမေး။ ဒါကို ထူးနိုင်က

"ဒါဆိုလဲ တစ်မျိုးပြန်ကြံရတာပေါ့ကွာ၊ ငါထင်တာတော့ တစ်ယောက်တော့လိုက်မှာ သေချာတယ်၊ သူဇာချိုပေါ့ကွာ၊ အဲ မြရီနွယ်ရောပဲ"

နှစ်ယောက်လုံးကို လက်မလွှတ်ချင်သေး။ ထူးနိုင် သူ့ကိုယ်သူယုံကြည်နေသည်။ ထို့ကြောင့် ရင်ကိုမတ်၍

"ကြာတယ်ကွာ၊ မနက်ဖြန်ညမှာကို သူတို့ကိုခိုးဖို့ပြောမယ်"

"ဟာ"

"ဟင်"





"ဘယ်လို"

သူငယ်ချင်းများက ထူးနိုင်ကို ပါးစပ်အဟောင်းသားနှင့်ကြည့်သည်။ ထူးနိုင်က ခိုင်မာဟန်ဖြင့် ရင်ကော့နေတုန်း။

"မနက်ဖြန်ည ငါအိမ်ထောင်ကျပြီ"

× × ×



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း နံနက်ခင်း နှင်းမကွဲခင်မှာပင် မြရီနွယ်နှင့် ဆုံမိနေပြီ။

ထိုင်နေကျခုံလေးမှာထိုင်၍ အမောဖြေရင်း ထူးနိုင်က သူ၏ အကြံအစည်ကို မြရီနွယ့်ကို ဘယ်လိုစပြောရမလဲ အကြံထုတ်နေသည်။ အကြံကို အကြံထုတ်နေခြင်းပင်။ မြရီနွယ်က သူ့ကိုကြည့်ရင်း

"ငြိမ်လှချည်လား၊ ဘာတွေတွေးနေလဲ"

ထူးနိုင် ပြန်၍လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ နောက်တော့ "မဖြစ်တော့လဲ အေးတာပဲ" စိတ်ပိုင်းဖြတ်၍ ပြောစရာရှိတာ အမြန် ပြောလိုက်ရန်သာ ဆုံးဖြတ်ချက်ချလိုက်တော့သည်။

"နွယ်"





မြရီနွယ်မော့ကြည့်သည်။ ထူးနိုင်ကအားတင်းရင်း

"ဒီကိစ္စက ပြောဖို့စောသေးမှန်း ကျွန်တော်သိပါတယ်"

မြရီနွယ်က သူ့ကို အထူးအဆန်းသဖွယ် ငေးကြည့်နေသည်။ ထူးနိုင်က ရင်တထိတ်ထိတ်နှင့် မျက်လွှာချပြီး

"အတူတူနေလာတော့ ပိုပြီးသံယောဇဉ် ဖြစ်လာခဲ့တာလဲ ဖြစ်နိုင်ပါတယ်"

မြရီနွယ် ငြိမ်သက်နေတုန်း။ ထူးနိုင်က မြရီနွယ်က အသေ အချာကြည့်ပြီး

"ကျွန်တော်နွယ်နဲ့ အတူနေချင်ပြီနွယ်"

"အို"

ကောင်မလေး၏ ရှက်ကိုးရှက်ကန်းအသံ။ နောက် ဆံပင် သပ်မလို၊ အင်္ကျီစဆွဲမလို ဖြစ်နေသည်။ ထူးနိုင်က ပြောလက်စနှင့် မထူးတော့ပြီမို့။

"အဲဒါ နွယ် ဘယ်လိုသဘောရလဲဟင်"

ရုတ်တရက်ထင်မှတ်မထားသော စကားမို့ မြရီနွယ်အနေ ခက်နေပုံရသည်။ ဘာစကားသံမှ ထွက်မလာ။

ထူးနိုင်က မြရီနွယ်လက်ကိုကိုင်ပြီး

"အဲဒါ နွယ်ဘယ်လိုသဘောရလဲဟင်"

မြရီနွယ်၏မျက်နှာလေး ရဲနေသည်။ နောက် အကြောင်းမဲ့ ဆံပင်ကို သပ်နေသည်။ အတန်ကြာမှ ထူးနိုင်ကို မကြည့်ရဲကြည့်ရဲ ကြည့်ပြီး

"ဟိုလေ"

ထူးနိုင် နားစွင့်နေသည်။ မြရီနွယ်က ပြုံးပြီး

"မေမေ့ကို လာပြောပါလားဟင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ထူးနိုင် ခေါင်းနပန်းကြီးသွားသည်။ သူထင်သလို ဖြစ်မှ မဖြစ်လာတာ။ ထို့ကြောင့် ကမန်းကတန်းဖြင့်

"အဲ အဲလိုမဟုတ်ဘူးလေ၊ ဟိုလေ ကျွန်တော်ပြောတာက"

မြရီနွယ်က သူ့ကို တအံ့တဩကြည့်သည်။ ထူးနိုင်ကသာ ဆက်၍

"ကျွန်တော်တို့ ခိုးပြေးကြမယ်လေ"

"ဟင်"

သူ့စကားကို မြရီနွယ်အံ့အားသင့်သွားပုံရသည်။ နောက် မျက်လုံးကလယ်ကလယ်နှင့်

"ခိုးပြေးမယ်"

"အေးလေ ခိုးပြေးမယ်"

သူ့စကားကို မြရီနွယ်က မျက်မှောင်ကြုတ်ပြီး ရှက်ကိုးရှက်ကန်းဖြင့်

"ဟာ ခိုးပြေးစရာလိုလို့လား၊ မေမေ့ကို လူကြီးစုံရာနဲ့ လာပြောရင် ရတဲ့ဟာကို"

ထူးနိုင် မကြံတတ်တော့။ သူပြောတော့လဲ ဟုတ်နေတာကိုး ထို့ကြောင့် ခေါင်းကုတ်အကြံထုတ်ပြီး

"ဟာ လူကြီးစုံရာနဲ့ ပြောနေကြာပါတယ်၊ ကိုယ်က ဒီညတင် ခိုးပြေးချင်တာ"

"ဟင် ဒီည"

ထူးနိုင်ခေါင်းတဆတ်ဆတ်ညိတ်သည်။ မြရီနွယ်ကသာ မယုံကြည်နိုင်ဟန်ဖြင့်

"ဒီ ဒီည အခုည"

မသေချာမှာစိုး၍ အသေအချာမေးသည်။

"ဟုတ်တယ်၊ ဒီညပဲ"





ထူးနိုင်က ခေါင်းသာတွင်တွင်ညိတ်သည်။ မြရီနွယ်က ထူးနိုင်ကို အသေအချာလိုက် ကြည့်သည်။

"ဘာလို့ ဒီလောက်လောရတာလဲဟင်"

"မနေနိုင်လို့ပါဆို"

မြရီနွယ်ကြောင်ငေးပြီး ထူးနိုင်ကိုကြည့်နေသည်။ ထူးနိုင်ကသာ မျက်နှာကို ရီဝေ၍တွေထား၏။

"မဟုတ်ဘူးလေ၊ မေမေတို့ကိုပြောပြီး မိသားဖသားပီပီ"

"မစောင့်နိုင်တော့လို့ပါကွာ နော်"

မြရီနွယ် ထူးနိုင်ကို ငေးကြည့်ရုံသာ တတ်နိုင်သည်။ အတန်ကြာမှ သက်ပြင်းချရင်း

"စဉ်းစားမယ်လေ"

"စဉ်းစားဖို့အချိန်မှ မရှိတာ၊ ဒီည ဆယ်နာရီလေ"

မြရီနွယ် သက်ပြင်းချသည်။ နောက် ခန္ဓာကိုယ်ကို မတ်လိုက်ပြီး

"ဒါဖြင့် နေ့ခင်းကျ မက်ဆေ့ချ်ပို့လိုက်မယ်လေ"

ထူးနိုင် ခေါင်းညိတ်ရုံသာ တတ်နိုင်သည်။ မြရီနွယ်က မတ်တတ်ရပ်ပြီး

"သွားတော့မယ်နော်"

ထူးနိုင် ဘာမှမပြောဖြစ်တော့။ ရင်တထိတ်ထိတ်နှင့် ငေးကြည့်ရုံသာ တတ်နိုင်၏။ ထုံးစံအတိုင်း က,ကြည့်ဖို့ ကြိုးစားရသေး၏။ သို့သော် မသေချာ၍ မက,သေး။

× × ×



www.burmeseclassic.com

www.burmeseclassic.com



နှင်းကွဲစအချိန်တစ်ခုတွင် ဆုံနေကျဆိုင်၌ နတ်သမီးနောက်တစ်ပါးနှင့်တွေ့ဆုံပါသည်။

သူဇာချိုက ထုံးစံအတိုင်း အလိုက်သိစွာ သူ့အတွက် ထမင်းကြော်တစ်ပွဲနှင့် လက်ဖက်ရည်တစ်ခွက် မှာထားပေး၏။

ထူးနိုင်က ထမင်းကြော်ကိုပင်မစားဘဲ သူဇာချို၏ အရိပ်အယောင်ကိုကြည့်သည်။ ဒါကိုရိပ်မိသော သူဇာချိုက

"စားလေ ဘာဖြစ်လို့လဲ"

ထူးနိုင်မစားသေးဘဲ ဒီအတိုင်းကြည့်နေသည်။ သူဇာချိုက ပြုံးပြီး

"ဘာလဲ ဆေးခတ်ထားတယ်ထင်လို့လား"





ထူးနိုင် သူဇာချို့ကို ပြန်ကြည့်သည်။ ပြောသင့်မပြောသင့် ချင့်ချိန်နေရသည်။ တစ်ယောက်ကို ပြောထားပြီးနောက်တစ်ယောက်ကိုထပ်ပြောဖို့ တွန့်ဆုတ်နေလေသည်။

"ဟိုတစ်ယောက်က မသေချာရင်ရော"

အတွေးကဝင်လာပြီး ထိတ်ခနဲဖြစ်သွားရ၏။ ထို့ကြောင့် အားတင်းပြီး

"ပြောစရာရှိလို့"

"စားပြီးမှပြောလေ"

ထူးနိုင် ယောင်ပြီး ဇွန်းကိုကိုင်လိုက်သေး၏။ နောက်မှ သတိရပြီး

"အရေးကြီးလို့ပါ"

သူဇာချို မျက်ခုံးကို မြင့်တက်သွား၏။

"ဟင် ဘာတွေအရေးကြီးလို့လဲ၊ ငွေရေးကြေးရေးကိစ္စလား"

သူဇာချိုက သူထင်တာပြောသည်။ ဒါကို ထူးနိုင်က စိတ်ပြောင်းပြီး

"ပိုက်ဆံပဲ ချေးလိုက်ရရင်ကောင်းမလား"

ဟုပင် စိတ်ပေါက်သွားသေး၏။

"အင်း ပိုက်ဆံချေးရင် တစ်သောင်းမျိုး နှစ်သောင်းမျိုးတော့ ရမှာပဲ" ဟု တွေးနေမိသည်။

နောက်မှ အားတင်းပြီး

"အို ဟိုကိစ္စအောင်မြင်ရင် ဒီကိစ္စအသာလေး"

ဟု စိတ်ပိုင်းဖြတ်ပြီး ခေါင်းခါကာ

"မဟုတ်ဘူးချိုရဲ့၊ အဲဒီထက် အရေးကြီးတယ်"

သူဇာချို အံ့အားသင့်နေသည်။ ဘယ်ကိစ္စမို့ ဘယ်လောက်အရေးကြီးမှန်း သူမစဉ်းစားတတ်။ ထူးနိုင်ကသာ



www.burmeseclassic.com

www.burmeseclassic.com



ထူးနိုင် ရုတ်တရက်မဖြေတတ်။
ဘာလို့ခိုးပြေးမယ်မှန်း
သူပင်
ဂဃနဏမှ မသိဘဲကို။

"ဟိုလေ"

"နာရေးလား"

"မဟုတ်ဘူး၊ သာရေး၊ အဲ ယောင်ကုန်ပြီ၊ ဟိုလေ"

စကားကို မဆက်သေးဘဲ သူဇာချိုအရိပ်အခြေကို ကြည့်လိုက်သေးသည်။ အခြေအနေ ကောင်းနိုင်သည်ထင်မှ

"တို့တွေခိုးပြေးရရင် ကောင်းမလားလို့"

"ဟင်"

သူဇာချို မျက်လုံးပြူးသွားသည်။ သူထင်မှတ်မထားသော စကားကြောင့် အံ့အားသင့်သွားပုံရသည်။ အတန်ကြာသည်အထိ ထူးနိုင်ကို ကြောင်ကြည့်သည်။ နောက်မှ သတိရဟန်ဖြင့်

"ဟင် ဘာ ဘာလုပ်မယ်"

ထူးနိုင်က ခေါင်းကုတ်ပြီး

"ခိုးပြေးကြမယ်လေ"

သူဇာချို မျက်မှောင်ကြုတ်သွား၏။ ပြီးနောက် သံယောင်လိုက်ပြီး

"ခိုးပြေးမယ်"

ထူးနိုင် ရယ်ကျဲကျဲလုပ်ပြီး

"အင်းလေ"





သူဇာချိုခေါင်းကုတ်ပြီး

"ဘာလို့ခိုးပြေးမှာလဲ"

"ဟိုလေ"

ထူးနိုင် ရုတ်တရက်မဖြေတတ်။ ဘာလို့ခိုးပြေးမယ်မှန်း သူပင် ဂဃနဏမှ မသိဘဲကို။ နောက်မှ သတိရပြီး

"ဟိုလေ သူဇာချိုနဲ့ မခွဲနိုင်လို့ပေါ့"

"မခွဲနိုင်လို့"

သူဇာချို နားမရှင်းဖြစ်နေပုံပေါ်သည်။ ထို့ကြောင့် ခေါင်းကုတ်ရင်း

"မခွဲနိုင်ရင် မခွဲနဲ့လေ၊ ဘာလို့ခိုးပြေးမှာလဲ"

"ဟာ"

ထူးနိုင် ဘယ်လိုရှင်းပြရမှန်းမသိတော့။ ခိုးပြေးတာက အခြားသူအတွက်သာခက်တာ။ သူတို့အတွက်က သိပ်မှမလိုတာ။

"ဟိုလေ ခိုးပြေးတယ်ဆိုတာ နှစ်ယောက်အတူပေါင်းဖို့လေ"

သူဇာချိုခေါင်းကုတ်သည်။

"နှစ်ယောက်အတူ ပေါင်းချင်ရင် အဒေါ်ကိုပြောလိုက်မယ်လေ၊ မေမေတို့နဲ့ ဆက်သွယ်ပြီး"

"ဟာ ကိုယ်က အခုကိုပေါင်းချင်တာ"

သူဇာချို မျက်မှောင်ကြုတ်၍ ထူးနိုင်ကိုကြည့်သည်။ နောက် ခေါင်းကုတ်ပြီး

"အခုပေါင်းချင်ရင် အဒေါ်ကိုပြောဖို့က"

ထူးနိုင်က နှုတ်ခမ်းစူပြီး

"ခိုးပြေးချင်တာ၊ ဟင့်အင်း ဟင့်အင်း ခိုးပဲပြေးချင်တာ"

သူဇာချို မျက်မှောင်ကြုတ်၍ ထူးနိုင်ကိုကြည့်သည်။

"ခိုးပြေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ထူးနိုင် နှုတ်ခမ်းကို ထော်ထားသည်။ သူဇာချိုက အထူးအဆန်း သဖွယ် ကြည့်သည်။

အတန်ကြာမှပြုံးပြီး

"အင်း အဲဒီလိုခိုးပြေးရင် ပျော်တော့ပျော်စရာကြီးနော်"

"ဟုး"

ထူးနိုင်သက်ပြင်းချသည်။ အလုပ်ဖြစ်ဖို့ ရာခိုင်နှုန်းက များ ပြီကိုး။ သူဇာချိုကို ပြန်ကြည့်သည်။ သူဇာချိုက ဘာတွေးပြီးပြုံးနေ သည်မသိ။ အတန်ကြာမှ

"ဘယ်တော့လဲဟင်"

"ဒီနေ့ညဆယ်နာရီ"

သူဇာချို တွန့်သွားပြန်သည်။

"ဟင် မြန်လှချည်လား"

သူ့စကားကို ထူးနိုင်က ပခုံးတွန့်ပြီး

"မြန်မြန်ပဲ တို့က စာကလေးမျိုး"

"ဘာ"

"မြန်တယ်လို့ပြောတာ အဟိ"

သူဇာချို နှုတ်ခမ်းကိုက်ထားသည်။ ပြီးမှ

"ပြန်တော့မယ်"

ထူးနိုင် မျက်လုံးပြူးသွားသည်။

"ဟင် ခိုးရာလိုက်မလိုက်က"

သူဇာချိုက ပြုံး၍ မတ်တတ်ရပ်ရင်း

"အင်း မက်ဆွေချ်ပို့လိုက်မယ်လေ"

"မက်ဆွေ့ချ်"

"အင်း သွားပြီ"





ထူးနိုင်တားချိန်မရလိုက်။ သူဇာချို လှစ်ခနဲ လှည့်ထွက်သွား လေသည်။

"ဟာ ဒီတစ်ယောက်လဲ မက်ဆွေ့ချ် မက်ဆွေ့ချ်တဲ့"

× × ×



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းပိုင်း ထူးနိုင် ရှုစိရှုစိ ဖြစ်နေမိသည်။ ဟိုနှစ်ယောက်လုံး ယနေ့ည ခိုးရာလိုက်မလိုက် အကြောင်းပြန်မှာမို့ နေမထိထိုင်မသာ ဖြစ်နေသည်။

"အင်း သူဇာချိုဆိုလဲ မဆိုးပါဘူး၊ သူက ပိုလ်နည်းနည်းဆန်မယ်ထင်တယ်၊ ဟီဟိ၊ အဲ မြရီနွယ်ကလဲ အမိုက်စားကြီးပဲ၊ သူ့ကိုရလဲ ခိုင်တာပဲ၊ အိမ်ထဲကအိမ်ပြင်တောင် ထွက်ဖို့မလိုတော့ဘူး"

ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးရင်း တထိတ်ထိတ်ဖြစ်နေမိသည်။

"အို ဘယ်သူဖြစ်ဖြစ် ဟိုကောင်တွေကိုတော့ ကြွားကောင်းပြီ၊ ဟီဟိ"





သူ့စိတ်ကူးယဉ်ထဲမှာ ဒါလဲပါသည်။

မိန်းမလှလေးကို လက်ချင်းချိတ်၍ သူငယ်ချင်းတွေရှေ့ ကြွားလွှားပြရခြင်းကလဲ အရသာတစ်မျိုးပင် ဖြစ်လိမ့်မည်။

"အင်း တစ်ယောက်ကို လက်လွှတ်ရမှာတော့ နှမြောစရာ"

ဒါလေးကလဲ ပါလိုက်သေးသည်။ ဖြစ်နိုင်လျှင် တိုင်းပြည်တစ်ဝက်လောက်ကို လက်မလွှတ်ချင်။ (ဒါက ကျွန်တော့်စိတ်ကူးပါဗျ)မည်သူမဆို ရသလောက်အကောင်းစားတွေ လိုချင်သူတွေချည်းပဲ မဟုတ်လား။

"တီတီတီ တီတီတီ"

မက်ဆေ့ချ်ဝင်သံ။ ထူးနိုင်ရင်ထဲ လှိုက်ခနဲဖြစ်သွားသည်။

"ဒါ တစ်ယောက်ယောက် အဖြေပေးတာပဲ၊ ဟီဟိ"

ကမန်းကတန်း ဖွင့်ကြည့်လိုက်တော့

"ဟာ"

သူဇာချိုဆီမှ မက်ဆေ့ချ်

"Go Together"

"ဟား"

ထူးနိုင် ထခုန်မိမတတ် ဝမ်းသာသွားသည်။

"တစ်ကောင်တော့ သေချာပြီ ဟီဟိ"

ဆိုကာ ကပင်ကမိမတတ် ဝမ်းသာသွားသည်။ ကျေးဇူးကြီးလှသော တယ်လီဖုန်းကို အာဘွားပေးရန် နှုတ်ခမ်းအစူ

"တီတီတီ တီတီတီ"

"ဟင်"

နောက်ထပ်ဝင်လာသော မက်ဆေ့ချ်တစ်ခု။ ဖွင့်ကြည့်လိုက်တော့။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ဝင်လာသော မက်ဆေ့ချ်တစ်ခု။ ဖွင့်ကြည့်လိုက်တော့

"ဟင်"

မြရီနွယ်ထံမှ မက်ဆေ့ချ်။ မြန်မာလိုပီပီသသ ရေးထားသည်က

"လိုက်မယ်"

"ဟာ"

ထူးနိုင် ကတုန်ကယင်ဖြစ်သွားသည်။ ဆံပင်အပါအဝင် ရှိသမျှအမွေး အကုန်ထောင်ကုန်၏။ ကြီးတက်လာသော ခေါင်းနပန်းကို လက်ဖြင့်အုပ်ကိုင်ပြီး

"ဟာ သွားပြီ သွားပြီ ဒုက္ခတော့များပြီ"

နှစ်ယောက်ပူးကြီးက လိုက်မည်ဆိုတော့ မည်သို့မည်ပုံ ကြံဆောင်ရမည်မသိ။

"ဒုက္ခပါပဲ၊ ငါ ဒီနှစ်ယောက်နဲ့ ဗျာများပြီထင်တယ်"

မည်သို့လုပ်ရမည်ကိုလဲ မတွေးတတ်တော့။ ခါတိုင်း ပန်းခြံထဲ ပလာဇာထဲ ပတ်ပြေးတာက ရသေးသည်။ ခိုးရာလိုက်လာမည်ဆိုလျှင် မည်သို့ပတ်ပြေးရမည်နည်း။ ထူးနိုင်မစဉ်းစားနိုင်တော့။

ထို့ကြောင့်

တယ်လီဖုန်းကို ပြန်ဖွင့်လိုက်သည်။ ခလုတ်ချို့ကို နှိပ်လိုက်သည်။ ထို့နောက်

"ဟဲလို မိုးမောင်လား၊ ငါထူးနိုင်ပါ"

× × ×





အားလုံး မက်ဆေ့ချ်များကိုကြည့်ပြီး ကြက်သေ,သေကုန်၏။

ဘယ်သူမှလဲ မစဉ်းစားတတ်။ ဘယ်သူမှလဲ ဒီလောက်တိုက်ဆိုင်မှုမျိုး ကြုံဖူးကြလိမ့်မည်မဟုတ်။ အထူးသဖြင့် တစ်ခါမှ အိမ်ထောင်ရေးအတွက် မစဉ်းစားဘူးသော လူငယ်လူရွယ်များအတွက်ဆို ပိုခက်နေပေလိမ့်မည်သာ။

"မင်းဟာ ကြပ်နေတာလား"

အောင်သက်က စကားစသည်။ ထိုတော့မှ အားလုံးလှုပ်လှုပ်ရှားရှား ပြန်ဖြစ်သွားပြီး

"အေး အဲဒါပဲ ဖြစ်နိုင်တယ်ကွ၊ ဒါကိုကြည့်ခြင်းအားဖြင့် သူတို့နှစ်ယောက် တစ်စုံတစ်ခုနဲ့ ပတ်သက်မှုရှိနေတယ်ဆိုတာ သေ



www.burmeseclassic.com

www.burmeseclassic.com



ချာတယ်”

မိုးမောင်က ထောက်ခံသည်။

“ဖြစ်နိုင်ချေတော့များနေပြီ၊ ဘာကြောင့်လဲဆိုတော့ ချိန်းတွေ့တော့လဲ တစ်ချိန်တည်း၊ အဖြေပေးတော့လဲ တစ်ချိန်တည်း၊ ခိုးရာလိုက်မယ်ဆိုတော့လဲ တစ်ချိန်တည်း”

သိန်းစိုးက ဝင်ပြောသည်။ မိုးမောင်က ဆရာကြီးဟန်နှင့် လမ်းလျှောက်ပြီး

“ဒါကိုကြည့်ခြင်းအားဖြင့် သူတို့နှစ်ယောက် ဆက်စပ်မှုရှိတာ သိသာနိုင်တယ်၊ ဘာလို့လဲဆိုတော့ မင်းတို့လဲ စဉ်းစားကြည့်”

အားလုံးစဉ်းစားကြည့်ကြသည်။

“အဖြေပေးတုန်းကလဲ လူချင်းတွေ့တုန်း အဖြေပေးတာ မဟုတ်ဘဲ အိမ်ပြန်ရောက်မှ မက်ဆေ့ချ်ပို့ပြီး အဖြေပေးခဲ့တယ်၊ ဒါ မသင်္ကာစရာပဲ”

အားလုံးခေါင်းညိတ်ကြသည်။

“ဘာကြောင့်လဲဆိုတော့ ချက်ချင်းအဖြေပေးလိုက်ရင် သူတို့ အဖြေမတူမှာစိုးလို့ ပြန်တိုင်ပင်တဲ့သဘောပဲ”

အားလုံးခေါင်းညိတ်ကြပြန်သည်။ မိုးမောင်က ဆက်၍

“အခုလဲစဉ်းစားကြည့်”

စဉ်းစားကြည့်ကြပြန်သည်။

“ခုခိုးရာလိုက်မယ်ဆိုပြန်တော့လဲ ချက်ချင်းအဖြေပေးခဲ့တာ မဟုတ်ဘဲ အိမ်ပြန်ရောက်မှ တစ်ပြိုင်တည်း မက်ဆေ့ချ်ပို့ပြီး အဖြေပေးခဲ့ပြန်တယ်၊ ဒါကိုကြည့်ခြင်းအားဖြင့်လဲ သူတို့နှစ်ယောက် အသေအချာ ပြန်တိုင်ပင်ပြီးမှ လုပ်ခဲ့တယ်ဆိုတာ သေချာတာပဲ၊ နောက်ပြီး ပုလာဇာမှာ သူတို့နှစ်ယောက်တိုက်မိပြီး တစ်ခုခုကပ်ပြီး မပြောခဲ့ဘူးလို့မပြောနိုင်ဘူးလေ၊ ငါတို့လုပ်တာလဲ ဒီလောက်ပိရိခဲ့တာမှမဟုတ်





တာ”

ထူးနိုင် ဇဝေဇဝါဖြစ်သွားသည်။ ဖြစ်စဉ်အားလုံးကို ပြန်စဉ်းစားမိသည်။

ပထမဆုံးအက်ဆီးဒင့်ဖြစ်တော့ မြရီနှယ်နှင့်တွေ့သည်။ ပြီးတော့ သူဇာချိုက လာရှာသည်။ ဒီကအစ ရိုးသားသောတိုက်ဆိုင်မှုသို့မဟုတ် လှည့်ကွက်လဲဖြစ်နိုင်သည်။

နေ့စဉ် အချိန်ကလေးပဲမတူဘဲ နှစ်ယောက်လုံးနှင့်တွေ့နေသည်။ ဒါကလဲ အချင်းချင်း လက်ဝါးရိုက်ပြီး အချိန်ခွဲထားတာလဲ ဖြစ်နိုင်သည်။ ဥပမာအနေနဲ့သာ စဉ်းစားကြည့်သည်။

“ဟော့ ဟိုကောင့်အခြေအနေ ဘယ်လိုလဲ”

“ငါ့ကိုတော့ ဒီနေ့အဖြေတောင်းပြီ၊ နင့်ကိုရော”

“ငါ့ကိုလဲ အဖြေတောင်းလိုက်တယ်”

“ဟင်းဟင်း သူ့ကိုယ်သူ လည်လှထင်နေတာ”

“ဒါဆို တို့ဘယ်လိုလုပ်မလဲ”

“သူ့နောက် ဆက်မျှောလိုက်နေရင် ကောင်းမလားလို့၊ ပိုင်မှဖြတ်ချတာပေါ့”

“အေး အဲဒါကောင်းတယ်၊ ဒါဆို ငါ မက်ဆေ့ချ်ပို့လိုက်မယ်”

“ငါလဲပို့လိုက်မယ်၊ အိုကေ သူငယ်ချင်း”

“ဘိုင်”

“တီတီတီ တီတီတီ”

“I Love You”

“ချစ်ပါတယ်”

ထူးနိုင် လန့်ပြီးထခုန်မိသည်။ ဒါကို ဘေးနားက သူငယ်ချင်းများက

“အာ လန့်လိုက်တာကွာ၊ ဘာဖြစ်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ
မင်းကို အပြီးအစေားထားပြီး
လူစုပြီးဝိုင်းရိုက်မယ် ဆိုရင်တောင်
မင်းမဟုတ်ဘဲ ငါတို့ဖြစ်နေရင်
သူတို့လက်လျှော့သွားမှာပေါ့

ထူးနိုင်က နဖူးထက်မှစိမ့်ထွက်လာသော ချွေးများကိုသုတ်ပြီး ကတုန်ကယင်ဖြင့်

"ဟုတ်တယ်၊ ဟုတ်တယ်၊ မင်းတို့ပြောတာ ဖြစ်နိုင်တယ်၊ ဒီနှစ်ယောက် တစ်နည်းနည်းနဲ့ကို ပတ်သက်မှုရှိနိုင်တယ်"

သူ့စကားကို သိန်းစိုးက

"ရှိနိုင်တာမဟုတ်ဘူး၊ ရှိကိုရှိလိမ့်မယ်၊ သေချာတယ်"

ထူးနိုင် ကတုန်ကယင် ဖြစ်သွားသည်။

"ဘာ ဘာကြောင့် ငါ့ကိုမှရွေးပြီးလုပ်တာလဲ"

အားလုံးမျက်မှောင်ကြုတ်ကုန်၏။ အောင်သက်က

"အင်း အကြောင်းတစ်ခုခုတော့ ရှိမှာပေါ့"

ထူးနိုင်ခေါင်းကုတ်သည်။

"အဲဒီအကြောင်းကို ငါစဉ်းစားမရ ဖြစ်နေတယ်"

မိုးမောင်က ဝင်၍

"မင်းမမှတ်မိတော့တဲ့ အကြောင်းအရာလဲဖြစ်နိုင်တယ်၊ ဥပမာ ငယ်စဉ်ကဆိုရင်ရော"

ထူးနိုင်ပြန်စဉ်းစားသည်။ ဘယ်လိုမှ ပြန်စဉ်းစားမရ။

"ငယ်စဉ်က ငါ ရွာမှာပဲနေခဲ့တာ၊ ဆယ်တန်းအောင်မှ ရန်ကုန်ရောက်တာလေ၊ သူတို့နဲ့ ဘာပတ်သက်မှာလဲ"





"မိဘ အဘိုးအဘွားတွေရော"

"ဒါလဲ ငါဘယ်သိနိုင်မလဲ၊ သူတို့ကိစ္စကို"

အားလုံးဇဝေဇဝါ ဖြစ်ကုန်သည်။ မှန်၏။ မိဘလက်ထက်က ကိစ္စဖြစ်လျှင်တောင် ဘယ်လိုမှမသိနိုင်။ ထို့ကြောင့်

"ထားပါကွာ၊ ဘာကိစ္စပဲရှိခဲ့ရှိခဲ့ပေါ့"

"ဒါ ဒါဆို ငါဘာလုပ်သင့်လဲ"

မိုးမောင်က သက်ပြင်းချသည်။

"အခု မင်းလဲသိနေပြီဟာကွာ၊ ဒီတော့ ကိုယ့်ဖက်က ခံနိုင်အောင် ဘယ်လိုပြင်ဆင်ထားမယ်ဆိုတာ စဉ်းစားထားပေါ့"

ထူးနိုင် အသက်ကို ခပ်ပြင်းပြင်းရှူသည်။

"အေးကွာ၊ သူတို့ ဘာကြောင့် ငါ့ကို ဒီလိုလုပ်တယ်ဆိုတာ စဉ်းစားလို့ကို မရဘူး"

အောင်သက်က ထူးနိုင်ပခုံးကိုကိုင်ပြီး

"တဖြည်းဖြည်းတော့ သိလာရမှာပဲကွာ၊ စိတ်သာလျှော့ထားပါ။ ငါထင်တယ်၊ ဒီညမှာတော့ မင်းကို အပိုင်ဆော်ဖို့လုပ်ထားတာနဲ့ တူတယ်"

ထူးနိုင်စဉ်းစားကြည့်သည်။ ဖြစ်နိုင်သည်။ ညမှောင်မှောင်မှာ သွားခိုးချိန်မှ လူစုပြီးဝိုင်းရိုက်။ စိတ်မလျှော့ဘဲ နောက်တစ်အိမ်သွား၊ ထိုအိမ်မှလဲ ဝိုင်းရိုက်။ ခေါင်းကွဲ၊ ထိပ်ပြဲ၊ ဆေးရုံရောက်။

ခေါင်းကိုပင် ခါလိုက်မိသည်။

"ဒါဆိုရင်တော့ သေပြီ၊ မသေရင်တောင် အတိတ်မေ့ပြီ"

ထူးနိုင် ခေါင်းတွေပါ မူးနောက်နေသည်။ ဘာကိုမှ စဉ်းစားလို့မရ။ ဒါကို မိုးမောင်ကပင်

"ကဲ ဒါဖြင့် ဒီညကိစ္စ ဘယ်လိုလုပ်မလဲ"

အားလုံးငြိမ်သက်ကုန်ပြန်၏။ ထူးနိုင်ကိုကြည့်ကြသည်။ ထူး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကတော့ ဘာကိုမှ မစဉ်းစားနိုင်တော့။ ခေါင်းသာခါနေမိသည်။ ဒါကို သိန်းစိုးက

"ဒီလိုလုပ်ကွာ"

သိန်းစိုးကို ကြည့်ကြပြန်သည်။

"ဒီည ဆယ်နာရီ၊ သူတို့ကိုချိန်းထားတဲ့အတိုင်း သွားခိုးမယ်"

"ဟင်"

ထူးနိုင် မျက်လုံးပြူးသွားသည်။ နောက် သူ့ခေါင်းကိုသူကိုင်ပြီး

"ဟင် အဲဒါဆို ငါ့ကို ဝိုင်းရိုက်မှာပေါ့"

သိန်းစိုးမှ ဆက်၍

"ဒါပေမယ့် ထူးနိုင်မသွားနဲ့"

"ဘာ"

"ဟင်"

"မင်းအစား ငါတို့သွားပြီး ခိုးကြမယ်"

"ဒါဆိုရင်"

"ဥပမာ မင်းကို အပြုံးအတေးထားပြီး လူစုပြီးဝိုင်းရိုက်မယ်ဆိုရင်တောင် မင်းမဟုတ်ဘဲ ငါတို့ဖြစ်နေရင် သူတို့လက်လျှော့သွားမှာပေါ့၊ ဟုတ်ဘူးလား"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ထိုအကြံက ထူးနိုင်အတွက် သိပ်မဆိုးသည့် အနေအထားကို။

"မင်းအနေနဲ့လဲ စိတ်လျှော့ပြီး ပြင်ဆင်ထားလို့ ရတာပေါ့ ဟုတ်ဖူးလား"

"ဒါနဲ့ မင်းတို့သွားမယ်ဆို ဘယ်လိုပြောပြီးသွားမှာလဲ"

"ထူးနိုင်အဒေါ်တစ်ယောက် ဒီညမှ အသဲအသန်ဖြစ်လို့ဆိုပြီး ပြောမှာပေါ့"





ထူးနိုင် အားလုံးကိုဝေ့ကြည့်သည်။

"ငါ့မှာ အဒေါ်မှမရှိတာ"

"သူတို့လဲ သိမှမသိတာ"

ဟုတ်သား။ နှစ်ယောက်လုံး ထူးနိုင်အကြောင်း သိမှမသိကြတာ။

ပြီးမှ သက်ပြင်းချကာ

"ကျေးဇူးပဲ သူငယ်ချင်းတို့ရာ၊ မင်းတို့သတိပေးတာရော၊ ကူညီတာရော ကျေးဇူးတင်ပါတယ်ကွာ"

"ကဲ ဒါဆို ဒီည"

"ခိုးကြတာပေါ့"

ထူးနိုင်က ဘာမှမပြောနိုင်တော့။ စိတ်လျှော့ပြီး ငြိမ်နေလိုက်သည်။ လက်ချင်းရိုက်သံတော့ ဖောင်းခနဲ။

× × ×



www.burmeseclassic.com

www.burmeseclassic.com





အမှောင်ရိပ်သည် လူတို့၏စိတ်ကို တစ်မျိုးတမြည်ပြောင်းလဲစေပါသည်။ ညီအစ်ကို မသိတသိ အချိန်မှစ၍ ညည့်နက်ချိန်အထိ လူတို့၏စိတ်များ အနည်းငယ်ပြောင်းလဲတတ်ကြောင်း လေ့လာသူများက ဆိုပါသည်။ ဖြစ်နိုင်ပါသည်။ အနောက်တိုင်းမှ လူအတော်များများမှာ ချစ်ရေးဆိုခြင်း၊ လက်ထပ်ခွင့်တောင်းခြင်းများကို ညနေခင်းအချိန်မှစ၍ ညပိုင်းများ၌သာ အများဆုံးပြုလုပ်ကြလေသည်။

အဘယ်ကြောင့်ဆိုသော် ထိုအချိန်သည် စိတ်လက်အကြည်သာဆုံးနှင့် အပေါ့ပါးဆုံးအချိန်တစ်ခုဖြစ်၍ ဖြစ်ပါသည်။

ထူးနိုင်၏စိတ်သည်လဲ ညအမှောင်ကြီးစိုးလေလေ ပို၍ တထိတ်ထိတ်ဖြစ်လေ ဖြစ်နေသည်။ သူငယ်ချင်းများကို ကိုယ်စား

မိန်းမခိုးခိုင်းသည့်ကိစ္စ ဘာဖြစ်မည်မသိ။ ဝိုင်းပဲ အရိုက်ခံရမလား ဒါမှမဟုတ် ရဲလက်ပဲ အအပ်ခံရမည်လား မသိသေး။ ဘာလှည့်ကွက်နှင့် ဘယ်လိုထောင်ချောက်ဆင်ထားမှန်းမှ မသိတာ။ တစ်ခုခုတော့ ပိုးစိုးပက်စက်ဖြစ်မှာ မြင်ယောင်မိသည်။

သူငယ်ချင်းများ ပတ်တီးအဖွေးသားနဲ့မို့ ဆေးရုံမှာ သွားကြည့်ရမလား။ ဒါမှမဟုတ် ရဲစခန်းသံတိုင်နောက်မှာ အာမခံနှင့် သွားတွေ့ရမလား မသိနိုင်သေး။ စိတ်ထဲမှာတော့ စိုးတထိတ်ထိတ်နှင့် ကြိတ်၍ဘုရားတ,နေရသည်။

"ဒေါင် ဒေါင် ဒေါင်"

"ဟာ ဘာလဲဟ"

နာရီalarmမြည်သံကြောင့် လန့်ပြီးထခုန်မိသေးသည်။ ကြည့်လိုက်တော့

"ဆယ်နာရီ ဆယ်နာရီထိုးပြီ"

ဇောချွေးတချို့ပင် စိမ့်ထွက်လာသည်။

ချိန်းထားသည့်အချိန်ရောက်ပြီ။ ဟိုကောင်တွေ ဘာဖြစ်နေပြီမသိ။ အခြေအနေကို စဉ်းပင်မစဉ်းစားတတ်။ ထိုစဉ်မှာပင်

"ကလင် ကလင် ကလင်"

"ဟင်"

တယ်လီဖုန်းမြည်သံ။ ကြည့်လိုက်တော့

"ဟာ"

မိုးမောင်ဆီကဖုန်း။ ဒီကောင်က မြရီနွယ်ကို သွားစောင့်တာ။

"ဘာ ဘာဖြစ်ပြီလဲမသိ"

ကတုန်ကယင်နှင့် ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟဲလို၊ ဘာဖြစ်လဲဟေ့ကောင် အရိုက်ခံရပြီလား"

တစ်ဖက်မှ အသံတိတ်သွားသည်။ နောက်မှ အသံတိုးတိုးဖြင့်





www.burmeseclassic.com

www.burmeseclassic.com



“လိုက်လာတယ် ဟောကောင်”

“ဟာ”

ထူးနိုင်အံ့အားသင့်ပြီး မျက်လုံးပင်ပြူးသွားသည်။ အခြေအနေက သူတို့လုံးဝထင်မှတ်မထားသော အခြေအနေ။ ထို့ကြောင့် ကတုန်ကယင်ဖြင့်

“မင်း မင်းဟာဟုတ်သေးရဲ့လား၊ အရိုက်ခံရပြီး ကယောင်ကတမ်းတွေ ပြောနေတာလားဟင်”

“သြော် ဟုတ်ပါတယ်ဆိုကွာ၊ မင်းအဒေါ်နေမကောင်းလို့ ငါတို့ကိုလွှတ်လိုက်တာ ဆိုတာကို၊ မင်းအဒေါ် ဘာရောဂါလဲမေးပြီး ဆေးတောင်ပြန်ယူလိုက်သေးတယ်”

“ဟယ်”

ကြက်သေသေပြီး ထူးနိုင်ဘာပြောရမှန်း မသိတော့။

“အဲဒါ မင်းတို့အိမ် ဘယ်မှာထားမလဲ၊ နေရာသာ ရှယ်ပြင်ထား၊ ဒါပဲ ဟီဟိ”

“ဟင်”

တစ်ဖက်မှ ဖုန်းချသွားသည်။ ထူးနိုင် ရုတ်တရက်ကြောင်နေသေးသည်။ နောက်မှသတိရပြီး

“ဟာ ပါလာပြီ၊ ပါလာပြီဆိုတော့ ဒုက္ခပဲ၊ အခန်းပြင် အခန်းပြင်ရမယ်”

ဆိုပြီး အိမ်အပေါ်ထပ် ပြေးတက်ကာ လွတ်နေသောအခန်းတစ်ခုကို ပြေးဖွင့်လိုက်သည်။ နောက် ခြင်ထောင်ကိုင်ရမလို၊ စောင်ခေါက်ရမလို ဖြစ်နေစဉ်

“ကလင် ကလင် ကလင်”

“ဟင်”

နောက်ထပ်ဖုန်းမြည်သံ။ ကြည့်လိုက်တော့





ဪ ဒါနဲ့ အပေါ်က
ညည်းသံကြားရင်
တက်မကြည့်နဲ့နော်၊
ရတယ် သိလား
ကိုယ်တစ်ယောက်တည်းနိုင်တယ်”

“ပလုတ်တုတ်”

လန့်ပြီးထခုန်မိသည်။ သိန်းစိုးဆီမှဖုန်း။

“ဒီကောင်တွေ ဘာဖြစ်ပြီလဲ၊ ဒုက္ခများပြီလား”

စိုးရိမ်စိတ်နှင့် ဖုန်းဖွင့်နားထောင်လိုက်သည်။

“ဟဲလို”

သိန်းစိုးဆီက အသံက

“လိုက်လာတယ် ဟောကောင်”

“ဘာ ဘာ ဘယ်လို ဘာဖြစ်တယ်”

ထူးနိုင်ထခုန်မိပြီး စကားများပင် ကယောင်ကတမ်းနှင့် ထွက်သွားသည်။ ဒါကို သိန်းစိုးက

“ဟာ လိုက်လာပါတယ်ဆို”

“ဟင် ဘယ် ဘယ်လို”

ထူးနိုင် လန့်ပြီး ဘာတွေဖြစ်နေမိမှန်းမသိ။ အရာရာ မယုံနိုင်စရာဖြစ်နေလေသည်။ ထို့ကြောင့်

“မင်း မင်းတို့ဟာ သေချာရဲ့လား”

သူ့အမေးကို သိန်းစိုးက

“ဟာ လိုက်လာတာမှ သူတို့အဒေါ်ကတောင် မင်းတို့စားဖို့ ဘာလချောင်ကြော်ပါ ထည့်ပေးလိုက်သေး”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ခေါင်းတွေမူးပြီး အမြင်အာရုံပင် ပျာတောက်သွား၏။ ခြေမကိုင်မိ လက်မကိုင်မိနှင့် ရှေ့ပြေးရမလို၊ နောက်ပြေးရမလို ဖြစ်နေမိ၏။ ဒါကို သိန်းစိုးက

"အဲဒါ အခန်းသာရှယ်ပြင်ထားတော့ ဒါပဲ"

"ဟာ"

တစ်ဖက်မှ ဖုန်းချသွားသည်။ ထူးနိုင်မှာ ကြက်သေသေပြီး ဘာလုပ်ရမှန်းပင်မသိတော့။ သူတို့ထင်ထားတာ တစ်ခုမှမဟုတ်တော့တာကိုး။ ဒါကြောင့် ကြိုတင်ပြင်ဆင်ထားခြင်းသည်လဲမရှိ။ တကယ်ပါလာပြီဆိုတော့ ဘာလုပ်ပြီး ဘယ်နေရာမှာထားရမှန်းလဲမသိ။ ကြောင်ပြီး ခြင်ထောင်ကိုင်လိုက်ကိုင် စောင်ခေါက်လိုခေါက်၊ စားပွဲရှင်းလိုရှင်းနှင့် တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေ၏။ နောက်

"ဟုတ်ပါ့မလား"

ဟု မဆီမဆိုင်တွေးမိသေး၏။ လက်တွေက အလိုလိုလှုပ်ရှားပြီး ဘာတွေဖြစ်နေသည်မသိ။ လူနှင့်စိတ်က မကပ်တော့။

ထိုစဉ်မှာပင်

"ထူးနိုင် ဟေ့ကောင်ထူးနိုင်"

မိုးမောင်၏အသံ။ ထူးနိုင် ခေါင်းနပန်းကြီးသွားသည်။ ခြင်ထောင်ထဲဝင်ပုန်းရမလား၊ နောက်ဖေးပေါက်မှပဲ ခုန်ချရမလား မဝေခွဲနိုင်။

"ထူးနိုင် ဟေ့ကောင် ဘယ်ရောက်နေလဲ"

မိုးမောင်အသံ ထပ်ကြားရ၏။ ထိုတော့မှ ထူးနိုင်လဲ ကမန်းကတန်း အပြင်ပြေးထွက်ကာ

"လာပြီ လာပြီ"

သူ အံ့အားသင့်သွားသည်။





"ဟင်"

မြင်ရသောမြင်ကွင်းက မယုံနိုင်စရာ။ မိုးမောင်နှင့်အတူ အထုပ်အပိုးအပြည့်အစုံဖြင့် မြရီနွယ်။

မြရီနွယ်က ရှက်ပြုံးပြုံးနေသည်။ ထူးနိုင် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။ ဒါကို မိုးမောင်က

"ဟေ့ကောင် ဘာကြောင်နေတာလဲ၊ ဧည့်သည်ကိုခေါ်လိုက်လေ"

ထိုတော့မှ ထူးနိုင်လဲ သတိရပြီး

"ဪ ဟုတ်ပြီ၊ ဟုတ်ပြီ၊ လာ လာ မြရီနွယ် လာ"

မြရီနွယ်ကို လှမ်းခေါ်၍ အိမ်ပေါ်ထပ်လှမ်းတက်လိုက်ရသည်။ မြရီနွယ်က သူတွဲခေါ်ရာနောက်သို့ ရှက်ရွံ့စွာ လိုက်ပါလာသည်။

"လာ မြရီနွယ်၊ ဒီအခန်းပဲ"

ခုန သူဘာသာသူ ရှုပ်ပွထားသောအခန်းထဲ ဆွဲခေါ်လိုက်သည်။ မြရီနွယ်က ရှုပ်ပွနေသောအခန်းကိုကြည့်ပြီး

"အဒေါ်က နေမကောင်းလို့ဆို"

မြရီနွယ်၏ ရုတ်တရက်အမေးကို ထူပူနေသူမို့ ရုတ်တရက် နားမလည်။ ထို့ကြောင့်

"အဒေါ် အဒေါ်ဆုံးပြီလေ"

မြရီနွယ်က မျက်လုံးပြူးပြီး

"ဟင် ဆုံးပြီ၊ ခုနကပဲ နေမကောင်းလို့ဆို"

ထိုတော့မှ ထူးနိုင်လဲ သူမှားသွားမှန်းသိပြီး

"ဪ အဒေါ်လား၊ မဆုံးသေးဘူး၊ ဆုံးမလိုဖြစ်နေတာလို့ အဟဲ"

"အတော်အခြေအနေဆိုးလား"



www.burmeseclassic.com

"အင်း ဘယ်လိုပြောရမလဲ"

တကယ်ကို ဘယ်လိုပြောရမှန်းမသိ။ မရှိသည့်အဒေါ်ကို ဘာရောဂါတပ်ရမှန်းမသိ။ ထိုစဉ်မှာပင်

"ထူးနိုင် ဟော့ကောင်ထူးနိုင်"

သိန်းစိုး၏အသံ။ ထူးနိုင် ခေါင်းနပန်းကြီးသွား၏။ သိန်းစိုးက သူဇာချိုကို သွားခိုးလာသူကိုး။ ထို့ကြောင့် မြရီနွယ်ရှေ့ ပျာပျာသလဲဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

မြရီနွယ်ကသာ အပြင်ထွက်ကြည့်မလိုလုပ်ပြီး

"ဘယ်သူလဲမသိဘူး၊ ကိုထူးကိုခေါ်နေတာ"

ထိုတော့မှ ထူးနိုင်လဲ ကပျာကယာဖြင့်

"ဩော် အဒေါ့်ကိုလာကြည့်တဲ့ ဆရာဝန်ပါ၊ ခဏလေးနော်၊ အဒေါ့်ကို သွားကြည့်လိုက်ဦးမယ်၊ အခန်းထဲမှာပဲနေနော်၊ အပြင်မထွက်နဲ့"

"အင်းပါ"

မြရီနွယ်က ခေါင်းညိတ်သည်။ ထူးနိုင် အခန်းပြင်ပြေးထွက်လိုက်သည်။

"ဟင်"

သိန်းစိုးနှင့်အတူပါလာသော သူဇာချို။

ထူးနိုင် အခန်းထဲပြန်ပြေးဝင်ရမလား။ ထွက်ပဲပြေးရမလား မသိတော့။ ဒါကို သိန်းစိုးက

"ဟော့ကောင် ဘာလုပ်နေတာလဲ၊ ဧည့်သည်ကို လာခေါ်လေ"

ထူးနိုင် ထွက်ပြေးရမလို၊ ပြေးပုန်းရမလို ဖြစ်နေသေး၏။ နောက်တော့မှ "ဖြစ်ချင်ရာဖြစ်တော့ကွာ"ဟုဆုံးဖြတ်ပြီး

"ဩော် လာပြီ လာပြီ"

ဆိုကာ အိမ်ပေါ်ထပ်မှပြေးဆင်းကာ သူဇာချိုကို ပြေးခေါ်





လိုက်သည်။

"လာ ချို လာ"

အိမ်အောက်ထပ်အခန်းထဲ ဆွဲခေါ်လိုက်သည်။ သူဇာချိုက သူ့ကိုကြည့်ပြီး

"ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

ထူးနိုင် ပျာပျာသလဲ ဖြစ်နေသည်။ နောက်မှ သူ့ကိုယ်သူ ပြန်ထိန်းကာ

"ကောင်းပါတယ်၊ အဟဲ ဟိုလေ အပေါ်ထပ်မှာ အဒေါ် အဒေါ်တစ်ယောက် နေမကောင်းလို့"

သူဇာချိုက မော့ကြည့်ပြီး

"အင်း ဟို ကိုသိန်းစိုးတို့တော့ပြောတယ်၊ အဒေါ်နေမကောင်းလို့တဲ့"

ထူးနိုင်ဝမ်းသာသွားသည်။ အကွက်ကောင်းဆိုက်ပြီကိုး။ ထို့ကြောင့်

"အင်း အဲဒါလေ၊ အခြေအနေက သိပ်မကောင်းလို့ ကိုယ်တိုင်တောင် မလာနိုင်ဘူး၊ ခဏနော်၊ အပေါ်မှာ အခြေအနေကောင်းမကောင်း တက်ကြည့်လိုက်ဦးမယ်"

သူဇာချိုက ခေါင်းညိတ်သည်။ ဒါကို ထူးနိုင်က ပြုံးပြီး

"ဩော် ဒါနဲ့ အပေါ်ကညည်းသံကြားရင် တက်မကြည့်နဲ့နော်၊ ရတယ် သိလား၊ ကိုယ်တစ်ယောက်တည်းနိုင်တယ်"

သူဇာချိုက ကြောင်တောင်တောင်နှင့် ခေါင်းညိတ်ပြန်သည်။

"သွားပြီနော်၊ ဟီးဟီး"

ထူးနိုင်ကသာ အပေါ်ထပ်ပြေးတက်ရပြန်သည်။

× × ×

www.burmeseclassic.com



"ဟူး"

မောပန်းတကြီးပြေးဝင်လာသော ထူးနိုင်ကို မြရီနွယ်က ငေး ကြည့်သည်။ အခန်းလေးက ခုနကလို မဟုတ်တော့။ သပ်သပ်ရပ်ရပ် ပြင်ထားပြီးသား။

"အဒေါ်နေကောင်းလား ကိုထူး"

ထူးနိုင် အခန်းထဲလှမ်းဝင်ပြီး

"သိပ်မကောင်းဘူးနွယ်ရယ်၊ ဟူး ထုံးစံအတိုင်း ရင်ကြပ်းဆို တော့လေ၊ အဟင်း"

အရေးထဲ မောနေသေး၏။ မြရီနွယ်က သူ့အထုပ်များကို ဖွေရှာရင်း





"နွယ်တောင် အဒေါ့်အတွက် ဆေးယူလာသေးတယ်၊ ဒီဆေး က သိပ်ကောင်းတာ တိုက်ကြည့်ပါလား"

မြရီနွယ်က ဆေးဘူးတစ်ဘူးထုတ်ပေးသည်။ ထူးနိုင်က ဝမ်း သာအားရ ဆေးဘူးကိုယူပြီး

"ဟာ အတော်ပဲ၊ အဒေါ်ကို သွားတိုက်ကြည့်ဦးမယ်၊ ခဏနေဦး အဟဲ"

ဆိုပြီး ကမန်းကတန်း အခန်းပြင်ပြေးထွက်ကိုက်သည်။ နောက် အခန်းဝရောက်မှ သတိရပြီး

"ဩော် နွယ်"

မြရီနွယ် သူ့ကိုမော့ကြည့်သည်။ ထူးနိုင် ပြုံးပြီး

"အောက်ထပ်က ညည်းသံကြားရင် မစိုးရိမ်နဲ့နော်"

မြရီနွယ် ကြောင်တောင်တောင်နှင့် ခေါင်းညိတ်သည်။

"ကိုယ်နိုင်တယ် သိလား"

ဤသို့ဖြင့်

× × ×



www.burmeseclassic.com

www.burmeseclassic.com



"အောက်ထပ်က ညည်းသံကြားရင် မစိုးရိမ်နဲ့"

"အပေါ်ထပ်က ညည်းသံကြားရင် ဂရုမစိုက်နဲ့"

စသည်ဖြင့် အကွက်ကျကျ နှစ်ဖက်မှာပြီး အပေါ်ထပ်အောက်ထပ် နှစ်ဖက်ခွပြေးနေသော ထူးနိုင်မှာ တစ်ညလုံး ပတ်ပြေးနေရ၍ လူက ခံနိုင်သော်လည်း ဒူးခမျာ မခံနိုင်တော့။ နောက်ဆုံးမှာတော့ အပေါ်လဲမရောက်၊ အောက်လဲမရောက်နှင့် ဘယ်မှမရောက်နိုင်ဘဲ နဖူးမှချွေး ခြေမ,ကျကာ အပေါ်ထပ်နှင့်အောက်ထပ်ကြား လှေခါး၌ပင် ခွေယိုင်လဲပြီး အိပ်စက်ခြင်းဖြင့်သာ အားဖြည့်နေရလေသည်။

× × ×



မနက်မိုးကား စင်စင်လင်းပြီ။ ထူးနိုင်မှာ တစ်ညလုံး အပင်ပန်းခံ ပတ်ပြေးနေရ၍ ပင်ပန်းပြီးမထနိုင်သေး။

မနက်ခင်း၌ပင် အိပ်ရာမှ စောထသော မြရီနွယ်နှင့် သူဇာချိုတို့ ထူးထူးဆန်းဆန်း လှေကားထစ်တွင် အိပ်ပျော်နေသော ထူးနိုင်ကို ခွေခွေလေးတွေ့ရသည်။

"ဟောတော့"

နှစ်ယောက်လုံး ထိုသို့မြည်သံပေး၍ ပင်ပန်းလွန်းကာ အိပ်နေသော ထူးနိုင်ကို မနှိုးတော့ဘဲ မျက်နှာသစ်ရန် ပြုလုပ်ထားသော နေရာသို့သာ သွားလိုက်ကြသည်။

နှစ်ယောက်သား မျက်နှာသစ်သောဘေစင်တွင် ဆုံကြသည်။

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် ပြုံးပြကြသည်။ နှစ်ယောက်သား သွားတိုက်ရင်း

"ဒီမှာနေတာလား"

သူဇာချို၏အမေး။ မြရီနွယ်က ပြုံးပြီး

"အပေါ်ထပ်မှာ"

နှစ်ယောက်သား စကားမစဖြစ်တော့။ ကိုယ့်ဘာသာကိုယ် သန့်ရှင်းရေးလုပ်နေကြသည်။ တစ်ယောက်ကိုတစ်ယောက်လဲ စောင်းငန်းကြည့်ပြီး "အတော်လှတဲ့ မိန်းကလေး"ဟု တွေးမိကြသည်။

ထိုတော့မှ ထူးနိုင်မှာ ရှူးကြောင်မူးကြောင်နှင့် နိုးလာပြီး ထိုမြင်ကွင်းကိုမြင်ကာ

"ဟာ သွားပြီ၊ သွားပြီ၊ ငါတော့သေပြီ"

ဆိုကာ ကိုယ့်ခေါင်းကိုကိုယ်အုပ်ကိုင်ထားမိသည်။

မိန်းကလေးနှစ်ယောက်ကတော့ သတိမထားမိသေး။ ကိုယ့်ကိုကိုယ်သာသန့်စင်အောင် ကိုယ်လက်သုတ်သင်ပြီး ပြန်လှည့်လာကြသည်။

"သွားပြီနော်"

"ဟုတ်ကဲ့"

နှစ်ယောက်သား နှုတ်ဆက်လိုက်ကြသေး၏။

ထူးနိုင်မှာ လေ့ခါးရင်း၌ သေချင်ယောင်သာ ဆောင်နေရလေသည်။

× × ×





ဟိုကိုပြေး ဒီကိုပြေး မလေးလုံမလေး
ပြိုင်မယ်လေ၊ နိုင်မယ်လေ၊ ရှောင်လေ
ရှားလေ အနားမနေဘူးတော့၊
ကြက်တက်စူးလို့၊ နာတတ်သလေ။
ခွပ်လိုက်ကြစို့ သူငယ်ချင်းရေ၊
ယောက်ျားဘာသား ကဲ နွှဲကြမယ်လေ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"နွယ်ချိုလို့ခေါ်မယ်နော်"
"ဘာလို့လဲ"
"နွယ်က ကိုယ့်ကို ချိုမြိန်စေလို့"
"ပိုပြီ"
"ဪ ခဏနော်၊ အဒေါ်ကို သွားကြည့်လိုက်ဦးမယ်"
"ဟုတ် ပြန်လာနော်"
"စိတ်ချပါ၊ ညည်းသံကြားရင် ထွက်မကြည့်နဲ့နော်၊ ကိုယ်နိုင်တယ်"
"ဟုတ်"

တစ်နေ့လုံးအငြိမ်။ ထူးနိုင်ဆင်းသွားမှ ဘာကြောင့် အဒေါ် ညည်းသံကြားရမှန်းမသိ။

× × ×





"နွယ်ချိုလို့ခေါ်ချင်တယ်"
"ဘာလို့လဲ"
"ချိုက ကိုယ့်ကို နွယ်လိုရစ်ပတ်ထားလို့"
"ပြောတတ်တာ"
"ခဏနော်၊ အဖေါ်နေကောင်းလား သွားကြည့်မယ်"
"ဟုတ်ကဲ့ ဂရုစိုက်နော်"
"အင်းပါ၊ ညည်းသံကြားရင် မပူနဲ့နော်၊ ကိုယ်နိုင်တယ်"

ထုံးစံအတိုင်း ထူးနိုင်တက်သွားပြီး ညည်းသံကြားရသည်။ ထုံးစံလိုဖြစ်နေတော့ မထူးဆန်းတော့။

ထူးနိုင်မှာ ဆယ်ပေါင်ခန့်ကျသွားသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မျက်တွင်းတွေချောင်၊ ဒူးနှစ်ချောင်း ဂျာကလယ်ရိုက်နေသော ထူးနိုင်ကို သူငယ်ချင်းများ ငေးကြည့်နေကြသည်။

"အမှန်တော့ သိပ်လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး"

ထူးနိုင် ဘာဆိုလိုမှန်းမသိ။ ဒီအတိုင်း ငေးကြည့်နေကြသည်။ လက်မှာလဲ ကြက်မောက်သီးနှစ်လုံးနှင့်။

"အပေါ်ထပ်နဲ့အောက်ထပ် လူနာမေးနေရတာနဲ့တင် လူက ဒူးအတော်ချောင်တယ်"

ထူးနိုင် တကယ်ချောင်သောဒူးကို ပြသည်။ အားလုံးလဲ ကြည့်သည်။ ထိုတော့မှ မိုးမောင်က သတိရပြီး

"သူတို့နှစ်ယောက် မသိဘူးလား"





ထူးနိုင်က ခေါင်းခါပြီး

"မသိဘူးကွ"

"ဘာလို့"

"သူတို့နှစ်ယောက်လုံးက တစ်ယောက်ကိုတစ်ယောက် ဒီအိမ်ကပဲလို့ ထင်နေကြတာ၊ တစ်ယောက်ကိုတစ်ယောက်က ငါ့ညီမဝမ်းကွဲလို့ ထင်နေကြတာ"

အားလုံးသက်ပြင်းချသည်။

"ဒါနဲ့နေပါဦး၊ မင်းအပြင်ထွက်လာတော့ သူတို့ကို ဘယ်လိုနှုတ်ဆက်လဲ"

"အိမ်ခပ်ဝေးဝေးကနေပြီး နွယ်ချိုရေ သွားပြီလို့ နှုတ်ဆက်တာပေါ့"

"နွယ်ချိုဆိုတာ"

"သူတို့နှစ်ယောက်လုံးကို နာမည်တစ်ခုတည်းပေးထားတာလေ၊ တစ်ယောက်ကနွယ်၊ တစ်ယောက်က ချိုဆိုတော့လေ၊ နွယ်ချိုပေါ့"

"ပိုင်ပါ့ကွာ"

"အဲဒါဆိုတော့ သူတို့နှစ်ယောက်လုံးကလဲ သူတို့ကိုပြောတယ်ထင်ပြီး ဟုတ်ကဲ့ရှင့်ဆိုပြီး နှုတ်ဆက်တာပဲ"

"တယ်ဟုတ်"

အားလုံး ထူးနိုင်ကို တလေးတစား ကြည့်ကြသည်။ ဒူးကိုလဲ လေးစားကြသည်။ အတန်ကြာမှ မိုးမောင်က

"ဒါဆို မင်းရှေ့လျှောက် ဘယ်လိုလုပ်မှာလဲ၊ တစ်နေ့နေ့မှာ သူတို့စကားစပ်မိရင် မင်းလုပ်ထားသမျှ ပေါ်မှာနော်"

ထူးနိုင်ခေါင်းကုတ်ကာ

"ငါလဲ အဲဒါကို စဉ်းစားနေတာပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်းအချိန်မလွန်ခင် အဲဒီနှစ်ယောက်ကို ခွဲထား လိုက်ပါလား"

ထူးနိုင်က အားလုံးကိုပြန်ကြည့်ပြီး

"မင်းတို့ကလဲ အခု အိမ်ပေါ်အိမ်အောက်တောင် လုံးနေ အောင်ပြေးရတာ၊ ခပ်ဝေးဝေးသာဆို ဟိုဖက်အိမ် ဒီဖက်အိမ် ပြေးနေ ရုံနဲ့ အရှင်ထွက်ထွက်တယ်"

"ဒါလဲဟုတ်တာပဲ"

အားလုံးငြိမ်ကုန်၏။ မှန်သည်။ နှစ်ယောက်ကို ခပ်ဝေးဝေး ထားရုံနှင့် မာရသွန်ချန်ပီယံ ဖြစ်သွားနိုင်သည်။ ရာဂကလဲ တွန်းကန် ဦးမှာကိုး။

"ဒါဖြင့် မင်းဘယ်လိုစဉ်းစားလဲ"

ထူးနိုင် ရင်ကော့၍ အသက်ပြင်းပြင်းရှူလိုက်သည်။

"မတတ်နိုင်ဘူးကွာ"

အားလုံး သူ့ကိုငေးနေရသည်။

"နှစ်ယောက်လုံးသိသွားပြီး တစ်ယောက်ယောက်က စိတ် ပျက်ပြီး အိမ်ပေါ်ကဆင်းသွားရင်လဲ ကျန်တဲ့တစ်ယောက်နဲ့ ပေါင်းရ မှာပဲ ဟူး"

အားလုံး ပါးစပ်အဟောင်းသား။ ဇော်က ဒူးချောင်နေတုန်း။

"ဒါနဲ့ ဒီကြက်မောက်သီးနှစ်လုံးက"

မိုးမောင်က သူ့လက်ထဲက ကြက်မောက်သီးကိုကြည့်၍ ပြော သည်။ ထူးနိုင်က ပြန်ငုံ့ကြည့်ပြီး

"လက်ဆောင်လေ၊ နွယ့်အတွက် ခွဲတမ်းတစ်လုံး၊ ချို့အတွက် တစ်လုံး"

အားလုံးပါးစပ်ဟ,ကုန်၏။

"အများကြီး မဝယ်ဘူးလား"





ထူးနိုင် ခေါင်းခါရင်း

"ဟင့်အင်း တစ်ယောက်တစ်လုံး ခွဲတမ်းနဲ့ပဲ"

ထူးနိုင် ကြက်မောက်သီးနှစ်လုံး ဘောင်းဘီရှေ့အိတ်ထဲ၌ ထည့်ပြီး

"ကဲ သွားပြီကွာ၊ အိမ်မှာစောင့်နေကြလိမ့်မယ်"

အားလုံးပါးစပ်အဟောင်းသား။ ဟိုကောင်က ကြက်မောက် သီးခါသွားသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မြရီနွယ်တစ်ယောက်တည်းနေရ၍ ပျင်းသလိုဖြစ်လာသည်။ ထူးနိုင်ကလဲ ဘယ်ကိုထွက်သွားမှန်းမသိ။ အခန်းထဲ၌ တစ်ယောက်တည်းနေနေရသည်ကိုက ပျင်းရိငြီးငွေ့ဖွယ်။

အိပ်ခန်းပြတင်းတံခါးမှ အပြင်သို့ လှမ်းကြည့်လိုက်သည်။

"အို"

အိမ်ဝင်းအတွင်းရှိ ခုံတန်း၌ ထိုင်နေသောကောင်မလေး။ အိမ်အောက်ထပ်မှ ထူးနိုင်၏ညီမလေးလား၊ တူမလေးလားမသိ။ တစ်ယောက်တည်းထိုင်နေတာ တွေ့ရ၏။

"ဘာပဲဖြစ်ဖြစ် စကားသွားပြောဖြစ်ရင် ကောင်းမှာပဲ"

ဟု တွေးမိသည်။ ထို့ကြောင့်

× × ×





သူဇာချို ပျင်းပျင်းရှိသည်နှင့် ခြံဝင်းထဲမှ ခုံတန်းပေါ်တွင် တစ်ယောက်တည်း ထိုင်နေသည်။ ထူးနိုင်ကလဲ ဘယ်ထွက်သွားမှန်း မသိ၍ တစ်ယောက်တည်း အဖော်မဲ့နေခြင်းဖြစ်သည်။ ဘယ်မှလဲ သွားချင်စိတ်မရှိ။ စိတ်ထဲမှာလဲ

"တစ်ယောက်ယောက်နဲ့ စကားပြောရရင်ကောင်းမှာပဲ"

ဟု စိတ်ထဲမှာဖြစ်နေမိသည်။ ထိုစဉ်မှာပင်

"အလို"

အနီးကပ်ကြားလိုက်ရသော ခြေသံတစ်ခုကြောင့် လှည့်ကြည့်လိုက်တော့။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မနက်ခင်းတိုင်းဆုံနေသော အိမ်ပေါ်ထပ်မှ မိန်းမလှလေး။ ထိုမိန်းကလေးက ပြုံးပြီး

"တစ်ယောက်တည်းလား"

သူဇာချို ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ် ပျင်းလို့"

"ထိုင်မယ်နော်"

သူဇာချို ခေါင်းသာထပ်ညိတ်ပြလိုက်သည်။ မိန်းမလှလေးက ပြုံးပြီး

"တစ်ယောက်တည်းပျင်းနေလို့"

"အတူတူပဲ"

သူနှင့်ခံစားချက်တူသူဖြစ်၍ သူဇာချိုဝမ်းသာသွားသည်။

"မြရီနွယ်ပါ"

"သူဇာချို"

တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း အတော်လှတဲ့ မိန်းကလေးပဲဟု စိတ်ထဲထင်နေမိကြသည်။ တစ်ယောက်နဲ့တစ်ယောက်ကလဲ အခုမှ စကားပြောဖူးတာဆိုတော့ ပြောစရာက သိပ်မရှိ။

"ဘယ်မှမသွားဘူးလား"

"အင်း မသွားဖြစ်ဘူး၊ အဖော်မရှိလို့"

တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်နေကြသည်။ နောက်မှ သူဇာချိုက မျက်မှောင်ကြုတ်ပြီး

"တစ်နေရာရာမှာ တွေ့ဖူးသလိုပဲနော်"

သူဇာချိုစကားကို မြရီနွယ်ကလဲ မျက်မှောင်ကြုတ်၍

"ဟုတ်တယ်၊ ဟုတ်တယ်၊ ရင်းရင်းနှီးနှီးကို တွေ့ဖူးသလိုပဲ"

နောက်မှစဉ်းစားပြီး

"ဩော် ပလာဇာမှာ တစ်ခါတိုက်မိကြတယ်ထင်တယ်၊ ဟင်းဟင်း"

ထိုတော့မှ သူဇာချိုလဲ

"ဟုတ်တယ်၊ ဟုတ်တယ်၊ မှတ်မိပြီ၊ ပလာဇာမှာ တစ်ခါတိုက်မိကြတာပဲ၊ ဟင်းဟင်း တိုက်ဆိုင်လိုက်တာနော်၊ ဟင်းဟင်း"

စကားစပြတ်ပြီး တစ်ယောက်ကိုတစ်ယောက် ပြုံး၍ကြည့်မိကြပြန်သည်။ နောက်မှ သူဇာချိုက အိမ်ကိုလက်ညှိုးပြန်ထိုးပြီး

"ဒီမှာပဲနေတာနော်"

"ဟုတ်တယ်၊ အပေါ်ထပ်မှာ"

"ညီမက အောက်ထပ်မှာ"

ပြုံးပြီး ကြည့်နေဖြစ်ကြပြန်သည်။ အတန်ကြာမှ သူဇာချိုမှ ပင်စ၍

"ဒီလောက်လှတာ ချစ်သူမရှိဘူးလား"

မြရီနွယ်က လှပစွာရယ်ရင်း

"ပြောမှသတိရတယ်၊ မက်ဆေ့ချ်ပို့လိုက်ဦးမယ်"

ဆိုကာ ထူးနိုင်နံပါတ်ကိုနှိပ်၍ မက်ဆေ့ချ်ပို့လိုက်သည်။

"ဘယ်ရောက်နေလဲ"

မက်ဆေ့ချ်ပို့ပြီးမှ သူဇာချိုဖက်လှည့်၍

"သူရော"

"တီတီတီ တီတီတီ"

သူဇာချိုဆီဝင်လာသော မက်ဆေ့ချ်။ သူဇာချိုက ဖုန်းကိုမြှောက်ပြပြီး

"ပြောရင်းဆိုရင်း မက်ဆေ့ချ်ဝင်လာပြီ"

ကြည့်လိုက်တော့ ထူးနိုင်ထံမှ မက်ဆေ့ချ်။ ဖွင့်ကြည့်လိုက်တော့

"ဘယ်ရောက်နေလဲ"





www.burmeseclassic.com

www.burmeseclassic.com



သူကလေ မက်ဆေ့ချ်ပို့ရင်
မြန်မာလိုပဲပို့တာ၊
တို့က
မြန်မာ လိုမကျွမ်းကျင်တော့
အင်္ဂလိပ်လိုပဲ ပြန်ပို့ရတာ

သူဇာချိုက ပြုံးပြီး မက်ဆေ့ချ်ပြန်ပို့လိုက်သည်။

"In to u heart "

သိပ်မကြာ။ မြရီနွယ်ထံ မက်ဆေ့ချ်ဝင်လာသည်။ မြရီနွယ် ပြုံးပြီး

"အောင်မယ် သူက ကဗျာဆန်နေပြန်ပြီ"

ဆိုကာပြန်ပို့လိုက်သည်။

"မယုံဘူး"

သူဇာနွယ်ဆီ ပြန်ဝင်လာသည်။ သူဇာနွယ်က

"I miss you"

မြရီနွယ်ဆီ ပြန်ဝင်လာသည်။

"သူသိပ်ပိုပြီ ဟင်းဟင်း"

"ဟင်းဟင်း ယောကျ်ားတွေက ဒီအတိုင်းပဲ ဟင်းဟင်း"

နှစ်ယောက်သား စကားတွေပြောရင်း သဘောတွေကျနေကြသည်။ ဘယ်သူ့ဆီက မက်ဆေ့ချ်မှန်းလဲ တစ်ယောက်နဲ့တစ်ယောက် မသိကြ။

"သူကလေ မက်ဆေ့ချ်ပို့ရင် မြန်မာလိုပဲပို့တာ၊ တို့က မြန်မာ လိုမကျွမ်းကျင်တော့ အင်္ဂလိပ်လိုပဲ ပြန်ပို့ရတာ"

"အဲဒါတွေ တို့နဲ့ကွာပါ့၊ သူက အင်္ဂလိပ်လိုချည်းပို့တာ၊ တို့ မြန်မာလိုပို့လဲ သူက အင်္ဂလိပ်လိုပဲ ဟင်းဟင်း"





နှစ်ယောက်သား ပျော်ပါးနေကြသည်။ တစ်ယောက်ကိုတစ် ယောက် ငေးကြည့်ရင်း

"ဘယ်မှာတွေ့ကြတာလဲဟင်"

သူဇာချိုအမေးကို မြရီနွယ်ကပြုံးပြီး

"သူက တို့ရဲ့အသက်သခင်"

ထိုစကားကို သူဇာနွယ်ကပါ အံ့သြဟန်ဖြင့်

"အဲဒါတစ်ခုတော့ တူပြီ"

နှစ်ယောက်သား ရယ်နေကြသည်။

"ဘယ်လိုအသက်သခင် ဖြစ်တာလဲ"

မြရီနွယ်က ပြုံးပြီး

"တစ်နေ့မှာ ကားအက်ဆီးဒင့်ဖြစ်မလိုဖြစ်တုန်း သူက အသက် စွန့်ပြီး ဝင်ကယ်ခဲ့တာ"

သူဇာချိုက ပြုံးရင်း

"အဲဒါတော့မတူဘူး၊ တို့ကတော့လေ တစ်နေ့ ကားကိုမောင်း လာတုန်း အက်ဆီးဒင့်ဖြစ်မလိုဖြစ်တော့ သူက အဲဒီလူကို တွန်းလွှတ် ခဲ့တာ မြောင်းထဲမှာလိမ့်ရော ဟင်းဟင်း"

သူ့စကားကို မြရီနွယ်က လိုက်ရယ်ရင်း

"ဟင်းဟင်း ဟုတ်လား၊ ဘယ်မှာဖြစ်တာလဲ"

"ဒီရပ်ကွက်လမ်းကွေ့မှာလေ"

မြရီနွယ် မျက်လုံးပြူးသွားပြီး

"ဟင် ဟုတ်လား၊ တို့လဲ အဲဒီနားမှာပဲဖြစ်တာ"

"ဟင်းဟင်း တို့ဖြစ်တာက နံနက်ခင်းကြီး"

"တို့လဲ နံနက်ခင်းပဲ"

"ဘာရယ်"



www.burmeseclassic.com

နှစ်ယောက်လုံး အံ့အားသင့်ပြီး ပြန်ကြည့်မိကြသည်။ နောက်မှ သူဇာချိုက

"ဟင်းဟင်း အဲဒီနေရာက အက်ဆီးဒင့်မကြာခဏ ဖြစ်တယ်နော်"

သူ့စကားကို မြရီနွယ်ကလဲ အလိုက်သင့်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီနေရာက လမ်းကွေ့လဲဖြစ်နေတော့လေ၊ ဟင်းဟင်း"

စကားစပြတ်သွားပြန်သည်။ ဘာဆက်ပြောရမှန်းမသိ။ နောက်မှ မြရီနွယ်က စကားရှာပြီး

"ချစ်သူကရော"

သူဇာချို ပြုံး၍ ပခုံးတွန့်ရင်း

"အဲဒီတုန်းကတော့ ချစ်သူ၊ အခုတော့ ယောက်ျားပေါ့၊ ဟင်းဟင်း"

မြရီနွယ်က မျက်လုံးလေးပြူးပြီး

"ဟယ် မထင်ရပါဘူးနော်၊ အပျိုလေးထင်နေတာ၊ ဟင်းဟင်း"

ဒါကို သူဇာချိုကလဲ ပြုံးရယ်ရင်း

"သူကရော"

မြရီနွယ်လဲ ပခုံးတွန့်ပြုံးပြီး

"တို့လဲ ယောက်ျားနဲ့ပဲ အဟိ"

"ဟယ်"

သူဇာချို သူ့ရင်ဘတ်သူဖိပြီး မျက်လုံးပြူးနေသည်။

"အပျိုမှတ်နေတာ၊ ကဲ ကြည့်၊ ဒါနဲ့ အမျိုးသားကရော"

"အပြင်သွားနေတယ်"

"အမျိုးသားက ဘယ်မှာနေတာလဲ"





"ဒီမှာပဲနေတာ"

"ဟယ်"

သူဇာနွယ် မြရီနွယ်ညွှန်ပြရာအိမ်ကို ပြန်ကြည့်သည်။ သူဇာချို ညွှန်ပြနေတာက သူယခုနေနေသည့်အိမ်။ ထို့ကြောင့် မျက်မှောင်ကြုတ်ပြီး

"တစ်ခါမှလဲ မတွေ့ပါဘူး၊ အမျိုးသားကို"

ဒါကို မြရီနွယ်က ပြုံးပြီး

"ရှိပါတယ်၊ သူတို့အောက်ထပ်ကိုတောင် ညည်းညည်းနေတဲ့လူနာ ဆင်းဆင်းကြည့်သေး၊ အဟင်းဟင်း"

သူဇာချို မျက်လုံးပြူးကာ

"ဟင် အောက်ထပ်မှာ လူနာမရှိပါဘူး၊ အပေါ်ထပ်မှာရှိတာမဟုတ်လား၊ အပေါ်ထပ်ကပဲ ညည်းညည်းသံကြားနေတာ"

မြရီနွယ် ခါးကိုမတ်ကာ မျက်မှောင်ကြုတ်ခေါင်းခါရင်း

"မဟုတ်ပါဘူး၊ အပေါ်ထပ်မှာ ပြောင်သလင်းခါနေတာ၊ အောက်ထပ်မှာသာ"

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ နောက် မသင်္ကာဟန်ဖြင့် မြရီနွယ်မှ

"ဒါ ဒါနဲ့ သူ့အမျိုးသားနာမည်က"

"ကိုနိုင်"

သူဇာချိုစကားကို မြရီနွယ်က သက်ပြင်းချပြီး

"ဟူး တော်သေးတာပေါ့၊ တို့အမျိုးသားနာမည်က ကိုထူး"

"ဟင် ဘယ်လို"

"ဘာ ဘယ်သူ"

ထိုတော့မှ နှစ်ယောက်သား မျက်လုံးကြီးပြူးပြီး သံပြိုင်ထအော်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထူးနိုင်"

ထိုသို့အော်ပြီး နှစ်ယောက်လုံး ကြက်သေသေကုန်၏။ ဘာပြောရမှန်းမသိ။ အတန်ကြာမှ

"ဒါ ဒါဆို ခုနကမက်ဆေ့ချ်က"

"ထူးနိုင်ဆီကလေ"

"ဒါဆို ဖွင့်ကြည့်ရအောင်"

"ဟင်"

"ဟာ"

မက်ဆေ့ချ် အားလုံးအတူတူ။ သူ့မျက်ဆေ့ချ် ကိုယ့်ဆီ ရောက်ပြီး ကိုယ့်မက်ဆေ့ချ်က သူ့ဆီမှာ။ တစ်ယောက်ကိုတစ်ယောက် ကြောင်ပြီးစိုက်ကြည့်နေမိကြသည်။ အတန်ကြာမှ လန့်ပြီး

"ဘယ်နေ့က ခိုးလာတာလဲ"

"ပြီးခဲ့တဲ့အပတ် စနေည ဆယ်နာရီ"

"ဟင် တို့လဲ အဲဒီနေ့ပဲ"

အားလုံးအတူတူ။

ထို့နောက်

"မေမေလား"

"အန်တီလား လူစုပြီးလာခဲ့"

× × ×





ဒူးမတိုက်နဲ့ မခိုက်နဲ့တော်ရေ၊ ငါ့မောင်ကြိုက်မှ ငါ့ယောင်းမဟော့၊
ဖွေးတုတ်ရေ၊ အရေးလုပ်ဖို့ ငါမမြင်သလေ
ကြောက်ရင်လဲ နောက်ဆုတ်နေ
ချွေးသုတ်ရင်လေ ကစားနေတုန်းသာ၊
အရှုံးပေးလိုက်တော့လေ

× × ×



www.burmeseclassic.com

www.burmeseclassic.com



ထူးနိုင် မင်ကောင်းကောင်းနှင့် လေချွန်ပြီးဝင်လာသည်။

"နှယ်ချိုရေ ကိုယ်ပြန်လာပြီဟေ့"

ထူးနိုင်၏အသံစာစာ။ အတွင်းမှပြန်ထူးသံ မကြားရ။ ထူးနိုင် ခြေလှမ်းတန့်သွား၏။ စိတ်ထဲ ထင့်ခနဲ ဖြစ်မိသေး၏။

"နှယ်ချိုရေ"

"ဟော"

အိမ်ပေါ်ထပ်မှ နှယ်ရော၊ အိမ်အောက်ထပ်မှ ချိုပါ ထွက်လာ၏။ ထူးနိုင်က နှစ်ယောက်လုံးကို ခပ်တည်တည်ပြုံးလိုက်သည်။ ပြီးနောက် သူ့ပြောသလို ကိုယ့်ပြောသလိုနှင့်

"လာမယ်နော် လူနာညည်းနေသလား ဝင်ကြည့် ဟင်"





သူ့စကားမဆုံးလိုက်။ နှယ်နှင့်ချိုနောက်မှ လိုက်ထွက်လာသောအမျိုးများ။

"ဟာ"

ထူးနိုင်လန့်သွားသည်။ နောက် ကတုန်ကယင်ဖြင့်

"ဟင် ဒါ ဒါတွေက"

"ကိစ္စရှင်းဖို့စောင့်နေတာလေ၊ လာခဲ့"

"ဟာ သေပြီ၊ သေပြီ"

အခြေအနေရိပ်မိပြီး ထူးနိုင်ထွက်ပြေးဖို့အလုပ်

"အွန့်"

ဘယ်ကဘယ်လို ရောက်နေမှန်းမသိသော လူထွားကြီးနှစ်ယောက်က သူ့ကုတ်ကို အပိုင်ဆွဲထားကြသည်။

"ဘယ်ပြေးမလို့လဲကောင်လေး၊ ဒါမျိုးတော့မရဘူး"

"ဟင်းဟင်း ဒီလောက်တော့မလွယ်ဘူးလေ ကြိုသိ"

ထူးနိုင် ယက်ကန်ယက်ကန်ဖြစ်နေသည်။ မျက်လုံးတွေလဲ ပြာဝေနေ၏။

"ဟာ ဒါ ဒါတွေက"

အားလုံးက ဖြည်းဖြည်းချင်း သူ့ထံတိုးလာကြသည်။ မြရီနှယ်၏ သဘောကောင်းသော အမေလဲပါသလို၊ သူဇာချို၏ သဘောထားပြည့်သောအဒေါ်လဲပါသည်။

"ကဲ ဒီကိစ္စကို ဘယ်လိုရှင်းမလဲ ပြော"

ထိုစကားသံကြားသည်နှင့် နဂိုချောင်ဖူးကြီး ပိုချောင်သွားသယောင်။ ထူးနိုင် ကတုန်ကယင်ဖြင့်

"ဒါ ဒါက ဟိုလေ၊ ကျွန်တော်လဲ နှစ်ယောက်လုံးကို ချစ်မိတော့ ဂလု"

စကားတွေက ရုတ်တရက်မထွက်နိုင်။ အားတင်း၍ ဆတ်ရ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

"အဲ အဲဒါ နှစ်ယောက်လုံးကို တစ်ပြိုင်တည်း ခိုး ခိုး"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ဒါကို မြရီနွယ်၏အမေက

"ကဲ ဖြစ်ပြီးတာလဲ ဖြစ်ပြီးပြီဆိုတော့ သူဇာချိုဒေါ်ဒေါ်တာ ဘယ်လိုဆုံးဖြတ်ချင်လဲ ပြောပါ"

သူ့အမေးကို သူဇာချို့အဒေါ်ကလဲ လက်ပိုက်ပြီး

"အို အို ဒါက ကလေးတွေကိစ္စပဲ၊ ကလေးတွေ ဘယ်လိုလုပ်ချင်သလဲပေါ့၊ ဒါပါပဲ"

လေကအေးသည်။ မြရီနွယ်အမေကလဲ ခပ်အေးအေးပင်။

"သမီးတို့ရော ဘာလုပ်ချင်လဲ၊ မေမေတို့ကိုပြော စိတ်တိုင်းကျ ဖြစ်စေရမယ်"

မြရီနွယ်က သူ့လက်ဖဝါးကိုသူပွတ်ပြီး

"ဘာလုပ်ချင်လဲဆိုတော့"

ထူးနိုင် မျက်လုံးပြူးသွားသည်။

"နွယ် နွယ် ကိုယ် ကိုယ်လေ"

သူ့စကားမဆုံးလိုက်။ ပါးပြင်ပေါ် ကျလာသော ပန်းလက်ဖဝါး။

"အဲဒီ ကို့ကိုပဲ ဟောဒီလို"

"ဖြောင်း"

"အောင်မလေးဗျ သေပါပြီဗျ"

ကုတ်ကိုဆွဲထား၍ ထွက်ပြေး၍လဲမရ။ ဒူးကလဲ ချောင်နေ၍ မပြေးနိုင်။ ဒါကို မြရီနွယ်က သူဇာချိုဖက်လှည့်၍

"ချိုကရော"

သူဇာချိုက ပြုံး၍ရှေ့ထွက်လာပြီး





"ချိုကလဲ နွယ့်လိုပေါ့နွယ်ရဲ့"

လက်လွဲလိုက်တာသာမြင်သည်။

"ချို ကိုယ် ကိုယ်"

"ဖြောင်း"

"အောင်မလေး သွားကျွတ်ပါပြီဗျ"

ထူးနိုင်၏အော်သံ။ ဒါကို မြရီနွယ်တို့အမေက ရှေ့ထွက်လာပြီး

"ညှဲလိုက်တဲ့ ကလေးတွေပဲ၊ သမီးတို့နှစ်ယောက်လုံးမှတ်ထား။ ယောကျ်ားတစ်ယောက်ကို မကျေနပ်လို့ရိုက်ရင် ပါးမရိုက်နဲ့၊ အသံကျယ်ပြီး လူကြားတယ်၊ ပတ်ဝန်းကျင်ဆူညံတယ်၊ ဒီမှာကြည့် မေမေပြမယ်"

ဆိုကာ ထူးနိုင်၏ကုတ်ကို ဆွဲလိုက်သည်။

"ဒီမှာကြည့်၊ ဒီလိုကုတ်ဆွဲလိုက်ရင် သူ့ကိုပါးရိုက်မယ်ထင်မယ်"

"ဟင် ဟင် ဘယ်လို"

ထူးနိုင် ဟိုကလုပ်သမျှ မျက်လုံးပြူး၍ ကြည့်နေရလေသည်။

"ဟောဒီမှာကြည့်၊ ဟောဒီလိုလက်ရွယ်လိုက်"

ဟိုလက် လက်ရွယ်သည်။

"မလုပ် မလုပ်နဲ့လေ"

ထူးနိုင်လန့်ပြီး ခေါင်းကိုနောက်ဆုတ်သည်။

"ဟော တွေ့လား၊ ခေါင်းကို နောက်ဆုတ်ပြီ၊ အဲဒီအချိန်ကျမှ ဟောဒီမှာတွေ့လား၊ ဖိနပ်ဒေါက်"

အားလုံးလိုက်ကြည့်ကြသည်။

ထူးနိုင်ပါ လိုက်ကြည့်မိသည်။ ဖိနပ်ဒေါက်က ချွန်မြနေသည်။ ဖိနပ်နံပါတ်က ရှစ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဖိနပ်ဒေါက်နဲ့၊ သူ့ရဲ့ပေါင်ခွကြားကို ဟောဒီလို အားနဲ့ ဆောင့်ကန်"

"ယာစ်"

"ဖောင်း"

"အွိ"

ထူးနိုင် ခြေခွင်ကျပြီး အသံပင်မထွက်နိုင်။ ချက်ကောင်းကိုမှ ထိချက်ကပြင်းလွန်း၍ နားထင်ကြောထောင်သည်အထိ မျက်လုံးကြီးပြူး။ မျက်နှာကြီးမဲကာ သားရည်တွေတွဲပြီး ငြိမ်နေသည်။ အတန်ကြာမှ

"အောင်မလေး ကွဲပါပြီ၊ အသည်း အသည်းတွေ ကွဲပါပြီဗျ ဟီး"

ဒါကို သူဇာနွယ်၏အဒေါ်ကာလဲ အားကျပြီး

"အစ်မကြီးပြတာ သိပ်မရှင်းဘူး၊ ဘယ်လို"

ဟိုကလဲ စိတ်ကောင်းသည်။

"ဪ ဒီမှာလေညီမရဲ့၊ ဟောဒီမှာ ကုတ်ကိုလှမ်းဆွဲ"

ပြောသည့်အတိုင်းလုပ်သည်။ ကုတ်ဆွဲသည်။ ထူးနိုင်မှ ယက်ကန်ကန်နှင့် လည်ပါနေသည်။

"အငိုက်မှာ ပါးရိုက်ဖို့လက်ရွယ်၊ အဲဒီမှာ လက်ကိုရှောင်ဖို့ သူမော့တာနဲ့"

တကယ်ပဲ ထူးနိုင်ယောင်ပြီး လက်ကိုရှောင်ရန်အမော့။

"မလုပ် မလုပ်နဲ့"

ထင်တာက အပေါ်၊ ထိတာက အောက်။

"ယာစ်"

"ဖောင်း"

"အိစ် အိစ်"





တက်သွားတာမှ
ပါးစပ်က ပြန်ခုန်မထွက်အောင်
မနည်းစေ့ထားရသည်။
ဒူးနှစ်ဖက်ကလဲ ပိုချောင်ပြီး
အထဲကိုပြန်ခွင်နေသည်။

ဟိုကခေတ်မီတော့ ဒေါက်ဖိနပ်က ပိုချွန်ပါသည်။ ထူးနိုင် မေးကြောတွေဆွဲပြီး အံကြိတ်ထားရသည်။ မကြိတ်၍မဖြစ်။ တက်သွားတာမှ ပါးစပ်ကပြန်ခုန်မထွက်အောင် မနည်းစေ့ထားရသည်။ ဒူးနှစ်ဖက်ကလဲ ပိုချောင်ပြီး အထဲကို ပြန်ခွင်နေသည်။ ဒါကို ကုတ်က ဆွဲမ, လိုက်လျှင် ရုပ်သေးလို မြောက်မြောက်ပါလာသေး၏။

"အစ်မ အစ်မ ကျွန်မသိတာ ဒီလို"

"အေး ပြောပါဦး ညီမလေး"

အရေးထဲ ပညာဖလှယ်နေကြသေး၏။ ထူးနိုင်က အံကြိတ်ပြီး စိတ်ဝင်စားစွာ လိုက်ကြည့်သေး၏။

နှုတ်မှလဲ

"ဟင် ကျန် ကျန်သေးတာလားဟင်"

"ကျန်တာပေါ့ကွယ်"

"ဟောဒီလိုကုတ်ဆွဲပြီးအငိုက်မှာ အရှိုက်ကို ဟောဒီလိုဒူးနဲ့"

"ယာစ်"

"ဒုတ်"

"အွတ်"

ထူးနိုင် ခံရချက်ပြင်းပြီး စကားပင်မထွက်နိုင်တော့။ အတန်ကြာမှ လည်ချောင်းသံကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး သေ သေပါပြီ၊ သေပါပြီ"

ဒါကို နောက်တစ်ယောက်ကလဲ

"အဲဒီနည်းက ဟောင်းနေပြီညီမရဲ့၊ အဲဒါနဲ့တွဲသုံးရတာ ရှိတယ်"

"ဟုတ်လား ဘယ်လိုလဲ"

"အဲလို အရှိုက်ကို ဒူးနဲ့တိုက်ပြီး သူကွေးသွားပြီဆိုရင် အနောက်ဖက်ကို လှည့်လိုက်၊ ဟဲ့ လှည့်ပေးစမ်း"

ကုတ်ကကိုင်ထားသူများက လှည့်ပေး၏။ ထူးနိုင်က အရုပ်တစ်ခုလိုလည်ပြီး လှည့်သွား၏။

"အဲ အဲဒီမှာတွေ့လား၊ အနောက်ကဆို အနေတော် ဖင်က ကုန်းနေပြီ၊ လေးဆယ့်ငါးဒီဂရီ ဟုတ်လား၊ မြင်လား၊ အဲဒီတော့မှ ခြေလှမ်းကို ငါးလှမ်းလောက်ဆုတ်၊ ဟောဒီမှာတွေ့လား၊ ဖိနပ်ဦးအချွန်၊ အဲဒါနဲ့ ဟောဒီလိုပြေးပြီး အားနဲ့"

ပြေးလာသောခြေသံကြားရ၏။ နောက်

"ဖောင်း"

"ဒွပ်"

"အား"

ထူးနိုင်၏ မခံမရပ်နိုင်သောအော်သံ။ မျက်ရည်တွေတွဲ နှပ်တွေရွှဲပြီး

"အောင်မလေး ပွင့် ပွင့်ပါပြီဗျ၊ ပွင့်သွားပြီဗျ"

အားလုံးက ဖနောင့်ထောင်ပြီး မြောက်ကြွမြောက်ကြွဖြစ်နေသော ထူးနိုင်ကိုကြည့်သည်။ ထူးနိုင်ကသာ

"မတော် မတော်ပါဘူး အဒေါ်တို့ရဲ့ ဟီး"

သူ့အော်သံကြားသည်နှင့် မိဘမောင်ဘွားများက

"ဟဲ့ ကလေးတွေ၊ ဟိုမှာအော်နေပြီလေ၊ လူကြားလို့တောင်





မကောင်းဘူး၊ ခုနသင်ပေးထားတာလုပ်လေ"

"ဟုတ်ကဲ့ မေမေ"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"နွယ် အရှေ့ပိုင်းတာဝန်ယူလိုက်"

"ဟုတ်၊ ချို အနောက်ကိုထိပါစေ"

"စိတ်ချ၊ ဖိနပ်ဦးမှာ စတီးကပ်ပြီး သံချွန်လေးတွေထည့်ထားတာ"

"ဒီကဖိနပ်ဒေါက်ကလဲ သံခွာပါနွယ်ရဲ့ ကဲ"

"ဟင် နွယ် နွယ် ကိုယ်နော် ကိုယ်"

ထူးနိုင်က အခြေအနေရိပ်မိပြီး ဒူးကိုခွင် ပေါင်ကိုစေ့ပြီး ဘာမှမလုပ်ရသေးခင် ကုန်းရှောင်သည်။ သို့သော် သူ့အန္တရာယ်ကို သူမမြင်။ တကယ့်အန္တရာယ်က အနောက်က

"ဟိုင်းယား"

ပြေးလာသောခြေသံ။ သူမျက်လုံးပြူးသွားသည်။

"ဟင် ချို ချို မလုပ်"

တားမြစ်စကား။ မမီတော့။ ပေါင်ခွကြား မြောက်တက်လာသော ဒေါက်ဖိနပ်အနက်။

"ယာစ်"

"ဖောက်"

"ဒွပ်"

"အု"

မည်သို့လုပ်လိုက်သည်မသိ။ ထူးနိုင်မှာ နားထင်ကြောကြီး ထောင်ပြီး မျက်လုံးတွေပါ နီရဲသွားသည်။

"အားလားလား"

ညည်းညူသံပင် တိုးတိုးလေး။ ချက်ကောင်းထိသွား၍ ညည်း



www.burmeseclassic.com

www.burmeseclassic.com



ရမှာပင် ရှက်သွားပုံပေါ်သည်။ မတော်ရာကို ပြန်စမ်းကြည့်နေစဉ်မှာပင် လှပသောမျက်နှာလေး။

"နွယ် နွယ်ရယ်"

ပြုံးပြုံးလေးမို့ နာပေမယ့် ခဏတော့ သည်းခံလိုက်သေးသည်။ အနောက်ကထိထား၍ လူကကော့ကော့လေးဖြစ်နေ၏။

ဒါကို နွယ်က

"ချိုရေ"

"ရှင် နွယ်"

တစ်ယောက်တည်းနဲ့ အလုပ်ဖြစ်တဲ့နည်း စဉ်းစားမိလို့"

"ဟုတ်လား၊ ဘယ်လိုလဲ"

နှစ်ယောက်သား အတိုင်အဖောက်တွေ ညီနေသည်၊ အနောက်မှအမေနဲ့ အဒေါ်ကလဲ ပန်းခြံထဲ ဆုံတွေ့ကြသလိုပင်။ ခုံတန်းလေးမှာ အေးအေးဆေးဆေးထိုင်ပြီး

"ဥပုဒ်စောင့်တော့ ဘယ်ကျောင်းစောင့်လဲ"

"ရပ်ကွက်မြောက်ဖက်က ကျောင်းလေးလာခဲ့ပါလား"

ဆိုပြီး တရားဓမ္မအကြောင်းတွေ ဆွေးနွေးနေ၏။

"တို့ကတော့ အင်္ဂုလိမာလဇာတ် အကြိုက်ဆုံးပဲ၊ လက်ညှိုးဖြတ်တာလေ"

ထိုစကားကြားတော့ ထူးနိုင်ထအော်မိသည်။

"လက်ညှိုး၊ လက်ညှိုးနဲ့တူတာလေးတောင် မရှိတော့ပါဘူးဗျာ၊ ဟီးဟီး"

သူငိုသံလဲကြားရော မြရီနွယ်အမေက

"ဟဲ့ နွယ်ကလေး ငိုနေပြီလုပ်ပါဦး"

ဆိုတော့ ဟိုကလဲ

"ဒီမှာကြည့် ချို"





"ဟုတ်ကဲ့ နွယ်"

ဟိုကလဲ တကယ်ကြည့်သည်။ ထူးနိုင်ပင် ကြောင်ပြီးလိုက်ကြည့်မိသည်။

"ဟောဒီလိုမျက်နှာချင်းဆိုင်ဆိုရင် ဟောဒီညို့သကျည်းတို ဒေါက်ဖိနပ်နဲ့ ဟောဒီလိုဆောင့်ကန်"

"ဒုတ်"

"အား"

ရုတ်တရက်ခံလိုက်ရ၍ ထူးနိုင် ခြေတပေါင်ကျိုးနှင့် ခုန်ဆွခုန်ဆွဖြစ်ပြီး အနောက်လှည့်သွားသည်။

"အားလားလား၊ ကျိုး ကျိုးပါပြီ၊ ညို့သားကျိုးကျိုးပါပြီ"

သူလဲ တစ်ဖက်လှည့်သွားရော နွယ်က

"တွေ့လား၊ ခြေတပေါင်ကျိုးနဲ့ ဟိုဖက်အလှည့်မှာ ဟောဒီလိုဖိနပ်ဦးနဲ့ပြေးပြီး"

"ဂွတ်"

"အုဖ်"

ထူးနိုင်တစ်ကိုယ်လုံး ကော့တက်သွားပြီး အံကိုကြိတ်ထားမိသည်။ အော်ချင်တာတောင် မအော်အား။ မေးကျောကြီးထောင်ပြီး ကွနေမိသည်။ ဒါကို သူတို့က

"နွယ်ရေ"

"ရှင် ချို"

"ဒီပုံစံမျိုး မှတ်မိသွားလောက်အောင် ရှေ့နောက်ရှယ်တင်လိုက်ရအောင်"

"ကောင်းတာပေါ့ချိုရဲ့၊ ကဲ တစ် နှစ် သုံး"

ပြိုင်တူပြေးလာသော မိန်းကလေးနှစ်ယောက်။ ထူးနိုင် [illegible] မှိတ်၍ အလိုလိုနေရင်း လက်မြှောက်လိုက်မိသည်။ မျက်[illegible]သဲ

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်၊ နှပ်နှင့် ဇောချွေးများ နှုတ်မှတိုးတိုးလေး ညည်းမိသည်။

"နှယ်ချို"

ထို့နောက်

"ဖောင်း"

"ဒူ"

"ဇူ"

"အု"

လူက လေပေါ်အတောင့်လိုက်ကြီး မြောက်တက်သွား၏။ ဒေါက်ဖိနပ်နှစ်ရန်ကလဲ သူနှင့်အတူ လေထဲလွင့်ပါလာသည်။ ဖိနပ်နံပါတ်တွေက အတူတူ။ အနီတစ်ဖက်၊ အနက်တစ်ဖက်။ အမျိုးအမည်မဖော်ပြတတ်သော ခံစားမှုမျိုး သူခံစားရ၏။ အသေအချာကြည့်မိမှ လေထဲလွင့်ပါလာသော ကြက်မောက်သီးနှစ်လုံး။ ဘယ်ကဘယ်လို လေထဲလွင့်ပါလာမှန်း သူမစဉ်းစားတတ်။ သိလိုစိတ်နှင့် လေထဲ သူလိုက်ဖမ်းကြည့်သည်။ သို့သော် မမီတော့။ လူက လေထဲအကျ။ ကြက်မောက်သီးအတက်မို့ လက်လှမ်းမမီ။ သို့သော် မပြီးသေး။ ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော ကျီးကန်းနှစ်ကောင်က ထိုကြက်မောက်သီးကို ထိုးသုတ်သွားသည်။

"အား အား"

ထူးနိုင် မျက်လုံးပြူးပြီး

"ဟာ ပါ၊ပါသွားပြီ"

သူ့အော်သံကို အမြင်ကတ်၍ထင့်။ ကျီးကန်းတစ်ကောင်က သူ့မျက်နှာပေါ် ပလစ်ခနဲ အင်အင်းပါချသွားသေး၏။

ရလိုရငြား လက်နှစ်ဖက်ဆန့်ပျံကြည့်သေး၏။ မရတော့။ အတောင့်လိုက်ကြီး ပြန်ပြုတ်ကျလာသည်။

"ဖောက် ဖောက်"





ဘာတွေပြုတ်ကျကုန်သည်မသိ။ ကြည့်လိုက်တော့ ကြက်မောက်သီးအခွံနှစ်ခု။ ထူးနိုင် မျက်လုံးပြူးသွားသည်။

"ဟင် အစေ့ အစေ့မရှိတော့ဘူး"

အစေ့များက ကျီးကန်းတွေ ဝါးသွားပြီ။ ထူးနိုင် မျက်ရည်ပြိုက်ခနဲဖြစ်သွားသည်။ ကျီးကန်းချေးပေနေသောမျက်နှာကို ပင့်သုတ်လိုက်သည်။ သူ့ဘာသာသူ ပြန်စမ်းသည်။

"သေချာသွားပြီ"

အစေ့လွတ် ကြက်မောက်သီးနှစ်လုံး။ ဝါးခနဲပင် လန့်မအော်မိ။ နှမြောတသကြီးစွာဖြင့် ကြိတ်၍သာ ရှိုက်နေမိသည်။ အမြတ်တနိုးထားရာ။ ရှာမတွေ့တော့။ ကျီးကန်းစာဖြစ်လိမ့်မည်ဟု ဘယ်သောအခါမှ မတွေးမိခဲ့။

မျက်စိကတော့ ပယ်နေလေပြီ။

"ဒုတ်"

"အွတ်"

"ပေါင်ကွေးသွားပြီ၊ ကွေးသွားပြီ၊ ဟိုဖက်လှည့်"

"ဟဲ့ အနောက်နည်းနည်းဆုတ်ပါဦးဟဲ့"

"ဟုတ် အန်တီ"

"ပြေး"

"ယား"

"ဇူ"

"အား အား အား"

သိပ်တော့မခံစားရတော့။ အစေ့လွတ်သွားပြီကိုး။ ဤသို့ဖြင့်. .

× × ×

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ယောက္ခမနိုင်နိုင်
ချက်ကောင်းကိုကိုက်ထားပိုင်
နင်တို့သားမက်တော့ ရှုံးရှုံး
အမွေးကတုံးနဲ့ ကိုယ်တုံးလုံး ။

× × ×



တောမီးရသေ့တစ်ပါးရှိပါသည်။ သူ့ကို မတ်ရပ်ရသေ့ဟု ခေါ်ပါသည်။

ဘယ်တော့မှ ထိုင်လျက်မမြင်ဘူးကြ။ မြင်သည့်အခါတိုင်း မတ်တတ်သာ မြင်ကြရ၏။ တစ်ခါတစ်ရံ ကင်းမြီးကောက်ထောင်လျက်ကြီးလဲ တွေ့ရပါသည်။

တစ်ခါတစ်ရံလဲ ခါးလောက်ထိ ရေစိမ်ပြီး ကြည်နူးနေတတ်ပါသည်။

အချို့က ယောဂကျင့်စဉ်ဟု ဆိုကြပါသည်။

ထိုရသေ့သည် ဘယ်သောအခါမှ မြို့ဖက်ခြေဦးမလှည့်။ တောသို့သာ လှည့်လည်၍ နေတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုသူများကန်တော့လျှင်ပင် ထွက်ပြေးတတ်ပါသည်။ သူ၏ပြေးပုံမှာလဲ ထူးဆန်းပါသည်။ ရပ်သောအခါ မသိသာသော်လည်း ပြေးလျှင် ခြေနှစ်ဖက်မှာ တစ်ဖက်နှင့်တစ်ဖက် အတော်ခြား၍ ကားနေတတ်ပါသည်။

မတ်ရပ်ရသေ့မှာ တွေ့ရခဲ့သည်မှာ မှန်ပါသည်။ သို့သော် တောထဲမှာတော့ ထိုရသေ့ရှိကြောင်း လူတိုင်းယုံကြည်ကြပါသည်။

လေးစားစွာကြိုးစားလျက်
ဒဂုန်တာရာ

BURMESE CLASSIC .com



www.burmeseclassic.com